
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


ပြည်ထောင်စု မပြိုကွဲရေး — နို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — နို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — နို့အရေး

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော
ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ
ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း
ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍
စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်
နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊
အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး





www.burmeseclassic.com

www.burmeseclassic.com







## အခန်း[၁]

ကားပေါ်မှ ဆင်းသည်နှင့် ရွှေမုဋ္ဌောဘုရားလမ်း အတိုင်း သူ လျှောက်လာခဲ့သည်။ မွန်းတည့်နေက ပူလာသဖြင့် ဆောင်းထားသောဦးထုပ်အား ရှေ့အနည်းငယ် ငိုက်လိုက်သည်။

လမ်းတွင် တွေ့ရသော ကွမ်းယာဆိုင်တစ်ဆိုင်ကို ဝင်ပြီး အိတ်ထဲမှ စာရွက်ကို ထုတ်ကာ မေးမြန်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"အိမ်နံပါတ် ရာကျော်ဆို ဘယ်နားလောက်မှာလဲ ခင်ဗျ"

"လမ်းဆုံးလောက်မှာ ရှိမယ်"

ဆိုင်ရှင်က သူ့အား အကဲခတ်လျက် တုံ့ပြန်လိုက်သည်။ သူ့ပုံပန်းကို ကြည့်ပြီး စူစမ်းနေသလို ရှိသည်။ မျက်နှာ စိမ်းမို့ ထင်ပါသည်။

ဂျင်းအင်္ကျီအပြာ၊ ဂျင်းဘောင်းဘီအပြာဝတ်စုံကို ဝတ်လျက် ဦးထုပ် ခပ်ငိုက်ငိုက် ဆောင်းထားသည့် သူ့စတိုင်သည် ဂျလေဘီပုံစံ ပေါက်နေ၍လား။

"ဟူး. . . နေကလဲ ပူလိုက်တာ" ဟု ညည်းတွားလိုက်သည်။

ထို့နောက် အိတ်ထဲမှ နေကာမျက်မှန်ကို ထုတ်တပ်လိုက်သည်။

"ကျေးဇူးပဲဗျာ. . . လျှောက်လိုက်ဦးမယ်"

ကွမ်းယာဆိုင်ရှင်အား နှုတ်ဆက်ကာ ဆက်လျှောက်လိုက်သည်။

အင်း. . . ငါ့ပုံစံက နိုင်ငံမှားရောက်လာတဲ့ ထောင့်မကျိုးတဲ့ပုံစံ ပေါက်နေလား မသိပါဘူး၊ သူ့စိတ်တွင်းမှ တွေးရင်း ဆက်လျှောက်နေသည်။

လမ်းဆုံးကာ တမျှော်တခေါ် အိမ်နံပါတ်တွေ ကြီးလာသည်။ လိပ်စာထဲက နံပါတ်ကို တွေ့လေသည်။

"ဟော. . . တွေ့ပြီ"

ခြံပေါက်ဝတစ်ခုရှေ့သို့ ရောက်လျှင် သူ ရပ်လိုက်၏။

"ဟုတ်တယ်. . . ဒီအိမ်ပဲ"

အိမ်လေးက သီးပင်စားပင်များအလယ် ခေတ်မီစွာ ဆောက်ထားသည်။ အိမ်ရှေ့၌လည်း ပန်းမျိုးစုံတို့ ရောင်စုံဖူးပွင့်နေကြသည်။ ခြံတံခါကတော့ သံဆူးချွန်များနှင့် ခိုင်ခန့်စွာ ပြုလုပ်ထားသော သံတံခါးဖြစ်သည်။

သူ အိမ်ပေါက်ဝသို့ လှမ်းမျှော်ကြည့်လိုက်သည်။ လူအရိပ်အယောင် မတွေ့ရ။ ဒါကြောင့် အသံမြှင့်ကာ အော်ခေါ်လိုက်သည်။

"ဗျို့. . . အိမ်ရှင်တို့. . . အိမ်ရှင်တို့"

အိမ်ထဲမှ မည်သည့်တုန့်ပြန်သံကိုမျှ မကြားပါချေ။ သူ စိတ်ပျက်စွာ တီးတိုးရေရွတ်လိုက်မိသည်။

"လူမှ နေရဲ့လား မသိဘူး"

"ဘာရှင့်"

"ဗျာ"

ရုတ်တရက် သူ့အနီး ခြံအတွင်းမှ မိန်းမပျိုတစ်ဦး၏ အသံက ပေါ်လာသဖြင့် သူ လန့်သွားသည်။

တကယ့်အလန်းလေးပါလား၊ အမှန်တကယ်တော့





www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျိုက ခြံဝအနီး ပန်းခြံတစ်ခုကို ကွယ်လျက် ထိုင်ရင်း ပေါင်းသင် မြက်နှုတ်နေသဖြင့် သူမက သူ၏ရေရွတ်ညည်းတွားသံကို ကြားပြီး မကျေမနပ်သံနှင့် ရန်တွေ့လိုက်ခြင်းသာ ဖြစ်သည်။ သူက ပြေရာပြေကြောင်း လေပြေသွေးလိုက်သည်။

"မသိပါဘူးဗျာ. . . ကျွန်တော်က ခေါ်လို့မရဘူး၊ လူမနေဘူး မှတ်ပြီး ပြောလိုက်တာပါ၊ ခြံတံခါးလေးဘာလေး ဖွင့်ပါဦးဗျာ"

သူမက မျက်မှောင်ကြုတ်ကာ သူ့အား ခြေဆုံးခေါင်းဆုံး အကဲခတ် ကြည့်ရှုနေသည်။

"ရှင့်ကို ကျွန်မမှ မသိဘဲ. . . မဖွင့်နိုင်ဘူး၊ ခုခေတ်ကြီးမှာ ကိုယ်မသိတဲ့ တစိမ်းတစ်ယောက်ကို တံခါးဖွင့်ပေးလောက်အောင် ကျွန်မ မအ,ဘူး"

မျက်လုံးနက်နက်ကလေးများကို စူးစိုက်ကြည့်ရင်း သူ့အား မယုံသင်္ကာနှင့် တုန့်ပြန်လိုက်သဖြင့်. . .

"ဟော့. . . ဒီမှာ၊ မင်းတို့ အိမ်ရှင်နဲ့ တွေ့ဖို့ လာခဲ့တာ၊ ကျုပ် လူကောင်းပါဗျ"

မိန်းမပျိုက မဲ့ပြုံးပြုံးလိုက်ရင်း. . .

"ရှင့်မျက်နှာမှာ လူကောင်းဆိုတဲ့တံဆိပ် ပါမလာဘူး၊ ရှင် အိမ်မှားလာတာ ထင်တယ်၊ ရှင့်ကို ကျွန်မ တစ်ခါမှ





မသိဘူးရှင့်"

သူကလည်း စိတ်တိုနေပြီမို့. . .

"ဟာ. . . မင်း တော်တော်စကားကြောရှည်တာပဲ၊ မင်း အိမ်ရှင်ကို သွားခေါ်. . . မြန်မြန်လေး"

သူ၏စိတ်မရှည်သလို အပြောကြောင့် မိန်းမပျို မျက်နှာနီရဲသွားပြီး. . .

"ရှင်က ဘယ်သူ့ကို တွေ့ချင်တာလဲ"

"ကေသီဝမ်း"

"ရှင်. . ."

သူမ၏အံ့အားသင့်သွားသော အမူအယာကြောင့် သူက စိတ်ပျက်သွားပြီး. . .

"ဘာလဲ. . . ဒီအိမ်မှာ ကေသီဝမ်း မရှိဘူးလား"

ဟု ပြန်လည်မေးလိုက်သည်။

မျက်ခုံးလေးများ တွန့်ပြီး လေသံမာမာဖြင့် ဖြေသည်။

"ကျွန်မပဲ"

"ဗျာ"

သည်တစ်ခါ အံ့ဩရသူက သူကိုယ်တိုင် ဖြစ်သွားသည်။

"ရှင့်မှ ကျွန်မ မသိတာကို၊ ဘယ်နှစ်ခါ ပြောရမလဲ"

"ကျုပ်ကို မသိလဲ ကိုခန့်ညားကိုတော့ မင်းသိမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ. . . ကိုခန့်ညား ဟုတ်လား"

"ဟုတ်တယ်. . . ကိုခန့်ညားပဲ၊ သူ့ကိစ္စနဲ့ ကျုပ်လာခဲ့တာပဲ"

မျက်လုံးနက်များ ဝိုင်းစက်နေသည့် မိန်းမပျိုအား သူပြောလိုက်သည်။ သည်တော့မှ မိန်းမပျိုက သူ့အား တံခါးဖွင့်ပေးသည်။ သူမက လက်ဖဝါးပေါ်တွင် ပေကျံနေသော မြေကြီးမှုန့်များကို ခါချလိုက်ပြီး. . .

"ဆိုစမ်းပါအုံး. . . ဘာကိစ္စများလဲ"

သူက အိတ်ထဲမှ စာရွက်ကလေးတစ်ရွက်ကို ထုတ်ပြလိုက်သည်။

မိန်းမပျိုက စာရွက်ကလေးကို ဖြန့်ဖတ်လိုက်သည်။

BURMESE CLASSIC .com

ကေသီဝင်း

ကျုပ်. မင်းရှာဖွေခိုင်းထားတဲ့ ငွေကြေးကို အသက်စွန့်ပြီး ရှာဖွေပေးလိုက်ပါတယ်. . .၊ မင်းကို ဘယ်လောက်ချစ်သလဲဆိုတာ သက်သေပြဖို့ပါ။

နှလုံးသွေးခုန်သမျှ ချစ်နေမယ့်

ခန့်ညား

လက်ရေးမှာ မပီမသနဲ့ တွန့်တွန့်ကွေးကွေးလေးတွေ





ဖြစ်၏။

သူက စာဖတ်ပြီးတော့ လုံးချေပစ်လိုက်သည်။ သူက သူမ အပြုအမူကြောင့် အံ့ဩသွားရသည်။

"ဟင်. . . မင်း ဘာလုပ်လိုက်တာလဲ"

"ချေမွပစ်လိုက်တာလေ. . . ဘာဖြစ်လို့လဲ"

သူမက မည်သို့မျှ မခံစားရသလို ပြန်မေးသည်။

"မင်းက နှလုံးသားမရှိတဲ့ မိန်းမပဲ၊ မင်းကြောင့် ယောကျ်ားတစ်ယောက် အသက်ဆုံးခဲ့ရပြီ၊ ဒါတောင် မင်းက မတုန်မလှုပ် နေနိုင်တယ်ဗျာ"

"အို. . . သူဆုံးပြီလား၊ ဝမ်းနည်းစရာပဲ. . ဟင်း. . ဟင်း"

သူမ၏ခံစားမှုမဲ့သည့် အမူအရာကြောင့် အလွန်တရာ ခံပြင်းသွားသည်။

"မင်းဟာ အင်မတန် ကြောက်စရာကောင်းတဲ့မိန်းမပဲ၊ မင်းရဲ့ပယောဂကြောင့် လူတစ်ဦး သေဆုံးသွားတာကို နည်းနည်းလေးမှ ဝမ်းမနည်းဘူး၊ မြွေဟောက်လို မိန်းမ"

သူက စိတ်ပေါက်ပေါက်နှင့် လက်ညှိုးထိုးပြီး ပြောလိုက်မိသည်။

"ရှင် ကျွန်မပိုင်နက်ထဲ ဝင်ပြီး မစော်ကားပါနဲ့၊ သူ့ကို ကျွန်မမှ မချစ်ပဲ၊ မချစ်လို့ မဖြစ်နိုင်တဲ့ငွေကြေးကို ရှာဖွေခိုင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ၊ ကျွန်မ မချစ်မနှစ်သက်တဲ့သူ သေဆုံးတာကို ကျွန်မက ကြေကွဲဝမ်းနည်းနေရမှာလားရှင့်၊ လူမှုရေးအရ စကားနဲ့ ဝမ်းနည်းပြီးပြီ၊ မျက်ရည်ကျပြီး အမူအရာနဲ့ ဟန်ဆောင်ဝမ်းမနည်းနိုင်ဘူး"

သူမကလည်း ကက်လန်အောင် ရန်ပြန်တွေ့လိုက်ပါသည်။

"တောက်. . ."

သူက နာကြည်းစွာ တောက်ခေါက်လိုက်ပြီး. . .

"ကိုခန့်ညားက မင်းကို ဘယ်လောက်ချစ်တယ်ဆိုတာ မသေခင်က တဖွဖွ ပြောဖူးတယ်၊ သေခါနီးတော့လဲ မင်းအတွက် သူ ရှာဖွေပေးထားတဲ့ငွေတွေကို မင်းဆီကို အရောက်ပို့ပေးဖို့ တောင်းပန်ရှာတယ်၊ ဒါပေမယ့် မင်းအပေါ် ချစ်တဲ့ ကောင်းတဲ့သူတစ်ယောက်ကို မင်းမို့ ပစ်ပစ်ခါခါ ပြောရက်တယ်. . . ဟင်း၊ ငါနဲ့ ဆွေမျိုးမတော်စပ် ပထမဆုံး သိတဲ့သူမို့ မင်းသက်သာသွားတယ် မှတ်ပါ၊ ဒီလူ ရှာဖွေထားတဲ့ငွေတွေကို မင်းလိုမိန်းမမျိုးကို ပေးဖို့တောင် မကောင်းဘူး. . . နားလည်လား"

"ဟင်း. . . ကျွန်မလိုမိန်းမကလည်း မလိုချင်သေးဘူးရှင့်၊ မချစ်လို့ မဖြစ်နိုင်တာကို တမင်ပြောလိုက်တာရလေ၊ သူ့မှာ ငွေကြေးပြည့်စုံလာရင်လည်း စိတ်မကူးသေးဘူး၊





ကျွန်မကိုယ်တိုင် ချစ်နေမိလို့ကတော့ ဆင်းရဲလို့မကလို့ တောင်းစားနေတဲ့သူ ဖြစ်ပါစေ၊ ကျွန်မက လက်ထပ်မှာပဲ၊ အဲဒါကို ရှင်နားလည်လား"

"တော်စမ်းပါ. . . ဒီလောက် အသည်းမာတဲ့ မင်းလိုမိန်းမမျိုးက ဘယ်လိုယောက်ျားကိုမှ ကောင်းကျိုးပေးမယ့်မိန်းမ မဟုတ်ဘူး၊ မြွေဟောက်လို မိန်းမ"

"ရှင် လွန်လာပြီနော်၊ ကျွန်မခြံထဲ ဝင်ရောက်ပြီး ကျွန်မကို စော်ကားနေတာလား၊ ကျွန်မ အော်ပစ်လိုက်မယ်၊ ဘာမှတ်လဲ"

သူမက မျက်နှာကြီး ရဲတွတ်လျက် ဒေါသနှင့် ပြန်အော်သည်။

"မင်းခြံကို ငါ ကျူးကျော်တာ မဟုတ်ဘူး၊ ခွင့်တောင်းပြီး ဝင်လာတာကွ၊ ငယ်သံပါအောင် အော်ဟစ်လို့မက အာခေါင်ကွဲအောင် အော်လည်း အရေးမစိုက်ဘူး. . . သိလား"

သူကလည်း စိန်ခေါ်လိုက်ရာ မိန်းမပျိုက ရုတ်တရက် သူမ၏လက်ဝါးကို လွှဲမြှောက်ပြီး လွှဲရိုက်ပစ်လိုက်သည်။

"ဗွိုး. . ."

"ဖြောင်း"

သူက ပါးပေါ် မရောက်မီ အမျိုးသမီး၏လက်အား လက်ကောက်ဝတ်မှ ဆုပ်ဖမ်းတားဆီးလိုက်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟေ့ . . . ဟေ့ . . . နေကြပါဦး"

ခြံဝသို့ ကားတစ်စီး ထိုးရပ်လာပြီး ကားပေါ်မှ အော်ဟစ်တားဆီးလိုက်သံ ကြားရသည်။

လူကြီးတစ်ယောက် ကားထဲမှ ပြေးထွက်လာပြီး သူတို့နှစ်ယောက်ရှေ့သို့ ရောက်ချလာသည်။

"မင်း ဘယ်သူလဲကွ၊ ဒါ ငါ့သမီးပဲ . . . လက်လွှတ်လိုက်ပါ"

လူကြီးက သူ့အား စေ့စေ့ကြည့်လျက် ပြောလိုက်သည်။

"သူ့လက်ကို လွှတ်လိုက်တာနဲ့ ကျွန်တော့်ကို ရိုက်မှာပေါ့ဗျ"

"ဟာ . . . ဘယ်လိုဖြစ်ကြတာတုန်း၊ အဖေ့ကိုလည်း ပြောစမ်းပါဦး သမီးရဲ့၊ ကဲ . . . ငါ့တူ လက်လွှတ်လိုက်ပါ၊ မောင်ရင့်ကို မရိုက်စေရပါဘူး . . . ဟုတ်လား"

ဖခင်၏အာမခံမှုကြောင့် သူ မိန်းမပျို၏လက်ကို လွှတ်ပေးလိုက်သည်။ လူကြီးက သူ့မျက်နှာကို စိုက်ကြည့်ပြီး ရုတ်တရက် မေးလိုက်သည်။

"ငါ့တူရဲ့မျက်နှာကို ကြည့်ရတာ တစ်ချိန်က ရင်းရင်းနှီးနှီး ဦးမြင်ဖူးနေတဲ့ မျက်နှာမျိုးကွဲ့၊ မင်းက ဘယ်ဇာတိလဲ"

"မော်လမြိုင်ကပါ"




BURMESE CLASSIC .com

"ဟေ . . . မော်လမြိုင်က ဟုတ်လား၊ မိဘတွေက ရော"

"ဦးမင်းသန့်နဲ့ ဒေါ်နှောင်းနွဲ့ပါခင်ဗျာ"

"ဟား . . ဟား . . ဟား . . ဟား"

ရုတ်တရက် ကျယ်လောင်စွာ ရယ်မောလိုက်သော လူကြီး၏အပြုအမူကြောင့် သူရော မိန်းမပျိုပါ အံ့အားသင့်သွားကြသည်။

"လက်စသတ်တော့ မောင်ရင်က မင်းသန့်ရဲ့သားကိုး၊ ငါ့တူရဲ့ဖခင်ဟာ ဦးနဲ့ တစ်ချိန်တုန်းက အလွန်ရင်းနှီးတဲ့ မိတ်ဆွေတွေပဲ၊ ဦးနာမည်က ဦးဝမ်းမောင်ပါ"

"ဟုတ်ကဲ့ပါ ဦး၊ ဖေဖေ့ဆီက ပြောသံတော့ ကြားဖူးသလိုပါပဲ"

"ကွဲကွာသွားခဲ့ကြတာလည်း ကြာပြီပဲကွယ်၊ မင်းတို့အရွယ်လေးကတည်းကပဲ"

မိန်းမပျိုက မျက်စောင်းထိုးလိုက်သည်။

"ဒါကြောင့်မို့ ဒီရုပ်ကို မြင်ဖူးနေတယ်လို့ ထင်တာ၊ ကဲကဲ . . အိမ်ထဲ ဝင်ကြ"

ငယ်စဉ်ထဲက သူ့အား ဖခင်နဲ့ တူသည်ဟု ပြောဆိုကြသည်အား သတိရသည်။

လူကြီးက ရှေ့မှ ဝင်ရောက်သွားသဖြင့် သူတို့နောက်


www.burmeseclassic.com

www.burmeseclassic.com



မှ လိုက်ပါလာသည်။ သူ့အား မကျေမနပ် ကြည့်နေသော ကေသီဝမ်းဆိုသည့် မိန်းမပျိုအား သူ ရွှဲ့ပြီး တမင်ရီပြလိုက်သည်။

သူမက မကျေမနပ်ဖြင့် နောက်မှ လိုက်ပါလာသည်။

အိမ်ထဲ ရောက်သော် သူ့အား နေရာပေးပြီး လူကြီးက. . .

"ကဲ. . . သမီးရေ ဧည့်သည်အတွက် တစ်ခုခု လုပ်စမ်းပါဦး"

"ဘာသောက်မှာလဲ"

ကေသီဝမ်းက ခပ်ဆတ်ဆတ်လေး မေးရာ. . .

"ဟဲ. . ဟဲ. . သံပုရာရည်အေးအေးလေး ရမလား"

"မရဘူး"

"ဒါဖြင့် အချိုရည်ဘူးရော ဘာရှိလဲ"

"ဘာမှ မရှိဘူး"

"အအေးပုလင်း"

"ဟင့်အင်း. . ."

"ဒါဆို ရေခဲရေတော့ ရမယ်ထင်တယ်"

"မီးပျက်နေတယ်"

"ဒါဆို ရိုးရိုးရေတစ်ခွက်ပဲ ပေးပါ"





မိန်းမပျိုက လှည့်ထွက်သွားသည်။

"အပူတစ်ခုခု သောက်ပါလား ငါ့တူ"

"ရေငတ်လာလို့ပါ ဦး. . . ရပါတယ်"

ကေသီဝမ်းက ဖန်ခွက်ကြီးနှင့် ရေတစ်ခွက် ယူလာသည်။

"ကျေးဇူးပဲ"

သူမက မျက်မှောင်ကြုတ်လိုက်သော်လည်း မည်သို့မျှ မတုန့်ပြန်။

လူကြီးက ဖော်ရွေစွာ ပြုံးလျက် မေးမြန်းလိုက်သည်။

"မင်းမိဘတွေကော နေကောင်းကြရဲ့လားကွဲ့"

"ကွယ်လွန်ကုန်ကြပါပြီ"

"အို. . . ဟုတ်လား"

လူကြီးက စိတ်မကောင်းစွာနှင့်. . .

"အေးလေ. . . တို့များလည်း ကွဲကွာသွားတာ ကြာလှပြီပဲ၊ မင်းသန့်က ငယ်ငယ်တည်းက ချူချာတယ်"

"ဟုတ်ပါတယ် ဦး၊ ဖေဖေက အရင်ဆုံးတာပါ၊ မေမေကတော့ ဖေဖေနဲ့ လေးနှစ်လောက် ခြားပြီးမှ ဆုံးတာပါခင်ဗျာ"

"အင်း. . . အသက်တွေလည်း မငယ်တော့ဘူး၊ ဦးဇနီးလည်း လွန်ခဲ့တဲ့ငါးနှစ်လောက်တုန်းက ဆုံးသွားတယ်၊



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ဦးတောင် ကိုယ့်ကျန်းမာရေးကို ဂရုထားနေရတယ်လေ၊ ဦးတို့မှာလည်း အဖေတစ်ခု သမီးတစ်ခု ရှိတာ"

သူက မိန်းမပျိုကို လှမ်းကြည့်ပြီး. . .

"ကျန်းမာရေးကောင်းတုန်း စိတ်ချရတဲ့သူ တွေ့ရင် သမီးကို အိမ်ထောင်ချပေးလိုက်ပေါ့ ဦးရဲ့၊ ဒါမှ ဦးလည်း နောက်ဆံမတင်းရမှာ"

"ဦးသမီးက အပျိုကြီး လုပ်မယ့်ဇာတာ ပါလားတော့ မသိဘူး၊ ခုထိ အကြိုက်မတွေ့သေးဘူး၊ ဦးကလဲ သမီး နှစ်သက်တဲ့သူ တွေ့မှ သူ့စိတ်ကြိုက် အိမ်ထောင်ပြုစေချင်တာလေ၊ သူ မနှစ်သက်တဲ့သူနဲ့ အတင်းနေရာမချထားပေးချင်ဘူး၊ ဦးနှစ်သက်တဲ့သူ တွေ့တော့လည်း သူက မကြိုက်ဘူးလေ"

ကေသီဝမ်းက သူ့ကို မျက်စောင်းထိုးလေသည်။

သူက လူကြီးတစ်ဦး အမူအရာနှင့် လူဇာတ်ကြီး လုပ်ပြီး ပြောဆိုနေသည်။

"မိဘက ကောင်းမယ်ထင်လို့ ရွေးချယ်ပေးတာပဲ၊ လက်ခံရမှာပေါ့ ဦးရာ၊ လူကြီးတွေက လူငယ်တွေထက် လူရေးလူရာတွေ ပိုနားလည်တာပဲ၊ သူတို့ကြိုက်တိုင်း ဘယ်လက်ခံလို့ ဖြစ်မှာလဲ၊ မသင့်တော်တာနဲ့ တွေ့ရင် ကိုယ်ကျိုးနည်းမှာ ဦးရဲ့"





"သိပ်ဟုတ်တာပေါ့ ငါ့တူရာ၊ ဦးသမီးက ခေါင်းမာတယ်ကွဲ့၊ ရိုးသားပြီး သမီးကို ချစ်တဲ့သူကိုလည်း သူက ပြန်မကြိုက်နိုင်ဘူးတဲ့လေ"

ကေသီဝမ်းမှာ သူမအား အတို့အထောင် လုပ်နေသော သူ့အား မျက်မှောင်တွန့်လျက် စိုက်ကြည့်နေလေသည်။

"ကိုခန့်ညားများလား ဦးရဲ့"

BURMESE CLASSIC .com

လူကြီးမှာ ဆတ်ကနဲ ဖြစ်သွားပြီး အံ့ဩသောမျက်နှာနှင့် သူ့ကို မေးလာသည်။

"ငါ့တူ မောင်ခန့်ညားကို သိလို့လားကွဲ့"

"သိတာပေါ့ ဦးရဲ့၊ အင်မတန် ရိုးသားပြီး ကြိုးစားတဲ့လူတစ်ယောက်ပါ၊ သူ့ရဲ့ကိစ္စနဲ့ ဒီကို ကျွန်တော် ရောက်ရှိလာတာပါ၊ ဦးသမီးက မချေမငံ ဆက်ဆံလို့ ဖြစ်နေကြတာလေ"

"ဘာမချေမငံ ဆက်ဆံတာလဲ၊ ရှင် သူများအိမ်ထဲ ကျူးကျော်ပြီးတော့ စော်ကားမော်ကား ပြောတာကျတော့ ရော မပြောဘူးလား"

လူကြီးက ရယ်မောပြီး ပြန်ဖြေလေသည်။

"တော်ပါတော့ သမီးရယ်၊ တစိမ်းတွေမှ မဟုတ်တာ"

"ကျွန်တော် ခွင့်တောင်းပြီး ခြံထဲ ဝင်လာတာလေ. . .



www.burmeseclassic.com

www.burmeseclassic.com



ဒါကိုပဲ"

"ကျွန်မက သူများတကာရဲ့ဥစ္စာငွေကြေးတွေကို အချောင်လိုချင်တဲ့စိတ်ထား မရှိဘူးရှင့်. . . နားလည်လား"

"ဘယ်လိုကိစ္စတွေ ဖြစ်နေလို့လဲကွဲ့၊ ဦးကိုလည်း ပြောပါအုံး"

လူကြီးက သူ့အား မေးမြန်းလာသဖြင့် သူကလည်း လာရင်းကိစ္စကို အကျိုးအကြောင်း အသေးစိတ် ရှင်းပြလိုက်လေသည်။

"အင်း. . . စိတ်မကောင်းစရာပါလား ငါ့တူရယ်၊ ခမျာ သမီးအတွက်နဲ့ အသက်ပါ စွန့်သွားရရှာတာကိုး"

"အဲဒါ ပြောတာပေါ့ ဦး၊ ကိုယ့်ကြောင့် တစ်ဖက်သား ခမျာ သေဆုံးသွားတာ လေးလေးနက်နက် ရှိသင့်တာပေါ့"

"မှန်တာပေါ့ ငါ့တူရာ"

"အိုး. . . သူ့ဘာသာသူ မခံချင်စိတ်နဲ့ ကြိုးစားခဲ့တာပဲ၊ သမီးနဲ့ ဘာဆိုင်လို့လဲ၊ သံယောဇဉ် မရှိလို့ အစထဲက ငြင်းခဲ့ပြီးသားပဲဟာ၊ သူ တိုးတက်ကြီးပွားအောင် တမင်ပြောလိုက်တာပဲ ရှိတယ်၊ ဒါကလဲ စေတနာနဲ့ပါ၊ သူ ရှာဖွေစုဆောင်းခဲ့တဲ့ငွေတွေကို မက်မောလို့ ပြောတာမဟုတ်ဘူး"

သူမက ခါးခါးသီးသီး တုန့်ပြန်နေခဲ့သည်။

"ဒါဆို ကျွန်တော့်ကို အပ်ထားတဲ့ ကိုခန့်ညားရဲ့ငွေ





တွေ ကျွန်တော် ဘယ်လိုလုပ်ရမလဲ"

လူကြီးက မျက်မှောင်ကြုတ် စဉ်းစားနေရာမှ ရုတ်တရက် ပြောလိုက်သည်။

"မောင်ခန့်ညားရဲ့ဆွေမျိုးတစ်ဦးဦးကို ရှာဖွေပေးလိုက်ပါလား. . . မကောင်းဘူးလားကွဲ့"

"ဟုတ်တယ် ဦး၊ သူ တစ်ခါတစ်လေ ပြောဖူးတယ်၊ သူ့မှာ ညီမလေးတစ်ယောက် ရှိတယ်တဲ့၊ သံဖြူဇရပ်ဘက်မှာ အိမ်ထောင်ကျနေတယ်လို့ ပြောတာပဲ"

သူက ကေသီဝမ်းအား မသိမသာ လှမ်းကြည့်ရာ သူမက တစ်ဖက်သို့ လှည့်သွားလေသည်။

"ဒါနဲ့ ငါ့တူက ဘာတွေလုပ်နေလဲ ပြောစမ်းပါဦးကွဲ့"

"ကျွန်တော်က ကိုခန့်ညားနဲ့ အတူတူ အလုပ်လုပ်ခဲ့တာပါ၊ သူ့လောက်တော့ မစုဆောင်းမိပါဘူး၊ ဒါပေမယ့် လုပ်ငန်းတစ်ခုခုကို ပြည်တွင်းမှာ လုပ်ဖို့ ရည်ရွယ်ထားပါတယ်"

"အိမ်း. . . ကောင်းတာပေါ့ကွယ်၊ လိုအပ်တာရှိရင်လည်း ဦးကို ပြောပါ၊ မိတ်ဆွေ မင်းသန့်ရဲ့သားဆိုတော့ ကူညီရမယ့်တာဝန် ဦးမှာ ရှိတယ်၊ ဒါနဲ့ ငါ့တူနာမည်လည်း ပြောပါဦး"

"ရှင်းသန့်ပါ ဦး"



www.burmeseclassic.com

www.burmeseclassic.com

မိန်းမပျို နှာခေါင်းရှုံ့လိုက်သည်ကို သတိထားလိုက်မိသည်။

"ကဲပါ . . သမီးလည်း မှတ်ထားဦး၊ တစိမ်းတွေမှ မဟုတ်တာ၊ စတွေ့တုန်းက မပြေလည်း ဖြစ်တာတွေကို မေ့လိုက်တော့၊ ဦးသမီးနာမည်က ကေသီဝမ်းတဲ့၊ မောင်ရှင်းသန့်လည်း သိပြီး ဖြစ်မှာပါ"

လူကြီးက သူတို့နှစ်ယောက်အား စေ့စပ်ဖြန့်ဖြေကာ မိတ်ဆက်ပေးလေ၏။

"လူချင်း မတွေ့ဖူးပေမယ့် ကေသီဝမ်းဆိုတဲ့နာမည်ကို ကိုခန့်ညားဆီက ကြားဖူးနေတာ ကြာပါပြီ ဦး၊ လူချင်းတွေ့ပြန်တော့လည်း မမှတ်မိစရာ မရှိပါဘူး၊ ဟဲ . . . ဟဲ"

သူ၏စကားတွေက အနှောင့်အသွား မလွတ်သဖြင့် ကေသီဝမ်း နှုတ်ခမ်းစူထားလေသည်။

"ကဲ . . ကဲ . . မောင်ရှင်းသန့်ကလည်း သမီးကို စနေပြန်ပါပြီ၊ သမီးက ဆတ်ဆတ်ကျဲကျဲ၊ လက်မြန်ခြေမြန်လဲ ရှိလို့ လိုက်ရှင်းရတာလဲ မနည်းဘူး၊ ယောကျ်ားလေးတွေလည်း သူ့လက်ချက်က မလွတ်ဘူးကွ၊ ဟား . . ဟား . . ဟား"

ဦးဝမ်းမောင်က သူ့သမီးအကြောင်းကို ပြောပြသောအခါ သူ ပခုံးတွန့်လိုက်ပြီး . . .

"ဒါဆို လမ်းမှာ တွေ့ရင်တောင် နှုတ်ဆက်ရမှာ လန့်





နေပြီ၊ ဝေးဝေးက ရှောင်မှ အန္တရာယ်ကင်းမယ် ထင်တယ် ဦး၊ ဟား . . ဟား . . ဟား"

"အကောင်းဆုံးပဲ"

သူမက ကြားမှ ဖြတ်ပြောလိုက်သည်။

သူက ရယ်မောလျက် မတ်တတ်ရပ်လိုက်သည်။

"ဟော . . . ပြောရင်းဆိုရင်း အခြေအနေ ဆိုးလာပြီ ဦးရေ၊ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦးခင်ဗျာ၊ ဟဲ . . ဟဲ"

ဦးဝမ်းမောင်က ရယ်မောရင်း . . .

"လူကြီးမိဘတွေက မိတ်ဆွေရင်းတွေဖြစ်ပြီး လူငယ်တွေက ခွေးနဲ့ကြောင်လို ဖြစ်နေကြရင် မကောင်းဘူးဟေ့"

ဟု ပြောကြားရာ သူက ဦးအောင်ပင် . . .

"ကျွန်တော်က ကြောင်"

"ကျွန်မက ခွေးဆိုရင် ရှင့်ကို ခုလို ဧည့်ခန်းထဲမှာတောင် လူလိုသူလို ထိုင်နေရမှာတောင် မဟုတ်ဘူး၊ ခြံဝကို ကားရပ်တာနဲ့ ကိုက်လွှတ်ပြီးပြီ"

"တွေ့လား ဦး၊ စိတ်ချလက်ချ လွှတ်မထားနဲ့ဦး၊ ကျွန်တော် လာတုန်းက စည်ပင်သာယာခွေးတွေ လိုက်ရှင်းတဲ့ကားတွေ့ခဲ့တယ်ဗျ၊ ဟား . . ဟား . . ဟား"

သူက ထိုသို့ပြောပြီး ချာကနဲ လှည့်ထွက်ခဲ့လေသည်။ အနိုင်နှင့် ပိုင်းခဲ့သည့်သဘော၊ သူမထံမှ မည်သို့မှ မတုန့်ပြန်



www.burmeseclassic.com

www.burmeseclassic.com

နိုင်မီ အပြင်သို့ ရောက်ခဲ့ပြီ မဟုတ်ပါလား။

ခြံတံခါးဝသို့ ရောက်လုလုတွင် နောက်မှ အသံကြားသဖြင့် လှည့်ကြည့်လိုက်ရာ မျက်လုံးပြူးပြီး သုတ်ခြေတင်ရတော့သည်။ ခွေးကြီးကား အစွယ်ဖွေးဖွေး။

"ဝုတ်. . ဝုတ်. . ဝုတ်. . ဝုတ်"

သူမက အိမ်ပေါက်ဝမှ သံကြိုးတစ်ချောင်း ကိုင်လျက် ကျေနပ်အားရစွာ ရယ်မောနေသည်ကို တွေ့ရလေသည်။







# အခန်း ၂

ရှင်းသန့် ကေသီဝမ်းနှင့် တွေ့ဆုံရသည့် အကြောင်းရင်းနှင့် ဆက်နွယ်ကာ အတိတ်ကို ပြန်လည်မြင်ယောင်လာသည်။

တိုင်းတစ်ပါးတွင် အလုပ်သွားလုပ်ရသည့် ကိစ္စကလွယ်လွယ်ကူကူတော့ မဟုတ်၊ အချိန်နှင့်အမျှ ရှာဖွေနေနိုင်ကာမှ စုမိဆောင်းမိ ရှိပြီး တိုင်းတစ်ပါးသို့ လာရကြိုးနိုင်သည်။


www.burmeseclassic.com

www.burmeseclassic.com



အင်ဒိုနီးရှားသို့ အလုပ်လာလုပ်သော မြန်မာများထဲတွင် ကိုခန့်ညားလောက် ကြိုးစားအလုပ်လုပ်သူကို မတွေ့ဖူးပေ။

ရှင်းသန့်သည် အဝတ်လဲလှယ် ဝတ်ဆင်နေသည့် ကိုခန့်ညားကို အံ့ဩစွာ ငေးကြည့်နေမိသည်။

"ကိုခန့်ညား. . . ခင်ဗျား နေမကောင်းဘူး မဟုတ်လား၊ အလုပ်ဆင်းနိုင်လို့လား၊ ဒီနေ့တော့ နားလိုက်ပါဗျာ"

သူက စိတ်မချမ်းမသာဖြင့် စိုးရိမ်စွာ တားလိုက်မိသည်။

ကိုခန့်ညားသည် သူ၏တိုက်တွန်းမှုအား ခေါင်းခါပြရင်း. . .

"နားလို့မဖြစ်ဘူး ရှင်းသန့်၊ မင်းသိတဲ့အတိုင်း တစ်ရက်ပျက်တာနဲ့ ဘောနပ်စ်က ပြုတ်သွားမှာ"

"ဟာ. . . ကိုခန့်ကလည်း. . . ပြုတ်ပစေပေါ့ဗျာ၊ ကျန်းမာရေးထက် ဘာအရေးကြီးလို့လဲ၊ ကျန်းမာရင် အလုပ်လုပ်ပြီး ငွေကို အချိန်မရွေး ရှာနိုင်ပါတယ်ဗျာ"

"ငါ့အဖို့တော့ ငွေလိုတယ် ရှင်းသန့်၊ ခန္ဓာလုပ်ရှားနိုင်သေးသရွေ့တော့ အလုပ်ပျက်မခံနိုင်ဘူးကွာ"

ဟု ပြောကာ ကိုခန့်ညားက အခန်းထဲမှ ထွက်သွားလေသည်။

"အင်း. . . ဒီလူတော့ ဒုက္ခရောက်ဦးတော့မှာပဲ"





သူက စိတ်ပျက်သံနှင့် ညည်းညူရင်း ကျန်ရစ်ခဲ့သည်။

တကယ်တော့ သူနှင့် ကိုခန့်ညားတို့မှာ မြန်မာပြည်နှင့် ဝေးရာ တိုင်းတပါးတွင် လာရောက် အလုပ်လုပ်နေသူများဖြစ်ရာ ညီကိုရင်းတမျှ ခင်မင်ရင်းနှီးနေကြသည်။ တိုင်းတပါး၌ ဖွင့်ဟ တိုင်ပင်စရာဆိုလို့ မြန်မာပြည်မှ မိသားစုအခက်အခဲ ကိုယ်ရေးကိုယ်တာများကို ဖွင့်ပြောတိုင်ပင်မိသည်။

ကိုခန့်ညား သူ အလွန်မြတ်နိုးချစ်ခင်သည့် မိန်းကလေးတစ်ဦးကြောင့် ဤရေခြားမြေခြား တိုင်းတစ်ပါးတွင် လာရောက်လုပ်ကိုင် ငွေရှာခဲ့ခြင်းသာ ဖြစ်သည်။

"ငါက သူ့ကို အင်မတန် ချစ်တာကွ၊ သူနဲ့ငါ နီးစပ်ဖို့က ဒီတစ်နည်းပဲ ရှိတော့တယ်၊ ငါ့ချစ်သူက ဆင်းရဲမှာ အလွန်ကြောက်တယ်၊ မပြည့်စုံဘဲ အိမ်ထောင်ပြုရမှာ ဝန်လေးတယ်၊ အရာရာ ပြည့်စုံမှ လက်ထပ်ခြင်းအမှုကို နိုင်မယ်လို့ အတိအလင်း ကြေညာထားတယ်လေ၊ ယောက္ခမကြီးက ငါ့ကို ကြည့်ပါတယ်. . . ဟဲဟဲ"

"ဒါဖြင့် ခင်ဗျားက မိန်းမယူဖို့ အသဲအသန် ရှာဖွေနေတာပေါ့. . . ဟုတ်လား"

"ဒါပေါ့ကွ"

သူက မျက်မှောင်ကုတ်လျက် စဉ်းစားနေရာမှ မေးမိ



www.burmeseclassic.com

www.burmeseclassic.com



ပြန်သည်။

"ကိုခန့်ရဲ့မိဘမောင်နှမတွေကရော"

ရှင်းသန့်မေးခွန်းကြောင့် ကိုခန့်ညားရဲ့မျက်နှာမှာ ညှိုးလျော်သွားရသည်။

"ငါက တစ်ကောင်ကြွက်ကွ၊ ညီမလေးတစ်ယောက်တော့ ရှိတယ်၊ သူလည်း အိမ်ထောင်ကျပြီး ငါနဲ့ အဆက်အသွယ် ပြတ်သွားတာ ကြာပြီ"

"ဘယ်မှာတဲ့လဲ"

"သံဖြူဇရပ်ဘက်မှာပဲ"

ရှင်းသန့်က ကိုခန့်ညားရဲ့အကြောင်းကို နားထောင်ပြီး ပြုံးလိုက်မိသည်။ တကယ်တော့ ကိုခန့်ညားမှာ သူ့ထက် လေးငါးနှစ်လောက် ကြီးသူဖြစ်သည်။ စကားပြော အေးဆေးပြီး စိတ်ရှည်သူတစ်ယောက်လည်း ဖြစ်သည်။ အားနာခွင့်လွှတ်တတ်ပြီး သူ့အပေါ်တွင်လည်း ငဲ့ညှာ အနွံတာခံလေသည်။

"မင်းက ငါ့ထက် ငယ်တဲ့သူပဲကွ၊ ဒီနေ့လဲ အခန်းစောင့် ကျန်ရစ်တယ်ပေါ့ ဟုတ်လား"

တစ်ခါတစ်ရံ နှစ်ယောက်သား အပြင်ထွက်ရန် တိုက်ဆိုင်နေပါက ကိုခန့်ညားမှာ အလျှော့ပေးပြီး ရှင်းသန့် မူးပြီး ပြန်လာလျှင်လည်း သူပဲ သည်းခံပြုစုရလေသည်။ မူးမူးနှင့်





အန်ချလာသည်များကိုလည်း စိတ်ရှည်လက်ရှည် သန့်ရှင်းသုတ်သင်ပြီး အိပ်ယာထဲသို့ ပို့ဆောင်ပေးလေ့ရှိသည်။

ပြင်ပအပေါင်းအသင်းလည်း နည်းပါးသဖြင့် ငွေကြေးအကုန်အကျလည်း မရှိသလောက် နည်းပါးလေသည်။

ရှင်းသန့်ကမူ လူမျိုးစုံအား ပေါင်းသင်းသည့်အပြင် အပျော်အပါးကလည်း ရှိသောကြောင့် အမှားအယွင်းများ ရှိသည်ကိုလည်း စိတ်မကွက်ဘဲ ခွင့်လွှတ်တတ်သည်။

ပြီးတော့ သူ၏ မိဘမောင်နှမ မဲ့ခြင်းတို့အပေါ်လည်း ကိုယ်ချင်းစာနာ နားလည်မှု ရှိသည်။

"ငါက တစ်ကောင်ကြွက်၊ မင်းက အထီးကျန်၊ တို့နှစ်ယောက်က ဘဝသမားတွေပဲ၊ တိုက်တိုက်ဆိုင်ဆိုင် လာပြီး သူများနိုင်ငံမှာ တွေ့တတ်တယ်နော်"

သို့ဖြင့် သူတို့နှစ်ဦးမှာ သံယောဇဉ်ကြီးစွာ ထိုနိုင်ငံတွင် အတူနေထိုင်ဖြစ်ကြသည်။

သို့ရာတွင် သူနှင့် ကိုခန့်ညားတို့ မတူညီသည်ကတော့ ရှိသည်။ သူက လုပ်ခထဲမှ စားသင့်သည်ကိုစား၊ သုံးသင့်သည်ကို သုံးကာ အားလုံး စုဆောင်းသင့်သည်ကို စုဆောင်း၏။

ကိုခန့်ညားကမူ သူကဲ့သို့ မဟုတ်၊ စားလည်းမစား၊ သုံးလည်းမသုံး၊ စုဆောင်းဖို့သာ အဓိကဖြစ်ပြီး နှမြောတတ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့ကြောင့် ကိုခန့်ညားက စုမိဆောင်းမိ ရှိလေသည်။

ဖျားနာနေခဲ့သော်လည်း အထူးကု ဆရာဝန်များနှင့် မပြဘဲ ချိုးခြံချွေတာ နေခဲ့လေသည်။

"ကိုခန့်ရယ်. . . သေသေချာချာ ကုလိုက်ရင် ခင်ဗျား ဝေဒနာတွေ ပျောက်ပါတယ်"

"ငွေတွေ အများကြီး ကုန်မှာပေါ့ကွ၊ စုထားတဲ့အထဲက အလျော့မခံနိုင်ဘူး"

"ဟာ. . . ငွေပဲ၊ ရှာရင် ရမှာပေါ့ဗျာ၊ နှမြောမနေစမ်းပါနဲ့"

"ရှာရင် ရမှန်းတော့ သိတာပေါ့ကွ၊ အချိန်တွေ အများကြီး ထပ်ကုန်ဦးမှာ၊ ငါ့မှာ လုံလောက်တဲ့ငွေ မြန်မြန်ရပြီး ပြန်ချင်ပြီ၊ ကေသီဝမ်းကိုလည်း အရမ်းသတိရတယ်၊ ပြန်ရင် သူနဲ့ လက်ထပ်တော့မှာကွ"

ထိုအချိန်ကတည်းက "ကေသီဝမ်း" ဆိုသော နာမည်ကို သူ စတင်ကြားကာ ရင်းနှီးခဲ့လေသည်။

ထိုအခါ ကရုဏာဒေါသများ ဖြစ်ရသည်။

"အဲဒီမိန်းကလေးကို မရခင် ကိုခန့်ညား ရှောသွားမှာတော့ မစိုးရိမ်မိဘူးလားဗျာ"

"ငါ သူ့ကို မရသေးပဲနဲ့ မသေနိုင်ပါဘူးကွာ၊ ဟဲ. . . ဟဲ"





မသေနိုင်ပါဘူးဆိုသည့် အသံက တိုးတိမ်စွာ ဖြစ်နေရှာသည်။ ရှင်းသန့် ထင်မိသည့်အတိုင်းပင် ကံကြမ္မာဆိုးက ကိုခန့်ညားကို မျက်နှာသာ မပေးခဲ့ပေ။

ရှင်းသန့် ခေါ်ဆောင်လာပေးသော ဆရာဝန်က ခေါင်းခါပြီး ဝမ်းနည်းစကားဆိုသည်။

"ဆောရီးပဲဗျာ. . . ခင်ဗျားသူငယ်ချင်းကို ဝမ်းနည်းစွာ စွန့်လွှတ်ရတော့မယ်၊ ငှက်ဖျားပိုးက ခင်ဗျားသူငယ်ချင်းကို အနိုင်ယူသွားပြီ၊ အချိန်သိပ်မကျန်တော့ဘူး"

"ဗျာ. . ."

ကိုခန့်ညားကိုယ်တိုင်ကလည်း ရိပ်မိသည်ထင်သည်။ အားနည်းတိုးလျစွာ သူ့ကို မှာကြားလေသည်။

"ရှင်းသန့်. . . အစ်ကို့ကို ကူညီပါကွာ"

"ပြောပါ အစ်ကိုရယ်"

"ငါ. . . ငါ့သေတ္တာထဲမှာ သူ့အတွက် ရည်ရွယ်ပြီး စုဆောင်းထားတဲ့ငွေတွေ ရှိတယ်၊ သူ့ဆီ ရောက်အောင် ပို့ပေးစေချင်တယ်၊ ကူညီပေးပါကွာ. . . စိတ်ချပါရစေ"

"စိတ်ချပါ ကိုခန့်ညားရာ၊ ကျွန်တော် သူ့လက်ထဲ ရောက်အောင် ထည့်ပေးပါ့မယ်"

ရှင်းသန့်က လူနာစိတ်ချမ်းသာစေရန် လျင်မြန်စွာ ကတိပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ငါ. . ငါ့ကို စာရွက်နဲ့ ဘောလ်ပင် ပေးပါ"

သူ ချက်ချင်းယူပေးလိုက်သည်။

ကိုခန့်ညားကား ဖော့နှင့် စာတစ်စောင်အား အားတင်းပြီး ရေးရှာသည်။

"သူ့ကို ငွေတွေနဲ့အတူ . . ဒီ . . ဒီစာကို ပေးလိုက်ပါနော်"

"ဟုတ်ကဲ့. . ."

ထို့နောက် သော့ကို ရှင်းသန့်လက်ထဲသို့ ထည့်ပေးလိုက်သည်။

"ငါ. . . ငါ. . သူ့ကို သေတဲ့အထိ သတိရနေတယ်လို့ ပြောပေးပါကွာ"

"စိတ်ချပါ အကိုရယ်"

သူ မျက်ရည်ဝဲစွာဖြင့် ပြန်ကြားမိ၏။ လူတစ်ယောက်၏ချစ်ခြင်းကိုလည်း အံ့ဩမိလေသည်။

ကိုခန့်ညား သေဆုံးခါနီးအချိန်အထိ သတိရခြင်းကို ခံရသည့် မိန်းကလေးမှာလည်း မည်သည့်မိန်းကလေးမျိုးဖြစ်ပါသနည်း။ သေချာသည်ကတော့ အလွန်ကံကောင်းစွာ ချစ်ခြင်းခံရသည့် မိန်းမသားတစ်ဦးပင်။ ကေသီဝမ်းဆိုသည့် မိန်းမကို သူ တွေ့ချင်ခဲ့သည်။

"ငါ. . . ငါ. . . ငါ. . . သွားပို့ရမယ့် သူ့ရဲ့လိပ်စာ





ကို နောက်ကျောမှာ ရေးပေးထားတယ်"

"တွေ့ပါတယ် အစ်ကို၊ ကျွန်တော်. ရောက်အောင် သွားပို့ပေးပါ့မယ်. . . စိတ်ချပါ"

"မင်း. . မင်း. . မင်းကိုလည်း နှုတ်ဆက်ခဲ့ပါတယ်"

ကိုခန့်ညား၏ သူ့လက်ဖဝါးအား ဆုပ်ကိုင်ထားသောလက်မှာလည်း တဖြည်းဖြည်း ပြေလျော့ကျသွားရှာသည်။

"ကိုခန့်. . . ကိုခန့်ရေ"

သူက ခေါ်သော်လည်း မကြားနိုင်တော့ပြီ။

အချစ်သမားကြီး ကိုခန့်ညားတစ်ယောက် တစ်ပြည်တစ်ရွာတွင် ကွယ်လွန်ရှာခဲ့ပြီ။

"ဒီလောက်တောင် ချစ်ရသတဲ့လားဗျာ"

သူက မကျေမနပ်နှင့် ပေါက်ကွဲရေရွတ်မိလေသည်။

"ကိုခန့်ညား အင်မတန်ချစ်တဲ့ ကေသီဝမ်းဆိုတဲ့မိန်းမဆီကို ကျွန်တော် အရောက်သွားပေးပါ့မယ်ဗျာ"

ကိုခန့်ညား အသက်ပေး၍ စုဆောင်းရှာဖွေပေးထားသောငွေများက အတက်ချိကေ့စ်နှင့် တစ်လုံးပါလား။

ထို့နောက် သူလည်း မကြာမီ မြန်မာပြည်သို့ ပြန်ခဲ့လေပြီ။

သူ. . . ကိုခန့်ညားကို ပေးခဲ့သည့်ကတိကို တည်


www.burmeseclassic.com

www.burmeseclassic.com



အောင် ထိန်းခဲ့ပါသည်။

ကေသီဝမ်းကို တွေ့ခဲ့ပြီ။

ကိုခန့်ညားအတွက် ကေသီဝမ်းဆိုသော မိန်းမကို မကျေမနပ် ဖြစ်ခဲ့ရသော်လည်း သူ့ရင်ထဲမှာတော့ ကေသီဝမ်းနှင့် ပတ်သက်၍ ထူးခြားသော ခံစားချက်တစ်ခုက သူ့နှလုံးသားကို ဖြတ်သန်းစီးဆင်းသွားပါလား. . .။







## အခန်း(၃)

သံဖြူဇရပ်ဘက်ရှိ ရွာလေးတစ်ရွာသို့ ရှင်းသန့် ရောက်ရှိသွားခဲ့သည်။ မိသန်းနုဆိုသော အမျိုးသမီးကို တွေ့ရန်ဖြစ်သည်။ ကိုခန့်ညား၏ကွဲကွာနေခဲ့ရသောနှမလေးပင်။ ရှင်းသန့်တို့နှင့် ရွယ်တူလောက်ပင်။ အခြေအနေကတော့ ဆင်းဆင်းရဲရဲ။

အိမ်ထောင်ဘက်က ရိုးရိုးသားသား လယ်သမား တစ်ဦးဖြစ်၏။ လင်မယားနှစ်ဦးစလုံး ခန့်ညားအမည်ကို မသိ၊ ရွာမှာ ရှိစဉ်က အမည်မှာ နိုင်ရွှေတင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ခန့်ညားဆိုသည့်အမည်မှာ မြို့ရောက်တော့မှ သူ့ဘာသာသူ ပေးထားသောနာမည်ဖြစ်သည်။

"ခန့်ညားဆိုတဲ့နာမည် ပြောင်းတာ ကျွန်မ ဘယ်သိမှာလဲနော်၊ အစ်ကို့နာမည် နိုင်ရွှေတင်ဆိုတာပဲ သိတာလေ၊ အစ်ကိုနဲ့ ကွဲသွားတာလဲ ကြာပြီလေ၊ ကျွန်မ (၁၃)၊ (၁၄)နှစ်သမီးလောက်ကတည်းကဆိုတော့. . . အခု ကျွန်မ ကလေးသုံးယောက်တောင် ရနေပြီ. . . ဟင်း"

တောသူတောင်သားပီပီ ပွင့်လင်းရိုးသားသူတွေ ဖြစ်သည်။ သူ့ခင်ပွန်း လယ်သမားကြီးမှာ ရှင်းသန့်အား အထူးအဆန်းသဖွယ် ငေးမောကြည့်နေလေသည်။ အရွယ်ကတော့ ကိုခန့်ညားတို့လောက်ပင် ရှိသည်။

ရှင်းသန့်က ပုသိမ်မှ ကေသီဝမ်း၏ဇာတ်လမ်းကို ချန်ကာ ခန့်ညားအကြောင်းကို ပြောပြရလေသည်။

"ကျွန်တော်က ခန့်ညားနိုင်တင်ရွှေရဲ့ အရင်းနှီးဆုံးမိတ်ဆွေပါ၊ သူနဲ့ကျွန်တော် အင်ဒိုနီးရှားမှာ အလုပ်အတူတူလုပ်ရင်း တစ်ယောက်အကြောင်းတစ်ယောက် သိထားကြတာပါ၊ သူရော ကျွန်တော်ရော တစ်ကောင်ကြွက်တွေမို့လို့ အင်မတန် ခင်ကြပါတယ်. . . ညီအစ်ကိုလိုပါပဲလေ"

"ဟုတ်ကဲ့"

သူတို့လင်မယားက တုတ်တုတ်မှ မလှုပ်၊ သူ၏





စကားများကိုသာ နားထောင်နေကြရှာသည်။ သူတို့ ကလေးတွေကလည်း မျက်လုံးဝိုင်းဝိုင်းပြူးပြူးလေးတွေနှင့် ငေးမောနေကြသည်။ အိမ်ဆိုသည်မှာလည်း တဲသာသာ။

"ကိုနိုင်တင်ရွှေက အဲဒီနိုင်ငံမှာပဲ ငှက်ဖျားရောဂါနဲ့ ကွယ်လွန်သွားရှာခဲ့ပါပြီဗျာ"

"ရှင်. . ."

ဖြုန်းကနဲ ပြောပြလိုက်မိသော သူ့စကားကြောင့် မိသန်းနုသည် အံ့ဩမင်သက်သွားရာမှ ဝမ်းနည်းစွာ ငိုကြွေးရှာတော့သည်။

"ဒါပေမယ့် ကိုခန့်ညားက သူ မသေမီ ကျွန်တော့်ကို မှာခဲ့ရှာပါတယ်၊ သူနဲ့ ငယ်ငယ်ကတည်းက ကွဲကွာသွားခဲ့တဲ့ ညီမလေး မိသန်းနုကို ရှာပြီး သူ ရှာဖွေစုဆောင်းထားတဲ့ငွေတွေကို ပေးဖို့ပါ"

ငိုကြွေးနေသော မိသန်းနု၏မျက်ရည်များနှင့်မျက်နှာတွင် အံ့ဩမှုတို့ ထပ်ဆင့်ပေါ်ပေါက်လာကြသည်။ အံ့ဩလွန်း ဝမ်းသာလွန်းသည့်မျက်နှာ။

"ဟောဒီမှာ ကိုနိုင်တင်ရွှေ ပေးခိုင်းခဲ့တဲ့ သိန်းတစ်ရာငါးဆယ်တိတိ"

"ဟင်. . ."

"အို. . ."



www.burmeseclassic.com

www.burmeseclassic.com



သူတို့မိသားစုရှေ့သို့ အတက်ချိုကေ့စ်ကို ဖွင့်ပြလိုက်ရာ မိသားစုအားလုံး၏မျက်လုံးအစုံတို့သည် ငွေထည့်ထားသောအိတ်ထဲသို့ ရောက်ရှိသွားသည်။

"ဒီ. . . ဒီငွေတွေကို ကျွန်မတို့ကို ပေးခဲ့တာ ဟုတ်လားဟင်"

မိသန်းနုမှာ အလွန်ဝမ်းသာဝမ်းနည်းဟန်နှင့် မယုံသလို မေးမြန်းနေရှာပါသည်။

သူမတို့ ယခုအချိန်အထိ ဤမျှ များပြားလှသောငွေများကို တွေ့ဖူးခဲ့ကြသည် မဟုတ်၊ အိပ်မက်ပင် မမက်ရဲ။

"ဟုတ်ပါတယ်ဗျာ. . . ဒီငွေတွေဟာ သူ့နှမလေး မိသန်းနုကို နိုင်တင်ရွှေက ပေးခဲ့တဲ့ငွေတွေပါ"

"အစ်ကိုရေ. . . ကျွန်မတို့ ဆင်းရဲတဲ့ဘဝက လွတ်ပြီရှင်"

"အေးပါ. . . ငါလည်း ဝမ်းသာတာပေါ့ဟာ"

ဟု ပြုံးရွှင်စွာ အသံထွက်လာလေသည်။ သို့သော် သူတို့လင်မယားသည် ငွေသေတ္တာကို မည်သူမှ မကိုင်ရဲသေးချေ။ ထို့ကြောင့် ရှင်းသန့်က ငွေသေတ္တာကို ပြန်ပိတ်ပြီး သူတို့ဇနီးမောင်နှံထံသို့ ပေးလိုက်လေသည်။ သူ၏ရင်မှာလည်း ကြည်နူးပီတိဖြစ်ရလေသည်။

မိသန်းနုသည် သေတ္တာကို ကိုင်ပြီး မျက်ရည်များ





ပိုးပိုးပေါက်ပေါက် ကျနေပြန်သည်။ ယခုကျသောမျက်ရည်သည် ဝမ်းသာမှုကြောင့်လား ဝမ်းနည်းမှုကြောင့်လားဆိုသည်မှာ ကာယကံရှင်မှလွဲ၍ မသိနိုင်။

"အခုလို ကျွန်မတို့ကို လာရောက်ရှာဖွေပြီး ပေးတဲ့အစ်ကို့ကိုလည်း ကျေးဇူးတင်ပါတယ်၊ ငွေတွေ ရှာပြီးပေးခဲ့လို့ ကျွန်မတို့မိသားစု ဆင်းရဲတွင်းက ကယ်တင်ခဲ့တဲ့ အစ်ကိုနိုင်တင်ရွှေကိုလည်း ကျေးဇူးတင်ပါတယ်၊ ဝမ်းလည်း သာတယ်၊ ဝမ်းလည်း နည်းတယ်"

ကိုခန့်ညား၏ယောက်ဖကလည်း. . .

"သစ္စာရှိရှိ ခက်ခက်ခဲခဲ လာရောက်ရှာဖွေပေးခဲ့တဲ့ အစ်ကို့ကိုလည်း တို့များရဲ့ကျေးဇူးရှင်အဖြစ် တစ်သက်လုံး ကျေးဇူးတင်နေမှာပါ။ ကွယ်လွန်သွားတဲ့ နိုင်တင်ရွှေအတွက်လည်း ကောင်းမှုကုသိုလ်တွေ လုပ်ပေးရမယ်"

"အကောင်းဆုံးပေါ့ အစ်ကိုရယ်"

သူတို့မိသားစုလေးမှာ သူရောက်စနှင့် လုံးဝခြားနားကာ အပြုံးပန်းတွေ ဝေစည်နေသည်။

"တစ်ခုတော့ အကြံပေးပါရစေ၊ လက်ခံမယ်ဆိုရင်ပေါ့"

"ဘာများလဲ. . . ပေးပါကွယ်. . . ပေးပါ၊ ကျွန်မတို့ လက်ခံပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com

"တစ်ခြားတော့ မဟုတ်ပါဘူး၊ မမျှော်လင့်ဘဲ ရရှိတဲ့ အမွေ သို့မဟုတ် ငွေတွေကို ရင်းနှီးပြီး တိုးပွားအောင် စီးပွားရေးတစ်ခုခုတော့ လုပ်စေချင်ပါတယ်၊ ဒါမှလည်း ကလေးတွေရဲ့နောင်ရေး စိတ်အေးရမယ် မဟုတ်လားခင်ဗျာ"

လင်မယားနှစ်ယောက်စလုံး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ရှုလျက် မည်သို့ တုန့်ပြန်ရမည်ကို မသိ ဖြစ်နေရှာသည်။

"အစ်ကိုတို့က လယ်သမားတွေဆိုတော့ လယ်ပဲ စိုက်တတ်တယ်၊ တခြားစီးပွားရေးလုပ်ငန်းတွေ ရှိရင်တော့ အစ်ကိုတို့ပဲ လုပ်ပေးပါလို့ မေတ္တာရပ်ခံပါတယ်"

လယ်သမားကြီး မင်းသိုက်ထော်က ရိုးသားပွင့်လင်းစွာ ပြောရှာပါသည်။

"ခုတော့ ကျွန်တော့်မှာ ဘာလုပ်ငန်းမှ မရှိသေးပါဘူး၊ မကြာမီ အလုပ်တစ်ခု စလုပ်ဖို့တော့ ရှိပါတယ်၊ အဲ့ဒီအခါ ပြောပါ့မယ်၊ လောလောဆယ် ငွေတွေကိုတော့ ဘဏ်ထဲမှာ ထည့်ထားတာ စိတ်အချရဆုံးပဲ၊ လောလောဆယ် အသုံးလိုသလောက်ပဲ ယူထားပေါ့"

"သင့်သလို လုပ်ပေးပါ၊ ကျွန်တော်တို့လည်း အတူတူ လုပ်လို့ရမလား"

"ဧရာဝတီတိုင်းဖက်မှာပါ. . . စိုက်ပျိုးရေးပဲ ဖြစ်ဖြစ်





ရေထွက်ကုန်လုပ်ငန်းတစ်ခုခုတော့ လုပ်ဖြစ်မှာပါ၊ ကျွန်တော်ကလည်း တစ်ယောက်တည်းဆိုတော့ အဆင်ပြေမှာပါ"

"အဲ့ဒီအခါကျရင် ကျွန်မတို့လည်း ခေါ်ပါနော်"

"စိတ်ချပါ. . . အစ်မတို့လည်း ပူးပေါင်းလုပ်ကိုင်မယ်ဆိုရင် အမြန်ဆုံး အကောင်အထည် ပေါ်လာမှာပေါ့"

မိသန်းနုတို့ လင်မယားမှာ ရှင်းသန့်၏အကြံဉာဏ်များကြောင့် စိတ်ချမ်းမြေ့သွားကြသည်။

ရှင်းသန့် ရွာမှာ ရှိနေစဉ်အတွင်း မိသန်းနုတို့ လင်မယားသည် နိုင်တင်ရွှေအတွက် ကောင်းမှုကုသိုလ်တွေကို ရည်စူးပြုလုပ်ပေးလေသည်။ ရွာဦးဘုန်းကြီးကျောင်းမှာလည်း အလှူအတန်းကြောင့် ရွာသူရွာသားများဖြင့် စည်ကားလျက်ရှိလေသည်။

ရှင်းသန့် ရွာသို့ ရောက်ရှိလာပြီး မိသန်းနုတို့ လင်မယား လှူဒါန်းနိုင်သည်ဆိုပြီး ရွာသူရွာသားများကလည်း ရှင်းသန့်ကို သူဌေးလေးဟု ကျိုးနွံစွာ ဆက်ဆံကြလေသည်။

ရိုးသားသော ရွာသူရွာသားများနှင့် တစ်ပတ်ခန့် နေထိုင်ပြီး ရှင်းသန့် ပြန်လာခဲ့လေသည်။


www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၄)

နှစ်လခန့် ကြာသောအခါ ရှင်းသန့်သည် ဧရာဝတီတိုင်း ပြင်ခရိုင်ဘက်၌ အုန်းခြံ သီဟိုဠ်ခြံ စသည်ဖြင့် နှစ်ရှည်စိုက်ပျိုးရေးလုပ်ငန်းများအား စတင်လုပ်ကိုင်နိုင်ခဲ့သည်။ သူဝယ်ယူရရှိလိုက်သောခြံမြေမှာ ကျွန်းကလေးတစ်ကျွန်း သာသာခန့် ရှိမည့် ကျွန်းမြေရိုင်းလေးဖြစ်သည်။'

ပေါင်းပင်၊ မြက်ပင်၊ ခရောင်းပင်များနှင့် ပြွန်းတီးနေခဲ့သည်။ သူ စတင်သောလုပ်ငန်းများမှာ မြေရိုင်းများအား





မြေပြင်ရခြင်းဖြစ်သည်။ ဒေသခံ ရွာသားများအား ခေါ်ယူအသုံးချရလေသည်။ လူအင်အားနှင့် ဖိဖိစီးစီး လုပ်လိုက်သောအခါ သီဟိုဠ်ပင်များကို စတင်စိုက်ပျိုးနိုင်ခဲ့သည်။ သူက ဒေသခံထဲမှ ငယ်ရွယ်ပြီး ရိုးသားသစ္စာရှိပုံရသော လူငယ်များကို အမြဲတမ်း အလုပ်သမားများအဖြစ် ခေါ်ယူထားလေသည်။

သူ၏အလုပ်သမားများကိုလည်း ခြံထဲမှာပဲ နေစရာများ စီစဉ်ပေးထားလိုက်သည်။ သံဖြူဇရပ်မှ မိသန်းနုတို့ လင်မယားကိုလည်း ခေါ်ယူလိုက်လေသည်။

ရှယ်ယာအချို့ကိုလည်း ထည့်ဝင်စေသည်။

သွားလာရေးအတွက် ပဲ့ထောင်နှစ်စင်းနှင့် မီးစက်ရေတွင်းများဖြင့် ပြည့်စုံစေလိုက်သောအခါ ကျွန်းရိုင်းလေးမှာ သက်ဝင်လာလေတော့သည်။

တစ်ဖက်၌ ကျယ်ပြောသော ပင်လယ်ပြင်နှင့် ကျွန်းပေါ်မှ သစ်ပင်စိမ်းစိမ်းများက ပန်းချီကားသဖွယ် လှပနေ့တော့သည်။

စိုက်ပျိုးရေး အလုပ်သမားများမှာ အယောက်(၂၀)လောက်ရှိသည်။ ထို့အပြင် ကျောက်ကလပ်ဖက်တွင်လည်း ငါးလုပ်ငန်းတစ်ခုကို ထူထောင်ထားသေးသည်။ ငါးခြောက်လုပ်ငန်းကိုလည်း အကြီးအကျယ် လုပ်ရန် ရည်ရွယ်ထားလေ


www.burmeseclassic.com

www.burmeseclassic.com



သည်။ အဆောက်အဦးနှစ်လုံးကိုလည်း သိုလှောင်ရန် ဆောက်လုပ်ထားသည်။

ပုသိမ် ပြင်ခရိုင် ကျောက်ကလပ် တစ်နေရာနှင့် တစ်နေရာသို့ ပွဲထောင်များနှင့် ကူးလူးသွားလာနေသည်။

ရှင်းသန့်သည် လူယုံအဖြစ် မင်းသိုက်ထော်အား သတ်မှတ်ထားလေသည်။ တပည့်အဖြစ် ပြင်ခရိုင်ရွာသား စောအောင်ဘုကို ထားထားသည်။ စောအောင်ဘုကား အသက်(၁၈)နှစ်အရွယ်ရှိ ရိုးသားသောလူငယ်လေး ဖြစ်သည်။

သူကိုယ်တိုင်လည်း အလုပ်သမားများနည်းတူ တဲတစ်လုံးနှင့် နေထိုင်လေသည်။

လေးလခန့် ပင်လယ်ပိုင်းအလုပ်များနှင့် နှစ်မြုပ်နေလေသည်။ သူ့စိုက်ခင်းများသို့ မကြာခဏ လာရောက်တတ်သော တွဲဖက်ကျောင်းဆရာမလေး နော်အဲလာနှင့်လည်း ခင်မင်ရင်းနှီးခဲ့ရသည်။

မင်းသိုက်ထော်နှင့် မိသန်းနုတို့ လင်မယားကလည်း ဆရာမလေးကို လေးစားကြသည်။ ဆရာမလေးက သူတို့သားသမီး(၃)ဦး၏ဆရာမလည်း ဖြစ်သည်။

ကျွန်းပတ်ဝန်းကျင် ရွာကလေးတွင် ကျောင်းနေရွယ် ကလေး(၃၀)ခန့် ရှိသဖြင့် ဆရာမ နော်အဲလာက စေတနာ





ထားပြီး လာရောက်ပညာသင်ကြားနေခြင်းဖြစ်သည်။

ရှင်းသန့်က သူမအတွက် ပွဲထောင်နှင့် အကြိုအပို့ လုပ်ပေးရန် စောအောင်ဘုကို တာဝန်ပေးထားလေသည်။

သည်ကနေ့ သူက ကျောက်ကလပ်သို့ သွားရောက်ရန် ရှိသည်။ မိသန်းနု ပို့ထားသော ငါးကြော် ဗူးသီးဟင်းခါးနှင့် ထမင်းစားသောက်ပြီး တဲအတွင်းမှ ထွက်လာခဲ့လေသည်။

ဂျင်းဘောင်းဘီဒြပ် သားရေခါးပတ်ပြားကြီး ပတ်ကာ တီရှပ်အနက်ရောင်ကို ဝတ်ဆင်ထားသော ရှင်းသန့်မှာ ယောက်ျားပီသပြီး ကြည့်ကောင်းလှသည်။ ပြောစရာဆိုရှိ သည်ရောက်မှ ပင်လယ်လေရိုင်းနှင့် နေလောင်ဒဏ်တို့ကြောင့် အသားအရေမှာ နီမောင်းနေခဲ့သည်။

ဖိနပ်မှာ ဒူးရှည် ရော်ဘာဖိနပ်ကို စီးထားလေသည်။ ကျောက်ကလပ် ငါးခြောက်သိုလှောင်ရုံထဲသို့ ဝင်ရောက်ကြည့်ရှုရမှာ ဖြစ်သောကြောင့် ဖြစ်သည်။

သူက ပွဲထောင်ရှိရာ ကမ်းစပ်သို့ ဆင်းလာစဉ် . .

"ဆရာ ခဏ"

စောအောင်ဘု၏အသံကြောင့် နောက်သို့ လှည့်ကြည့်လိုက်သည်။ တပည့်ဖြစ်သူနှင့်အတူ ဆရာမလေး နော်အဲလာကို တွေ့လိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမက ပြုံးရွှင်သော မျက်နှာထားနှင့် နှုတ်ဆက်လိုက်ပြီး သူ့အနီးသို့ လျှောက်လာလေသည်။

"ဆရာနဲ့ လိုက်ချင်လို့တဲ့ ဆရာ"

"ရပါတယ်ဗျာ"

စောအောင်ဘုက လျှောက်လာရင်း ပြောလိုက်သည်။

"ဆီကုန်သက်သာအောင်လို့ ကိုရှင်းသန့်နဲ့ ပဲ့ထောင်ကြုံ လိုက်မလို့ပါ. . . ဖြစ်တယ်မဟုတ်လား"

"ဖြစ်ပါတယ် ဆရာမရဲ့. . . ပို့ပေးရမှာပေါ့"

စောအောင်ဘုက ကျန်ရစ်ခဲ့လေသည်။ နော်အဲလာ ပဲ့ထောင်ပေါ်သို့ ရောက်သည်နှင့် စက်နှိုးလိုက်လေသည်။

"ဝူး. . . ဝူး. . . ဝေါ"

ပဲ့ထောင်က ရှေ့ကို ဝုန်းကနဲ ပြေးထွက်သွားလေသည်။

ရေလှိုင်းများက ဘေးသို့ ဖြာထွက်သွားလေသည်။

"အမေ့"

ဆရာမလေး နော်အဲလာ၏ခန္ဓာကိုယ် ယိုင်ကျလာကာ ရှင်းသန့်ရင်ခွင်ထဲသို့ ရောက်သွားလေသည်။

ရှင်းသန့်လည်း နှစ်ယောက်စလုံး ရေထဲ ကျမသွားစေရန် ထိန်းလိုက်ရသည်။





"ဟား. . ဟား. . ဟား. . ဟား. . ဟား"

စောအောင်ဘုကမူ ရှင်းသန့်နှင့် နော်အဲလာတို့ ဝရုန်းသုန်းကား ဖြစ်သွားပုံကို ကြည့်ကာ ရယ်မောကျန်ရစ်ခဲ့လေသည်။

ပြင်ခရိုင်မှာ ကျောက်ကလပ် သွားလမ်းတွင် ရှိရာ ဆရာမလေးအား လမ်းတွင် ချပေးလိုက်ရုံသာ ဖြစ်သည်။

ပဲ့ထောင်လေးက ရေလှိုင်းများအား ခွဲလျက် အရှိန်ပြင်းစွာ ပြေးနှင်နေသည်။ နော်အဲလာက ရှင်းသန့်ကို ငေးကြည့်နေလေသည်။ သူက ပဲ့ထောင်ကို ထိန်းမောင်းနှင်နေသည်။ လေတို့က တဟူးဟူး တိုက်ခတ်နေရာ နော်အဲလာ၏ ဆံပင်တို့က လေတွင် လွင့်နေလေသည်။

"ကိုရှင်းသန့် တပည့်ကတော့ ကမ်းမှာ ဟားကျန်ရစ်ခဲ့ပြီ"

"ဒီကောင်က ပွင့်လင်းတယ်၊ ဟန်ဆောင်မှု မရှိဘူး"

"လျှောက်ပြောနေရင် ရှက်စရာကြီးလေ၊ တခြားသူတွေ နောက်ပြောင်မှာ စိုးတယ်"

"သူတို့ အဲဒီလို မလုပ်ကြပါဘူး၊ ဆရာမလေးအပေါ် လေးစားကြပါတယ်"

"သူတို့ နောက်ပြောင်နေရင် ကိုရှင်းသန့် ကျွန်မအပေါ် ဆက်ဆံရေး ကျဲသွားမှာစိုးလို့ပါရှင်"



www.burmeseclassic.com

www.burmeseclassic.com

"ဆရာမ အဲဒီစကားကို ကျွန်တော်က ပြောရမှာပါ ဆရာမလေးရယ်၊ ကလေးတွေကို စေတနာနဲ့ စာလာသင်ပြပေးနေတဲ့ ဆရာမစေတနာ အပျက်မခံနိုင်ပါဘူး"

"ကျွန်မကတော့ ကိုရှင်းသန့်အပေါ် ဘယ်တော့မှ စေတနာ မပျက်ပါဘူးရှင်"

"ကျွန်တော် ယုံပါတယ်၊ ဒီလိုနေရာမျိုးကို အခကြေးငွေပေးပြီး ခေါ်ရင်တောင် လာချင်တဲ့သူ မရှိဘူး၊ ဆရာမလေးကတော့ စေတနာနဲ့ လာခဲ့တဲ့သူမို့ ကျွန်တော်က ပိုတန်ဖိုးထားပါတယ်"

"ကျွန်မက ကိုရှင်းသန့်မျက်နှာကြောင့် ဒီကျွန်းကို လာနေခဲ့ရပေမယ့် အခုတော့ မိသန်းနုတို့ မိသားစုအပါအဝင် ကလေးတွေကို သံယောဇဉ် တွယ်နေမိပါပြီ"

"ကျေးဇူးတင်ပါတယ် ဆရာမ၊ ဆရာမ အကူအညီလိုတဲ့အခါလည်း အချိန်မရွေး ကျွန်တော့်ကို ပြောပါ"

"လိုတဲ့အခါ ပြောပါ့မယ် ကိုရှင်းသန့်"

မကြာမီ ပြင်ခရိုင်ဆိပ်ကမ်းကို လှမ်းမြင်နေရလေပြီ။

"ကိုရှင်းသန့်က ကျောက်ကလပ်ကို သွားမှာလား"

"ဟုတ်ပါတယ်. . . ငါးခြောက်လုပ်ငန်း အခြေအနေ သွားကြည့်မလို့ပါ"

"အင်း. . ကိုရှင်းသန့်က လူငယ်သလောက် အလုပ်ကြီး အကိုင်ကြီးတွေ လုပ်ကိုင်နိုင်တယ်နော်. . . သိပ်သဘောကျတာပဲရှင့်"

"ဗျာ. . ."

ဆရာမလေးမှာ သူ၏စကား မှားသွားမှုကို ချက်ချင်း နိုပ်မိကာ ဖြူဖြူဝင်းဝင်း မျက်နှာကလေးမှာ ရဲသွားလေသည်။

"ဟင်း. . ဟင်း. . အလုပ်လုပ်နိုင်တဲ့စိတ်ဓါတ်ကို ပြောတာပါနော်"

သူမက ရုတ်ခြည်း ပြန်ပြင်ပြောနေသဖြင့် ရှင်းသန့်က ရယ်ပြီး. . .

"ကျွန်တော် ဘာမှ မပြောသေးပါဘူး ဆရာမရယ်"

ထိုစဉ် ပဲ့ထောင်ကလေးက ဆိပ်ခံတံတားတွင် ဝင်ကပ်လိုက်သည်။

ဆိပ်ကမ်းပေါ်ရှိ လူများက သူတို့နှစ်ယောက်ကို ကြည့်ကာ တီးတိုးပြောဆိုနေကြသည်ကို တွေ့ရသည်။

"သွားမယ်နော် ကိုရှင်းသန့်"

"ဟုတ်ကဲ့ပါ"

သူမ ကမ်းပေါ် တက်သွားသည်နှင့် သူက ပဲ့ထောင်ကို ပြန်လှည့်ထွက်လိုက်သည်။

"ဝူး. . ."




www.burmeseclassic.com

www.burmeseclassic.com

ဆရာမ ကိုယ်သင်းရနံ့မွှေးမွှေးလေးက ပဲ့ထောင်ဝယ် ကျန်နေရစ်ခဲ့သည်ဟု ထင်သည်။

ဆရာမလေး၏စကားအချို့ကိုလည်း ပြန်တွေးနေမိသည်။

အထူးသဖြင့် ဆရာမ နော်အဲလာ၏မျက်လုံးများသည် သူ့အပေါ် သံယောဇဉ် တွယ်နေသည့်အရိပ်တို့ကို တွေ့မြင်ပြီးသားလေ။

သို့သော် သူက မသိချင်ယောင် ဆောင်နေခဲ့ခြင်းဖြစ်သည်။

"နော်အဲလာရယ်"







# အခန်း(၅)

ရှင်းသန့်သည် ပြင်ခရိုင်တွင် နှစ်ရှည်ပင် စိုက်ပျိုးခြင်းနှင့် ကျောက်ကလပ်တွင် ငါးခြောက်လုပ်ငန်းများကို လုပ်ကိုင်နေရသဖြင့် ပုသိမ် ကေသီဝမ်းတို့ဘက် မရောက်သည်မှာ လေးငါးလခန့် ရှိခဲ့ပြီ။

ပုသိမ်သို့ ရောက်သော်လည်း ကိုယ့်အလုပ်နှင့်ကိုယ် ရှုပ်နေသဖြင့် ကေသီဝမ်းတို့ဘက် မရောက်ဖြစ်ခဲ့ပေ။

ယခုတော့ ရွှေမုဋ္ဌောစေတီလမ်းသို့ လျှောက်ခဲ့ရုံလေ


www.burmeseclassic.com

www.burmeseclassic.com

ပြီ။ ကေသီဝမ်းနှင့် သူ့ဖေဖေအား သတိရသဖြင့် ခဏထွက်လာခဲ့ခြင်းဖြစ်သည်။ သည်တစ်ကြိမ်တော့ မေးစရာ မလိုတော့ချေ။ သူမတို့ ခြံရှေ့သို့ တန်းတန်းမတ်မတ် ရောက်လာခဲ့သည်။ ခြံတံခါးကို တဂျိုင်းဂျိုင်း တွန်းလျက် ပါးစပ်ကလည်း အော်လိုက်သည်။

"ဦးရေ့ . . ဦး . . မကေသီဝမ်း"

"ဂျိုင်း . . ဂျိုင်း"

"နားပင်းနေကြတယ် ထင်တယ်"

သူက စိတ်မရှည်ဘဲ မြည်တွန်လျက် ခြံအတွင်းသို့ အကဲခတ် ရှာဖွေကြည့်နေသည်။

"ဝုန်း . . ."

"ဟင် . . ."

"ဝုတ် . . . ဝုတ် . . . ဝုတ်"

အယ်ဇေးရှင်း ခွေးမဲကြီးက ခြံဝသို့ ရုတ်တရက် ပြေးထွက်လာသဖြင့် သူ နောက်သို့ ခုန်ဆုတ်လိုက်သည်။

အစွယ်ဖွေးဖွေးနှင့် အသားကုန် ပြေးဝင်လာသော ခွေးမဲကြီး၏သဏ္ဌာန်မှာ ကြောက်မက်ဖွယ်ရာကြီးပင် ဖြစ်သည်။

"ဝုန်း . . ."

"ဟာ . . ."





ခွေးမဲကြီးမှာ သံဇန်းတံခါးနှင့် ဆောင့်မိသွားသောကြောင့် ရှင်းသန့်မှာ ထိတ်လန့်သွားလေသည်။

"ခစ် . . ခစ် . . ခစ်"

"ဟဲ့ . . . ဇန်ဒိန်း၊ အဲဒါက လူစိမ်းမဟုတ်ဘူး၊ လူကန့်လန့်ကွ"

ကေသီဝမ်း အသံလွင်လွင်လေး ပေါ်လာသဖြင့် စိတ်သက်သာရာ ရသွားလေသည်။ မိန်းမပျိုက ကျေနပ်အားရသောအသွင်ဖြင့် ခြံဝသို့ လျှောက်လှမ်းလာသည်။

"ဘယ်လိုလဲ ကြောင်ကြီး . . . ဝင်ခဲ့လေ၊ ဟင်း . . ဟင်း . . ဟင်း"

သူမက ဇန်ဒိန်းဆိုသည့် ခွေးမဲကြီး၏ဂုတ်ကြိုးကို ဆွဲပြီး သူ့အား မထီမဲ့မြင် ပြောကြားလိုက်သည်။

"မင်း တော်တော်ရိုင်းတာပဲ"

"ခွေးဆိုတာ ဒီလိုပါပဲ၊ တစိမ်းဆို ရန်မူမှာပဲရှင့်၊ သံကြိုးဖြုတ်ထားတာ မတွေ့ဘူးလား၊ ဟင်း . . ဟင်း"

"မင်း တမင်လုပ်တာပါ၊ ပထမတစ်ခါတုန်းကလည်း ငါ ပြေးရပြီးပြီ၊ မင်းအဖေနဲ့ တိုင်မယ်"

သူ စိတ်ဆိုးစွာဖြင့် ဦးဝမ်းမောင်နှင့် ခြိမ်းခြောက်လိုက်လေသည်။

"ဟတ် . . ဟတ် . . တိုင်ပေါ့ရှင်၊ ဖေဖေမှ မရှိဘဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် အလုပ်ကိစ္စနဲ့ လာတာ၊ သူ ဘယ်မှာရှိလဲ၊ သူနဲ့ တွေ့မှ ဖြစ်မယ်"

"အိုး . . ဖေဖေက သူငယ်နှပ်စားလေးမှ မဟုတ်တာ၊ သူ အပြင်ထွက်တိုင်း ကျွန်မဆီမှာ ခွင့်တောင်းသွားမလားရှင့်"

"ကျုပ် အလုပ်လုပ်နေတဲ့အထဲမှာ ဦးကို ရှယ်ယာဝင်ခိုင်းမလို့"

"ကျွန်မတို့က အလုပ်လုပ်မှ ထမင်းစားရတာ မဟုတ်ဘူး"

သူမက မျက်နှာကို ရှုံ့လျက် ပြန်ပြောလိုက်သည်။

"ရှယ်ယာမဝင်ချင်လည်း အတိုးနှုန်း သက်သက်သာသာနဲ့ ငွေချေးပါ"

"ငွေတိုးချေးစားတဲ့လူတွေများ ထင်နေသလားရှင့်"

"ဦးပြောထားတဲ့စကား ရှိလို့ကွ"

"ဖေဖေပြောထားလည်း ကျွန်မ သဘောတူမှ ဖြစ်မှာပါ၊ ဒီအိမ်မှာ လူနှစ်ယောက်တည်း ရှိတာ၊ တစ်က ကျေနပ်ပေမယ့် နောက်တစ်ဦးက သဘောမတူဘူးဆိုရင် (၅၀-၅၀)ပဲရှင့်၊ သိရဲ့လား"

"မင်းက စိတ်ယုတ်မာ တယ်မွေးတာပဲ"

"ဟင်းဟင်း . . . ကိုခန့်ညားရဲ့ငွေတွေလည်း ရှင်ပြန်





ယူသွားတာ အဲဒါနဲ့ မလောက်ဘူးလားရှင့်"

"ဘာပြောတယ်"

သူက မခံချင်အောင် ဖြစ်သွားလျက် ပြန်အော်မိလိုက်သည်။

"ကိုခန့်ညားရဲ့ငွေတွေ သူ့ညီမလေးကို သွားပေးပြီးပြီ၊ မင်း ဘာသိလို့လဲ"

"အထောက်အထားမှ မရှိဘဲလေ၊ ပြောတိုင်း ယုံရမှာပေါ့ရှင်. . . ဟင်း. . . ဟင်း"

ထိုအခိုက် သူ့အနီးသို့ ကားတစ်စီး ထိုးဆိုက်လာသည်။ မိန်းမတစ်ဦး ဆင်းလာပြီး သူ့ကို အံ့ဩစွာ ကြည့်နေလေသည်။

ကေသီဝမ်းက တံခါးဖွင့်ပေးလိုက်သည်။ သူကပါလိုက်ဝင်ရန် ခြေလှမ်းလိုက်သောအခါ. . .

"ရှင့်ကို ဖွင့်ပေးတာ မဟုတ်ဘူး၊ ကျွန်မသူငယ်ချင်းကို ဖွင့်ပေးတာ"

"ဟာ. . . မင်းအဖေနဲ့ ကျုပ်အဖေတွေက သူငယ်ချင်းတွေပဲ"

"ကျွန်မအဖေနဲ့ ရှင့်အဖေ မိတ်ဆွေဆိုပေမယ့် ရှင့်အဖေနဲ့ ကျွန်မက မိတ်ဆွေတွေမှ မဟုတ်ပဲ"

"တောက်"



www.burmeseclassic.com

www.burmeseclassic.com



သူက မခံချင်စွာ တောက်ခေါက်လိုက်မိသည်။ ဧည့်သည်မိန်းကလေးက သူတို့နှစ်ဦး၏ဆက်ဆံရေးကို ကြည့်ပြီး ပြုံးစေ့စေ့ ဖြစ်နေသည်။

"ဘယ်လိုဖြစ်တာလဲ ကေသီရယ်"

"မသိပါဘူးကွာ. . . ဖေဖေမရှိပါဘူးလို့ ပြောလဲ မရဘူး၊ ရောက်လာကတည်းက အိမ်ထဲ အတင်းဝင်မယ်ချည်း လုပ်နေတယ်၊ ဘာအကြံအစည်ရှိလဲ မသိပါဘူးကွာ"

သူမက သူ့အား တမင်နှိပ်ကွပ်ပြီး ပြောကြားနေခြင်းကြောင့်. . .

"အေး. . . ဟုတ်တယ်၊ အိမ်ထဲ ဝင်ဖို့ ကြိုးစားနေတဲ့ အကြံအစည်ကတော့ အလွန်တရာ ရိုင်းပြတဲ့ မင်းကို ဆုံးမချင်လို့ပဲ. . . နားလည်လား"

"ဟတ်. . ဟတ်. . ဟတ်. . ရယ်ရတယ်တော့. . ဒြဲ. . လို့သာ သမိန်ပေါသွပ်လို ပြောပြီး ရယ်လိုက်ချင်တယ်၊ ရှင့်လိုလူကို ဗန်ဒိန်းကို တစ်ချက်ပြောတောင် မရှိဘူး၊ မယုံရင် ကျွန်မခွေး ဗန်ဒိန်းကို လွှတ်ပေးလိုက်ရမလား"

သူမက ပြောပြောဆိုဆို သံတံခါးကို ဆွဲကိုင်လိုက်ရာ သူ တွန့်သွားမိသည်။

"ဝုတ်. . ဝုတ်. . ဝုတ်"

"ဝုန်း. . ."





ဗန်ဒိန်းမှာ သခင်က အမိန့်တောင် မပေးရသေး၊ ကိုက်မယ် တဝုန်းဝုန်း ဖြစ်နေပြီ။

သည်အတိုင်းဆို မဖြစ်ချေ၊ သည်နေရာမှ အမြန်ဆုံး ပြန်မှဖြစ်ချေတော့မည်။

ထို့ကြောင့် ခြံဝမှ လှည့်ပြန်ခဲ့လေသည်။

"ဟင်း. . ဟင်း. . . ဗန်ဒိန်းကျတော့ လန့်တတ်လိုက်တာ"

"ဟင်း. . ဟင်း. . ဟင်း"

"အေးဟ. . . သူ့ကြည့်ရတာ အူကြောင်ကျား"

"ဒါနဲ့ အဲဒါ ဘယ်က အူကြောင်ကျားလဲဟဲ့"

"ဖေဖေ့သူငယ်ချင်းတစ်ဦးရဲ့သားပါ. . . ငါနဲ့ စတွေ့ကတည်းက မတည့်တာ၊ အခုက ဒုတိယအကြိမ်၊ ပထမအကြိမ်တုန်းကလည်း ဖေဖေ ပြန်ရောက်လာတာ မြန်လို့ သက်သာသွားတာ"

ကေသီဝမ်းက သူငယ်ချင်း ခင်ယုဆွေကို ပြောကာ အားပါးတရ ရယ်မောနေ၏။

ခင်ယုဆွေမှာ ရွှေကိုင်းမျက်မှန်နဲ့ လုံးလုံးကျစ်ကျစ်လေး၊ သူမနှင့် တက္ကသိုလ်တွင် အတူတူတက်ခဲ့သူတစ်ဦး ဖြစ်ပြီး ယခုအခါ မိဘများ၏ပွဲရုံလုပ်ငန်းကို ကူညီလုပ်ကိုင်ပေးနေသူတစ်ဦးလည်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"Style မဆိုးဘူးနော် ကေသီ"

ကေသီက ဆတ်ခနဲ မျက်မှောင်ကုတ်လိုက်ကာ. . .

"ဘာလဲ. . . နင်က အဲဒီလူကို မြင်မြင်ချင်း ကြွေသွားလို့လား. . . မှန်မှန်ပြောစမ်း"

"တော်စမ်းပါ ကေသီရာ၊ သူက ငါ့ကို စိတ်ဝင်စားပုံမပြဘူး၊ နင့်ကိုသာ စူးစူးရဲရဲ မဲနေတာ"

"အလကားပါဟာ. . . ဖေဖေက ဖေဘာပေးထားတာနဲ့ သူ့ကိုယ်သူ လူကြီးလေသံနဲ့ ငါ့ကို ပညာပေးဖို့ ကြိုးစားနေတာ၊ တကယ် ပညာပေးခံလိုက်ရတာက သူဟ"

"နင်က ဘယ်လိုတွေ ပညာပေးလိုက်လို့လဲ"

"ဟာ. . . သူက သိတာတောင် မကြာသေးဘူး၊ ရှုပ်ရှုပ်ယှက်ယှက်တွေ လာလုပ်တယ်လေ၊ ရှယ်ယာဝင်ပါတို့ ငွေတိုးချေးတာတို့ ဉာဏ်နီဉာဏ်နက်တွေနဲ့ ဖေဖေ့ကို ချဉ်းကပ်ဖို့ လာတာဟ၊ ဖေဖေနဲ့ မတွေ့ဘဲ ဇနီဒိန်းနဲ့ အရင်တွေ့သွားလို့ အူကြောင်ကြား အိမ်ထဲ မရောက်ဘဲ ပြန်လစ်သွားတာ၊ ဖေဖေက အိမ်ထဲမှာ အိပ်နေတာ. . . ဟီး. . . ဟီး"

"ဟာ. . . နင်က အဲဒါတော့ ဘယ်ကောင်းမလဲ၊ နင့်အဖေ သိရင် ဆူနေပါအုံးမယ်"

"သူ မလာတော့ပါဘူး၊ ငါ အပြတ်ပြောလိုက်တာပဲလေ"





"ဖေဖေက အားနာပါးနာနဲ့ သူ့ကို ကြွေပြီး သဘောတူရင်တောင် ငါက ကန့်ကွက်မှာမို့ တခါတည်း ကြိုကန်ထားလိုက်တယ်၊ သူက ထပ်လာမှာ မဟုတ်တော့ပါဘူး"

ကေသီဝမ်းက သူမအောင်မြင်မှုကို မြိန်ရေယှက်ရေ ပြောကြားနေခဲ့၏။ ခင်ယုဆွေက သူမစကားများကို နားထောင်ရင်း ထိုလူအတွက် စိတ်မကောင်း ဖြစ်နေမိလေသည်။

"သူ ဘာလုပ်လဲ"

"မသိပါဘူးဟာ. . . ကြီးကြီးကျယ်ကျယ်တော့ ပြောတာပဲ၊ ဒါနဲ့ နင်က ဘာကိစ္စ ပေါ်တော်မူလာတာလဲ မိယုရဲ့"

အခုမှ သူငယ်ချင်း ခင်ယုဆွေရဲ့လာရင်းကိစ္စကို မေးဖြစ်သည်။

"ဟိုင်းကြီးဘက် သွားမလို့ နင့်ကို လာခေါ်တာ၊ ငါးခြောက်ကုန်သည်တစ်ယောက်ဆီ သွားမလို့၊ ငါတစ်ယောက်တည်း ပျင်းတာနဲ့ နင် အားရင် လိုက်ခဲ့ပါလား"

"အေး. . . ငါလဲ အားနေတာနဲ့ အတော်ပဲ၊ လိုက်မယ်လေ၊ ဘယ်နေ့ သွားမှာလဲ"

ကေသီဝမ်းက ဝမ်းသာအားရ သဘောတူလိုက်ရာ ခင်ယုဆွေ လာရကျိုးနပ်သွားသည့်အသွင်နဲ့ ရွှင်မြူးစွာ ပြောကြားလေသည်။

"တော်သေးတယ် နင်မလိုက်ဘူးဆိုရင် ငါတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်း သွားရမှာ ပျင်းစရာကြီး၊ ငါက ပါစင်ဂျာ မော်တော်နဲ့ မသွားဘူး၊ ပွဲထောင်ငှားပြီး သွားမှာ မြန်မြန်ရောက်ချင်လို့၊ ငွေရေးကြေးရေး စကားသွားပြောရဦးမှာ"

"အေးပါဟာ. . . နင့်ဟာနင် ငွေရေးကြေးရေးပြောပြော သာရေးနာရေး ပြောပြော ငါစိတ်မဝင်စားဘူး၊ ငါ အဲဒီခရီးသွားရမှာကိုပဲ စိတ်ဝင်စားတယ် မိယု"

"ဒါဆို မနက်ဖြန်မနက် သင်္ဘောဆိပ် ဆင်းခဲ့ဟာ၊ ငါလာမခေါ်တော့ဘူး၊ သင်္ဘောဆိပ်မှာ ငါငှားထားတဲ့ 'ငွေငန်းဖြူ' ပွဲထောင်ကို တွေ့လိမ့်မယ်၊ နင် စောစောရောက်လို့ ငါနောက်ကျနေရင်လည်း အဲဒီမှာသာ ဝင်ထိုင်နေလိုက်. . . သိလား"

"ကောင်းပြီလေ. . . ဘယ်အချိန်လောက် လာခဲ့ရမလဲ"

"မနက်(၈)နာရီလောက်ပေါ့ဟယ်"

"အိုကေ. . . ငါလာခဲ့မယ်၊ စရိတ်စကအားလုံး နင်ခံရမယ်နော်. . . ဒါပဲ"

"မိကေသီရယ်. . . ငွေရေးကြေးရေးက ခွေးချေးပါဟာ၊ နင့်ပိုက်ဆံ တစ်ပြားမှ မယူလာနဲ့၊ ဟုတ်ပြီလား၊ ငါ့စီးပွားရေးကိစ္စ နင်အဖော်လိုက်တာပဲ၊ နင်ကုန်ဖို့မလိုပါဘူး၊ ဟုတ်ပြီလား သူဌေးသမီးရယ်"





ထို့နောက် ခင်ယုဆွေသည် ကေသီဝမ်းကို နှုတ်ဆက်ကာ ပြန်သွားလေသသည်။



www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း (၂)

ဆူးများကြားတွင် နှင်းဆီပန်းများပွင့်သည်။

Among thorns grow the roses.

www.burmeseclassic.com

www.burmeseclassic.com









## အခန်း(၆)

ရှင်းသန့်သည် စိတ်ထဲ၌ မခံချိမခံသာ ဖြစ်နေလေသည်။

သူ့မျက်လုံးထဲတွင် မာန်မာနထောင်လွှားလှသော ရှည်သူ ကေသီဝမ်းဆိုသည့် မျက်နှာကိုသာ မြင်ယောင်နေလေသည်။

ဟင်း. . . ရုပ်ကလေး လှသလောက် စိတ်ထားပုတ်


www.burmeseclassic.com

www.burmeseclassic.com



တဲ့မိန်းမ၊ သူ့ဘေးမှာ ဟိုခွေးမဲကြီး ရှိနေလို့သာ။ မဟုတ်ရင်တော့ ပယ်ပယ်နယ်နယ် မှတ်လောက်သားလောက်အောင် ဖက်နမ်းပစ်လိုက်မှာ။

သူ ဒီတစ်ခေါက် ပုသိမ်သို့ ရောက်လာခြင်းမှာ အရေးတကြီး လိုအပ်နေသည့် ငွေကြေးကိစ္စကြောင့်ပင်ဖြစ်သည်။

ရန်ကုန်သို့ ပြန်တက်ရန်လည်း အချိန်မရှိတော့၍ ပထမအကြိမ် တွေ့စဉ်က ဦးဝမ်းမောင် ပြောထားဖူးသည့် စကားများကို သတိရပြီး ပုသိမ်သို့ လာရောက်ခဲ့ခြင်း ဖြစ်သည်။

အဖိုးကြီးအား သူ့လုပ်ငန်းများအကြောင်း ပြောပြီး ရှယ်ယာဝင်ခိုင်းမည်၊ သို့မဟုတ် အတိုးနှင့် ချေးငှားမည် ဟူသော အတွေးများနှင့် လာရောက်ခဲ့သော်လည်း ဦးဝမ်းမောင်နှင့် မတွေ့ဘဲ သမီးဖြစ်သူ မာန စွာကျယ်နဲ့သာ တွေ့ခဲ့ရပြီး ဆုတ်ပြန်ခဲ့ရသည်။

သို့သော် ငွေမပါဘဲ မပြန်လိုသဖြင့် တည်းခိုခန်း၌ တစ်ညတည်းလိုက်ရသည်။ စိတ်ကူးကတော့ နောက်တစ်နေ့ မနက်တွင် ထပ်သွားပြီး အဖိုးကြီးနှင့် တွေ့ရန် ရည်ရွယ်ထားသည်။

သို့ရာတွင် မာနစွာကျယ် မိန်းမပျို၏ပြောကြားလိုက်





သောစကားတို့က စိတ်ကူးကို ပျက်စီးစေသည်။

အင်း. . . အဖိုးကြီးက သဘောတူအုံးတော့ သူ့သမီးက ကဖျက်ယဖျက် လုပ်မှာ သေချာတယ်၊ စကားအဖတ်တင်တာပဲ ရှိမယ်။

သူ မနက်ကျတော့ စိတ်ပျက်ပြီး အစီအစဉ်အား စွန့်လွှတ်လိုက်ပြန်သည်။

တောက်. . . အသည်းနှလုံး မရှိတဲ့ အမျိုးသမီး၊ အပုတ်တဲ့မိန်းမ၊ တစ်နေ့နေ့တော့ တွေ့မှာပါ။ တစ်နေရာရာမှာ တွေ့လို့ကတော့။ ရှင်းသန့်သည် ကိုခန့်ညားနှင့် ပတ်သက်ပြီး မကျေမနပ်လည်း ဖြစ်ထားရာမှ သူ၏အကျိုးစီးပွားကိုလည်း ဖျက်လိုဖျက်ဆီး နှိမ့်ချသည့် ကေသီဝမ်းအပေါ် ပေါက်ကွဲနေလေသည်။

"ပြန်တာပဲ ကောင်းပါတယ်၊ ဒီမှာ ဆက်နေရင် ဒေါသတွေ ထွက်နေရဦးမယ်. . . ဦးနှောက်စားတယ်"

ထို့ကြောင့် သူသည် အဝတ်အစားပင် မလဲဘဲ ဦးထုပ်ဆောင်းကာ ကျောပိုးအိတ်ကို လွယ်လျက် တည်းခိုခန်းမှ ထွက်လာသည်။

စိတ်ညစ်ညစ်နှင့် ကမ်းနားသို့ ဆင်းလာရာ မမျှော်လင့်ဘဲ အံ့ဩဖွယ်ရာ မြင်ကွင်းကို တွေ့လိုက်ရသည်။

"ဟင်. . ."



www.burmeseclassic.com

www.burmeseclassic.com



ရှင်းသန့်က သူ့မျက်လုံးကို သူ မယုံကြည်နိုင်လောက်အောင် ဖြစ်သွားပြီး မျက်စိကို ပွတ်ကြည့်လိုက်သည်။

ဟာ. . . တကယ်ထိုင်နေတာပဲ။

သူ၏ငွေလှိုင်းဖြူ ပဲ့ထောင်ပေါ်တွင် ကေသီဝမ်း ဆိုသော မာနစွာကျယ် မိန်းကလေးက အကျအန ထိုင်နေသည်ကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်သည်။

သူ ရှေ့ဘက်မှ မဆင်းသေးဘဲ တံတားထက်မှာ ရပ်တန့်လျက် တစ်စုံတစ်ရာကို အလေးအနက် စဉ်းစားနေမိသည်။

"ဟင်း. . ."

သက်ပြင်းတစ်ချက် ချလိုက်ပြီး ဆုံးဖြတ်ချက်တစ်ခုကို ယတိပြတ် ချလိုက်သည်။ ခွင့်သာခိုက်မှာ မလိုက်လျှင် အမိုက်နင့်ပြင် ရှိသေးဆိုသည့်စကားက နားထဲ ဝင်လာသည်။

ထို့ကြောင့် ဆောင်းထားသော ဦးထုပ်ကို ရှေ့သို့ ခပ်ငိုက်ငိုက် ဆွဲချလိုက်ပြီး ပဲ့ထောင်ဆီသို့ ခြေလှမ်းများ ဦးတည်လိုက်သည်။ ထို့နောက် တံတားပေါ်မှ ဆင်းလျက် ငွေလှိုင်းဖြူပေါ်သို့ တက်လိုက်သည်။

မိန်းကလေးက ပဲ့ထောင် လှုပ်ခတ်သွားသဖြင့် လန့်ဖျတ်သွားသည်။

"အမေ့"





ရှင်းသန့်က လုံးဝလှည့်မကြည့်ဘဲ မိန်းကလေးကို ကျောပေးလျက် ပဲ့ထောင်ကို စက်နှိုးလိုက်သည်။

"ဒီမှာ. . . ကျွန်မ သူငယ်ချင်းကို စောင့်ဦးလေ"

"စက်နှိုးထားတာပါ"

"ဝူး. . . ဝူး"

ပဲ့ထောင်မောင်းသံက ဆူညံစွာ နိုးသွား၏။

"အဲဒီပဲ့ထောင်က ငွေငန်းဖြူ မဟုတ်လားရှင့်"

"အင်း. . ."

သူက ရုတ်တရက် တံတားတွင် ချည်ထားသောကြိုးကို ဆွဲဖြုတ်ပစ်လိုက်သည်။ ထိုအခါ သူ၏မျက်နှာကို သူမက တွေ့ရှိသွားသည်။

"ဟင်. . . ရှင်. . . ရှင်. ."

"ဝေါ်. . ."

"အမေ့. . ."

ပဲ့ထောင်ကလေးသည် ဆိပ်ကမ်းမှ မြားတစ်စင်းပမာ အရှိန်ပြင်းစွာ မောင်းနှင်ထွက်သွားလေသည်။

ခဏအတွင်းမှာပင် ဆိပ်ကမ်းနှင့် ဝေးကွာသွားလေတော့သည်။

"ရှင်. . . ရှင် ဘယ်လိုလုပ်တာလဲ၊ ကျွန်မသူငယ်ချင်းပေါ်ဘဲ ဘာလို့ မောင်းထွက်လာရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

သူမက စက်သံတွေကြားမှ အော်ရန်တွေ့လေသည်။

ရှင်းသန့်က မည်သို့မျှ မတုန့်ပြန်ပဲ ပွဲထောင်ကိုသာ အာရုံစိုက် မောင်းနှင်လေသည်။

"ရပ်လိုက်နော်. . . ကျွန်မ အော်လိုက်မယ်"

"အော်ပေါ့. . . ဘယ်သူက တားနေလို့လဲ"

တကယ်တော့ သူမ အော်ဟစ်လည်း စက်သံတွေနဲ့ မည်သူမျှလည်း ကြားနိုင်မည်မထင်၊ ကမ်းနှင့်လည်း ဝေးကွာခဲ့လေပြီလေ။

"ဒါဆို ကျွန်မ ခုန်ချလိုက်မယ်"

"အား. . . ပိုကောင်းတာပေါ့၊ ကယ်မယ်လို့တော့ မထင်နဲ့"

"ဟင်. . . ဒုက္ခပါပဲ"

"ဘုတ်. . ဘုတ်. . ဘုတ်"

မြစ်အတွင်း ပွဲထောင်၏စက်သံက တဘုတ်ဘုတ်နဲ့သာ ဆူညံရင်း ထွက်ပေါ်နေသည်။

"ရှင် တော်တော်ယုတ်မာတာပဲ"

"ဘာကွ. . . ငါ ဘာယုတ်မာလို့လဲ"

"ရှင် အခုလို မောင်းထွက်လာတာ ယုတ်မာတာပေါ့"





"ဟ. . . . ငါ့ပွဲထောင် ငါမောင်းထွက်ချင်ထွက်မယ်၊ ရပ်ချင်ရပ်မယ်. . . ငါ့သဘောကွ၊ မယုတ်မာဘူး၊ ငါ့ပွဲထောင်အပေါ် ဘယ်သတ္တဝါမှလဲ အတင်းအဓမ္မ ဆွဲတင်မခေါ်ခဲ့ဘူး၊ ခုလဲ ငါ့ပွဲထောင်ပေါ် မင်းဘာသာမင်း တက်နေခဲ့တာပဲ၊ ငါနဲ့ မဆိုင်ဘူး"

"ရှင့်ပွဲထောင်ကို ကျွန်မသူငယ်ချင်းက ငှားထားတာ မဟုတ်လား၊ ဒါကြောင့်မို့ ကျွန်မ ထိုင်စောင့်နေတာပေါ့ရှင့်"

သူမကလည်း ကက်ကက်လန်အောင် ပြန်ရန်တွေ့လေသည်။

"သွားစမ်းပါ. . . ဘယ်သူမှ ကျုပ်ပွဲထောင်ကို မငှားထားဘူး၊ ဒီပွဲထောင်ကလည်း အငှားလိုက်တဲ့ ပွဲထောင် မဟုတ်ဘူး"

သူမက မျက်မှောင်ကုတ်သွားပြီး ပြန်လည်မေးမြန်းလေသည်။

"ရှင့်ပွဲထောင်က "ငွေငန်းဖြူ" မဟုတ်လား"

"မင်း စာမဖတ်တတ်ဖူးလား၊ ငါ့ပွဲထောင်က "ငွေသိုင်းဖြူ" ကွ"

သူမက အံ့အားသင့်သွားဟန်နှင့် မျက်လုံးပြူးကျယ်သွားလေသည်။

"ဒါ. . . ဒါဆို ကျွန်မ မှားလာတာပဲ၊ အခု ရှင်တယ်


www.burmeseclassic.com

www.burmeseclassic.com

ကို သွားနေတာလဲဟင်"

စိုးရိမ်ပူပန်မှုအသွင်က မျက်နှာပေါ်တွင် ပြောင်းလဲပေါ်ပေါက်လာလေသည်။

"ဘယ်မှ မသွားဘူး. . . ပြန်နေတာကွ"

"ရှင်. . . ပြန်နေတာ ဟုတ်လား၊ ကျွန်မပါ လိုက်ရမှာလား"

"မင်းကို ဘယ်သူခေါ်လာလို့လဲ၊ မင်းဘာသာမင်း လိုက်လာတာ မဟုတ်လား"

သူက တမင်အရွဲ့တိုက်ပြီး ပြောလိုက်ရာ သူမမှာ စူးစူးရဲရဲ ဖြစ်သွားရှာသည်။

"ရှင်. . . ရှင် ကျွန်မကို ပုသိမ်ပြန်ပို့နော်၊ ဒါမှမဟုတ်ရင်တော့ ရဲစခန်းတိုင်ရမှာပဲ"

"အိုး. . . တိုင်ပေါ့ကွ၊ ငါက မင်းကို အတင်းအဓမ္မ ပြန်ပေးဆွဲ ခေါ်လာတာ မဟုတ်ဘူးလေ"

"ရှင် ကျွန်မ ပွဲထောင်မှာတက်ခဲ့တာကို အခွင့်ကောင်းယူပြီး တမင်မောင်းထွက်ခဲ့တာပဲရှင့်၊ ခု ပြန်လှည့်မလား မလှည့်ဘူးလား ပြော"

ကေသီဝမ်း အလွန်တရာ ဒေါသထွက်ကာ ပြန်အော်လေသည်။

"မဖြစ်နိုင်ဘူး. . . ခုချိန်မှာ ပုသိမ်ကို ပြန်သွားဖို့





မဖြစ်နိုင်ဘူး"

"ဘာဖြစ်လို့လဲ"

"ပုသိမ်က အလှမ်းဝေးကျန်ခဲ့ပြီ. . . ဆီမရှိဘူး၊ လမ်းမှာတင် ဆီပြတ်ပြီး ရေထဲ မျောပါသွားလိမ့်မယ်"

"ရှင် ညာတာပဲ"

"မင်းကို လိမ်ညာစရာအကြောင်းမရှိဘူး၊ ငါ့ပွဲထောင်ငါမောင်းချင်ရာ မောင်းနိုင်တာပဲကွ၊ တကယ်လို့ ဆီရှိနေရင်တောင် ငါ ပြန်မလှည့်နိုင်ဘူး၊ မင်း ဘာလုပ်မလဲပြော"

သူက စိတ်ပေါက်ပေါက်နှင့် ငေါက်ပစ်လိုက်ရာ သူမမှာ တဆတ်ဆတ် တုန်အောင် ဒေါသများ ပေါက်ကွဲသွားပြီး

"ရှင်. . . ရှင်. . . ကဲ. . . ဟယ်"

"ဗိုး. . ."

"ဖောင်း. . ."

"အမလေး"

ပွဲထောင်လေးမှာ ရေထဲတွင် ယိမ်းထိုးလှုပ်ခါသွားသဖြင့် ကေသီဝမ်းမှာ ကြောက်အားလန့်အားဖြင့် သူ့ကို သိုင်းဖက်တွယ်လိုက်ရသည်။

ရှင်းသန့်ကလည်း ယိုင်ကျသွားသည့် သူမအား သိုင်းဖက်လိုက်မိလေသည်။ သူမ၏လက်ဝါးကိုလည်း လျှင်မြန်စွာ ဖမ်းဆီးလိုက်လေသည်။ ပါးပေါ်သို့ လက်ဖဝါး မကျရောက်


www.burmeseclassic.com

www.burmeseclassic.com

လာသော်လည်း မတ်တတ်ရပ်လျက် လှုပ်ရှားလိုက်သောကြောင့် ဟန်ချက်ပျက်ပြီး နှစ်ဦးသား ယိုင်လဲကျသွားခြင်း ဖြစ်သည်။

လုံးထွေးပြီး ပဲ့ထောင်ဝမ်းထဲသို့ ကျသွားလေသည်။

"ငြိမ်ငြိမ်ကလေးနေ. . . နှစ်ယောက်စလုံး ရေနစ်သေနေမယ်"

ပဲ့ထောင်ကလည်း ရေပေါ်တွင် ပတ်ချာလည်သွားသဖြင့် ကမန်းကတန်း ပဲ့ကို ကိုင်တွယ်ရလေသည်။

သည်တော့မှ ပဲ့ထောင်သည် ရှေ့သို့ တည့်တည့်မတ်မတ် ရွေ့လျားသွားလေတော့သည်။

"မင်း ရေကူးတတ်လို့လား"

"ဟင့်အင်း. . ."

"အေး. . . ဒါဆို ရေထဲ ကျလို့ကတော့ စုန်းစုန်းနစ်သွားမှာပဲ၊ ဒီနေရာက ရေကူးတတ်တာတောင် မလွယ်ဘူး"

ပင်လယ်ဖက် ရောက်လာသဖြင့် လှိုင်းတို့က မြစ်ပြင်ထက် ပိုကြီးလာလေသည်။ ပင်လယ်ဘက်ကိုလည်း ပြာလွင်ကျယ်ပြောလှစွာ တွေ့မြင်နေရလေသည်။

"တွေ့လား. . . အဲဒါ ပင်လယ်လို့ ခေါ်တယ်၊ ရေထဲကျသွားလို့ကတော့ ဆေးမရှိဘူး"

သူက ကြောက်လန့်တုန်လှုပ်နေသော သူမအား





ဆက်လက်ခြောက်လှန့်လိုက်သည်။

"ရှင်. . . ရှင် ဘယ်အထိ သွားမှာလဲ"

သူမက တုန်တုန်ယင်ယင် လေသံပျော့လေးနှင့် မေးရှာသည်။

"ကျွန်းတစ်ကျွန်းဆီ သွားမနေတာ"

"ကျွန်းဟုတ်လား"

"ဟုတ်တယ်. . . ရေပတ်လည်ဝိုင်းနေတဲ့ ကုန်းမြေကို ကျွန်းလို့ ခေါ်တယ်၊ အဲဒီနေရာကို သွားနေတာ"

"ဒုက္ခပါပဲ. . . မသွားလို့ မဖြစ်ဖူးလား"

"ဟေ. . . ငါနေတဲ့နေရာ ငါသွားနေတာပဲကွ၊ အဲဒီကို မသွားလို့ ဘယ်ကိုသွားရမှာလဲ၊ မင်းအိမ်ကို သွားတော့လည်း မင်းက လက်ခံလို့လား"

"ခု လက်ခံပါ့မယ်ရှင်. . . ကတိပေးပါတယ်"

"မင်းလိုမိန်းမဆီက ကတိကို ငါ ဘယ်လို ယုံရမှာလဲ၊ အသည်းနှလုံးမရှိတဲ့မိန်းမ၊ အားနာမှု ကင်းမဲ့တဲ့ မိန်းမတစ်ယောက်ရဲ့စကားကို ငါက ယုံရမှာလား"

သူမက တောင်းပန်တိုးလျှိုးသော မျက်လုံးများနှင့် လှမ်းကြည့်လေသည်။

"ရှင် ကျွန်မကို ခေါ်သွားတော့ ရှင့်မိန်းမက အငြင်သွဲမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"ငါ့မှာ မိန်းမမှ မရှိဘဲ၊ ပြဿနာ မရှိဘူး"

"မင်းလို တစ်ယောက်မဟုတ်ဘူး၊ ဆယ်ယောက်ခေါ် သွားလဲ ဘယ်သူမှ ပြောစရာ မရှိဘူးလေ"

"မြတ်စွာဘုရား"

ကေသီဝမ်း ငြိမ်သက်တိတ်ဆိတ်သွားလေတော့ သည်။

ရှင်းသန့်ကလည်း ပဲ့ထောင်လေးကိုသာ အာရုံစိုက် မောင်းနှင်လေ၏။

အဝေးဆီတွင် ပြာလဲ့လဲ့ရေပြင်ကို မျက်စိတစ်ဆုံး မိုးကုတ်စက်ဝိုင်း ရေပြင်က ဖုံးအုပ်ထားလေသည်။

ကောင်းကင်တွင် တိမ်ဖြူဖြူတို့က အလိမ်လိုက် အထပ်လိုက်နှင့်၊ တစ်ဖက်တွင်တော့ စိမ်းညို့နေသော တောင် တန်းကြီးများကို တွေ့မြင်နေရလေသည်။

"မရောက်သေးဘူးလားဟင်"

"ရောက်တော့မယ်"

လှိုင်းဖြူဖြူများက ပို၍ပြင်းထန်လာကာ တဝုန်းဝုန်း နှင့် ပဲ့ထောင်လေးကို လာရောက်ရိုက်ခတ်နေလေသည်။

လေများကလည်း တဟူးဟူး တိုက်ခတ်နေသဖြင့် ကေသီဝမ်း ဆံစများက တဖျတ်ဖျတ် လေထဲတွင် ဝဲပျံလျက်။

မကြာမီ ကျွန်းလေးဆီသို့ ပဲ့ထောင်က ဦးတည်မိ





သည်။

"ရှေ့က ကျွန်းလေးပဲ"

"ဟင်. . . အိမ်ကလေးတွေလည်း ရှိတယ်"

"လူရှိမှတော့ အိမ်လဲ ရှိပြီပေါ့ကွ"

တဖြည်းဖြည်း ကမ်းနှင့် နီးကပ်လာသည်။ ကမ်းစပ် တွင် တံတားငယ်လေးတစ်ခု ရှိသည်။ ထိုတံတားပေါ်တွင် လူငယ်တစ်ဦးက လက်ဝှေ့ယမ်းနှုတ်ဆက်နေသည်ကို မြင်ရ လေသည်။

"ဟိုမှာ လူတစ်ယောက် နှုတ်ဆက်နေတယ်"

"ဟုတ်တယ်. . . အဲဒါ ငါ့တပည့်လေးပဲ. . . မှတ် ထား၊ သူနဲ့ တည့်အောင် ပေါင်းထား. . . ကြားလား"

"ဟုတ်. . . ဟုတ်ကဲ့"

ပဲ့ထောင်လေးက တံတားအနီးသို့ ချဉ်းကပ်ဆိုက် ရောက်သွားလေသည်။

ခုချိန်မှာတော့ ကေသီဝမ်း သိုးငယ်လေးလို ငြိမ်ဝပ် နေလေတော့သည်။


www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

စောအောင်ဘုသည် ဆရာဖြစ်သူ ရှင်းသန့်နှင့် ပါလာသော မိန်းကလေး ကေသီဝင်းအား အထူးအဆန်း သဖွယ် ငေးကြည့်နေရှာသည်။ သူက ပွဲထောင်အား ချည်နှောင်ပြီးနောက်မှ တိတ်ဆိတ်စွာ လိုက်ပါလာခဲ့သည်။

“ဟော့. . . စောအောင်ဘု၊ မိသန်းနုတို့ကို သွားပြောလိုက်အုံး၊ မြို့က ဧည့်သည်ပါလာလို့ ထမင်းပိုချက်ထားပါဆိုတာ”





စောအောင်ဘုက ပြုံးစေ့စေ့နှင့် အနားမှ ထွက်ခွာသွားသည်။ ရှင်းသန့်က သူ၏တဲကလေးဆီသို့ မိန်းကလေးအား ခေါ်ဆောင်သွားလေသည်။ သူမက အံ့ဩသော မျက်နှာနှင့် တောင်ကြည့်မြောက်ကြည့်ဖြင့် တိတ်ဆိတ်စွာ လိုက်ပါလာသည်။

ရှင်းသန့်ကိုလည်း နားမလည်သလို တစ်ခါတစ်ခါ ငေးကြည့်သည်။

“အဲဒါ ငါ့ရဲ့နန်းတော်ပဲကွ. . . ဟဲ. . . ဟဲ”

သူမက တဲကို ကြည့်ကာ နှာခေါင်းရှုံ့သွားလေသည်။

ကွပ်ပျစ်တစ်လုံးကို လက်ညှိုးထိုးလျက်. . .

“ကဲကဲ. . . အဲဒါ ဆက်တီပဲ၊ လွတ်လွတ်လပ်လပ်နေ၊ ဘာသောက်မလဲ ပြော၊ ဘာလဲ. . . ဒီလိုနေရာမှာ မရနိုင်ဘူးထင်လို့လား၊ မင်းရဲ့အိမ်မှာ ဧည့်သည်ကို ရေပဲ တိုက်ပေမယ့် ဒီမှာတော့ ဧည့်သည်ကို အပူအအေး ကြိုက်တာ တိုက်နိုင်ပါတယ်”

သူ၏စကားကြောင့် သူမမှာ ရှက်ရွံ့သလို အမူအယာများ ဖြစ်ပေါ်နေလေသည်။

“ကျွန်မ တောင်းပန်ပါတယ်၊ ရေတစ်ခွက်ပဲ ပေးပါတော့”


www.burmeseclassic.com

www.burmeseclassic.com

"အဲဒီလို မလုပ်ပါနဲ့၊ မင်းဆီမှာ ရေပဲ သောက်ရလို့ ငါ့ဆီမှာ ရေပဲ ပြန်တောင်းတာမျိုး မဖြစ်စေချင်ပါဘူး၊ အပူ အအေး တစ်ခုခု ပြောပါ"

"အပူပဲ ပေးပါရှင်၊ ကော်ဖီပဲဖြစ်ဖြစ် ရတာ သောက်ပါ့မယ်"

"နှစ်ခုစလုံး ရှိတယ်၊ သောက်ချင်တာ ပြောပါ"

"ဒါဆို ကော်ဖီပဲ သောက်ပါ့မယ်"

ရှင်းသန့်က တဲအတွင်းသို့ ဝင်ရောက်သွားလေသည်။

သူ ပြန်ထွက်လာတော့ ကော်ဖီတစ်ခွက်နှင့် ဘီစကစ်မုန့်များ ပါလာသည်။ သူ့အတွက်လည်း အအေးတစ်ဗူး ပါလာသည်။

"ကဲ. . သောက်ပါ၊ ပြန်မတိုက်ရပါဘူး. . ဟဲ. . ဟဲ"

"တောင်းပန်ပါတယ်. . . အဲဒီအကြောင်း မပြောပါနဲ့တော့"

"ကောင်းပါပြီဗျာ"

သူက အအေးဗူးကို သည်အတိုင်း မော့သောက်ရင်း ပြောလိုက်သည်။

"ရှင်က တော်တော်ကို ထူးဆန်းတဲ့လူပဲ"

"ဘာဖြစ်လို့လဲ"





"ဒီလောက်ဝေးလံတဲ့ကျွန်းမှာ ဘာလို့ လာနေတာလဲ ဟင်"

"အလုပ်လာလုပ်နေတာလေ၊ ဘာလဲ. . . မင်းက ငါ နဲ့ပြီး ဒီကျွန်းမှာ လာနေနေတယ်လို့များ ထင်လို့လား"

"ဟုတ်တယ်ရှင့်. . . ဘာတွေများ လုပ်စရာရှိလို့လဲ၊ ဘာတစ်ခုမှလဲ မတွေ့ဘူး၊ တဲအိမ်တွေပဲ တွေ့တာ"

"ဟား. . ဟား. . ဟား၊ နောက်တော့ မင်းသိသွားမှာပါ"

သူက သဘောကျစွာ ရယ်မောရင်း ပြောလိုက်လေသည်။

ထိုစဉ် တဲအတွင်းသို့ မိသန်းနုနှင့် မိန်းကလေးတစ်ဦးတို့ ဝင်ရောက်လာကြသည်။ သူတို့မျက်နှာများက ပြုံးစိစိ။

"ဧည့်သည်ရောက်နေတယ်ဆိုလို့ ဘာဟင်းချက်မလဲ လာမေးတာပါ"

"ဧည့်သည်ကိုသာ မေးကြည့်ပါတော့ဗျာ"

ရှင်းသန့်က ကေသီဝမ်းအား မေးထိုးပြရင်း ပြောလိုက်သည်။

"ညီမလေး ဘာစားမလဲဟင်"

"ဟင့်အင်း. . . ကျွန်မက ဧည့်သည်မှ မဟုတ်တာ၊ ဘာပဲဖြစ်ဖြစ်ပေါ့. . . ချက်တာ စားရမှာပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



သူမစကားကြောင့် ရှင်းသန့်ရော မိသန်းနုတို့ပါ အံ့အားသင့်သွားကြလေသည်။

မိသန်းနုမှာ တစ်မျိုးနားလည်သွားလျက် ချက်ချင်းပင် မျက်နှာပြင်ပြီး ဖော်ရွေစွာ လှိုက်လှဲသောအပြုံးဖြင့် ပြန်ပြောလိုက်သည်။

"အိုး. . . ဟုတ်လား၊ ညီမလေးက ဧည့်သည်မှ မဟုတ်တာ၊ ဆရာလေးရဲ့အမျိုးသမီးဆိုတော့ ဆရာလေးကျွေးတာ စားမှာပေါ့နော်"

"ဟာ. . . မိသန်းနု"

ကေသီဝမ်း မျက်နှာဖြူဖြူလေးမှာ ရဲရဲတောက်သွားလေသည်။

ရှင်းသန့်က ရုတ်တရက် ပါးစပ်မှ ထွက်သွား၏။

သူမက နှုတ်ခမ်းစူလျက် လေသံမာမာနှင့် ပြန်ပြောလေသည်။

"ကျွန်မက သူ့အမျိုးသမီးလည်း မဟုတ်ဘူး၊ ဧည့်သည်လည်း မဟုတ်ဘူး"

"ရှင်. . ."

မိသန်းနုနှင့် မိန်းကလေးငယ်တို့မှာ မျက်လုံးများ ပြူးကျယ်သွားကြသည်။

အံ့သြသောမျက်နှာနှင့် ကေသီဝမ်းအား ငေးကြည့်





နေကြရှာသည်။

"ကဲ. . ကဲ. . ရှိတာသာ ချက်လိုက်ပါ၊ ကျွေးတာ စားလိမ့်မယ်"

"ခပ်မြန်မြန်သာ ချက်လိုက်. . . ဟုတ်လား"

"ဟုတ်ကဲ့. . ."

မိသန်းနုနှင့် မိန်းမငယ်လေးတို့မှာ ပဟေဠိဖြစ်လျက် တဲတွင်းမှ ပြန်ထွက်သွားကြလေသည်။

သို့ရာတွင် တစ်ဦးနှင့်တစ်ဦး တီးတိုးပြောကာ ပြုံးလျက် ထွက်သွားကြသည်။

ရှင်းသန့်နှင့် ကေသီဝမ်းတို့မှာ တစ်ဦးနှင့်တစ်ဦး စကားမပြောဖြစ်ကြဘဲ ငြိမ်သက်စွာ ထိုင်နေကြသည်။

အတန်ကြာမှ သူမက စတင်ပြောကြားလာသည်။

"ရှင် ကျွန်မကို ပုသိမ် ဘယ်တော့ ပြန်ပို့မှာလဲ"

သူက မည်သို့မျှ မတုန့်ပြန်ဘဲ နှုတ်ဆိတ်နေသည်။

"ပြောလေ. . . ဘယ်တော့ ပြန်ပို့မှာလဲ"

"ငါက မင်းကို ခေါ်လာတာမှ မဟုတ်ဘဲ၊ မင်းကသာ ငါ့ရဲ့ပဲ့ထောင်ပေါ် ပါလာတာ၊ ငါ့မှာ ပြန်ပို့ဖို့ တာဝန်မရှိဘူးကွ"

သူ၏အဖြေစကားကြောင့် သူမ မျက်လုံးများမှာ ဝိုင်းစက်သွားပြီး. . .

"ရှင် လုပ်နေတာတွေက ရာဇဝတ်မှု မကင်းဘူး



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ သိရဲ့လားဟင်၊ မိန်းကလေးတစ်ဦးကို အတင်းအဓမ္မ ဖမ်းဆီးထားတယ်ဆိုတဲ့အမှုက ဘယ်လောက်ထိ ထောင်ကျ သွားနိုင်တယ်ဆိုတာ ရှင်မသိဘူးထင်တယ်"

သူမက ကြောက်လန့်စေရန် ခြိမ်းခြောက်စကားများ ပြောလိုက်သည်။

သူက ဂရုမစိုက်ဟန်နှင့် ပြုံးလျက် တုန့်ပြန်သည်။

"ကျုပ် မင်းကို အတင်းအဓမ္မလဲ ခေါ်မလာဘူး၊ ဖမ်း လည်း မဖမ်းထားဘူး၊ ပြန်ချင်သပဆိုရင် မင်းဘာသာမင်း ပြန်ပေါ့၊ ဘယ်သူက တားထားလို့လဲ၊ ထမင်းတောင် ကျွေး အုံးမယ့်ဟာ"

သူမခမျာ တွေတွေလေး ဖြစ်သွားသည်။

"ကျွန်မဘာသာတော့ ဘယ်ပြန်တတ်မှာလဲရှင်"

"မပြန်တတ်ရင်တော့ မပြန်ရုံပဲ ရှိတာပေါ့၊ မင်းကို ဘယ်သူမှ လိုက်ပို့နိုင်မှာ မဟုတ်ဘူး၊ ဒီကျွန်းမှာ အားလပ်နေ တဲ့ လူပိုရယ်လို့ တစ်ယောက်မှ မရှိဘူး"

"ဒါဆို ကျွန်မ ရဲစခန်း သွားတိုင်လိုက်မှာပေါ့၊ ဒါဆို ရင် ရှင်ဒုက္ခရောက်သွားမယ်နော်"

"သွားတိုင်လေ. . . ဒီကျွန်းမှာ ဘာရဲစခန်းမှ မရှိဘူး ရှိတဲ့သူတွေ သွားတိုင်ရင်လဲ ငါ့လူတွေက မင်းကို ဝိုင်းဟားကြ လိမ့်မယ်"





"ဒါ. . . ဒါဆို ကျွန်မ ဒီမှာ ညအိပ်ရမှာလားရှင်"

"ဒီမှာ မအိပ်ချင်ရင်လဲ ပင်လယ်ရေထဲမှာ သွားအိပ် ချင်ရင်လဲ သဘောပဲ၊ အဲဒီလို အိပ်ချင်ရင်လဲ ပြော၊ ငါ့လူတွေ ကို လက်ဖျောက်တစ်ချက် တီးပြလိုက်ရုံပဲ"

"ရှင်. . ."

သူက ပင်လယ်ဘက်သို့ ငေးမျှော်ကြည့်လိုက်မိ သည်။

ပင်လယ်ရေပြာပြာအား မျက်စိတစ်ဆုံး တွေ့မြင်နေ ရသည်။ လေသံ တဟူးဟူးနှင့် လှိုင်းပုတ်သံကလည်း တဝုန်း ဝုန်းနှင့် ကြားနေရသည်။ လှိုင်းလုံးဖြူတို့ကား တစ်လုံးပြီး တစ်လုံး ကျွန်းဆီသို့ လာရောက်ရိုက်ခတ်နေသည်။

"ကျွန်မအဖေ စိတ်ပူနေမှာ သေချာတယ်၊ ဒေါင်း တောက်အောင် လိုက်ရှာနေတော့မယ်"

"ဒါတော့ မတတ်နိုင်ဘူးလေ"

သူမက စိုးရိမ်ပူပန်နေသည့်အသွင်နှင့် ပြောကြားနေ ခဲ့သော်လည်း သူကမူ ဘာမှ ဂရုမစိုက်ဟန်နှင့် ပခုံးတွန့်လျက် ပြောလိုက်လေသည်။

"ကျွန်မအဖေ သိသွားရင်တော့ ရှင် တရားစွဲခံရမှာ သေချာတယ်"

"သူမသိပါဘူး. . . သူက ကျုပ်ကို အလုပ်လစာမဲ့လို့



www.burmeseclassic.com

www.burmeseclassic.com



ထင်ထားတာလေ၊ ပြီးတော့ မင်းအဖေက မင်းပြောသလို လုပ်မှာ မဟုတ်ပါဘူး"

ကေသီဝမ်းက သူ၏ပြောစကားအား လှောင်သလို ရယ်မောလိုက်လေသည်။

"ဟင်း. . ဟင်း. . ဟင်း"

"ဒါက ရှင့်အထင်ကိုး၊ မယုံရင် ဖေဖေ့ကို အသိပေး ကြည့်လိုက်လေ"

"ဒါကတော့ အခြေအနေအရပေါ့၊ ဟဲ. . ဟဲ၊ တစ်နေ့ နေ့တော့ အသိပေးမှာပါ. . . မပူပါနဲ့လေ"

ရှင်းသန့်သည် ကေသီဝမ်းရှေ့မှ တဲထဲသို့ ဝင်သွားပြီး ပြန်ထွက်လာသောအခါ မြက်ဦးထုပ်တစ်လုံးကို ဆောင်း လျက် ပြန်ထွက်လာလေသည်။

"ဒီကျွန်းမှာ မင်းကြိုက်သလို လွတ်လွတ်လပ်လပ် နေ နိုင်တယ်၊ စားချိန်တန် စားရလိမ့်မယ်၊ အိပ်ချိန်တန် အိပ်ရလိမ့် မယ်"

"ရှင်က ဘယ်လဲရှင့်"

"ငါ့အလုပ် ငါလုပ်ရမှာပေါ့"

ရှင်းသန့်က သူမအား ဂရုမစိုက်ပဲ ပြောပြောဆိုဆို ထွက်ခွာသွားသဖြင့် ကေသီဝမ်း တဲအတွင်း ငေါင်စင်းစင်း ကျန်ခဲ့လေသည်။





"ဟင်း. . ."

သူမက ရှည်လျားစွာ သက်ပြင်းချလိုက်ပြီး စိတ်လွတ် ကိုယ်လွတ် နေလိုက်မိ၏။

"ဘယ်လိုလူစားမျိုးလဲ မသိဘူး"

နှုတ်မှလည်း ရေရွတ်လိုက်မိပြန်သည်။

မြက်ဦးထုပ်ကြီးကို ဆောင်းလျက် နေပူထဲသို့ တစ် လှမ်းချင်း ထွက်သွားခဲ့လေပြီ။

ဒီလို ကျွန်းခေါင်ခေါင်မှာ သူ့မှာ ဘာအလုပ်,လုပ် စရာ ရှိလို့လဲ။

ထို့နောက် ကေသီဝမ်းသည် တဲကို သေချာစွာ အကဲ ခတ် ကြည့်ရှုမိပြန်သည်။ တဲအတွင်းမှ ပင်လယ်ပြင်ကို လှမ်း မြင်နေရပြီး လတ်ဆတ်သော လေတို့က တဟူးဟူးနှင့် အေး မြမ်းတိတ်ဆိတ်လှသည်။

တစ်နေရာတွင် ဓါတ်ပုံတစ်ပုံကို ချိတ်ဆွဲထားသဖြင့် စိတ်ဝင်စားစွာ သွားကြည့်လိုက်မိသည်။

"ဟင်. . ."

သူနှင့် ကိုခန့်ညားတို့ ဘာလီကမ်းခြေတွင် တွဲရိုက် ထားသောဓါတ်ပုံဖြစ်သည်။

နှစ်ဦးစလုံးက ပြုံးနေကြသော ဓါတ်ပုံတစ်ပုံဖြစ်သည်။ ထိုဓါတ်ပုံထဲမှ အမျိုးသားနှစ်ဦးမှာ သူမနှင့် ပတ်သက်သူများ



www.burmeseclassic.com

www.burmeseclassic.com



သာဖြစ်ကြ၏။ သို့ရာတွင် တစ်ဦးက သူမအား အသည်းအသန် ချစ်ခဲ့လေသူ။

တစ်ယောက်ကတော့ သူမအား မုန်းတီးနေသူဖြစ်၏။

ထို့ကြောင့် ခန့်ညားက ဓာတ်ပုံထဲမှ သူမကို ချစ်မြတ်နိုးသောအပြုံးနှင့် ပြုံးကြည့်နေသည်ဟု ထင်မိသည်။ ကျန်တစ်ယောက်ကတော့ သူမအား သရော်ဟန် မထီပြုံးနှင့် ပြုံးပြနေသလိုလို။

ဓာတ်ပုံထဲမှာတောင် မျက်မုန်းကျိုးတယ်. . . ဟွန်း။ သူမက ဓာတ်ပုံထဲမှ ရှင်းသန့်အား မျက်စောင်းထိုးပြီး ပြောလိုက်သည်။

မျက်လုံးများက မှန်ဗီရိုဆီသို့ ရောက်သွားပြန်လေသည်။ အမြင့်ငါးပေ အလျား(၆)ပေခန့် ရှိမည်ထင်သည်။ မှန်တံခါးဖြစ်သောကြောင့် အတွင်းမှ စာအုပ်များကို တွေ့မြင်နေရလေသည်။ တစ်ခြမ်း၌ အင်္ဂလိပ် စာအုပ်အမျိုးမျိုးကို တွေ့ရသည်။

တစ်ခြမ်းတွင် မြန်မာစာအုပ်များ ကျမ်းကြီးကျမ်းငယ် အသွယ်သွယ်ကို တွေ့ရသည်။

"အင်း. . . စာတော့ အတော်ဖတ်ပုံရတယ်"

စာအုပ်ဗီရိုအနီးမှ အခန်းလေးကို ချောင်းကြည့်လိုက်





မိသည်။ သူ၏အိပ်ခန်း ဖြစ်ပုံရသည်။ ကွပ်ပျစ်တစ်ယောက်အိပ်စာနှင့် အိပ်ယာခြင်ထောင် ကြိုးတန်းများတွင် ချိတ်တင်ထားသော အဝတ်အစားများက ရှုပ်ပွနေလေသည်။ ခေါင်းရင်းဘက်တွင်လည်း တီဗီနှင့်အောက်စက်တစ်စုံကို တွေ့ရှိရလေသည်။

စားပွဲခုံလေးတစ်လုံးပေါ်တွင်လည်း ဖတ်လက်စ စာအုပ်နှစ်မျိုးသုံးမျိုးကိုလည်း တွေ့ရသည်။

"ခေတ်ပညာတတ် ထင်တယ်"

သူမက တိုးတိုးလေး ရေရွတ်လိုက်မိပြန်သည်။

နောက်ဘက်သို့ ထွက်ကြည့်လိုက်ရာ ကျောက်စည်ကြီးတစ်လုံးထဲသို့ မည်သည့်နေရာက သွယ်တန်းထားသည်ကို မသိရသော ရေပိုက်ရှည်ကြီးကိုလည်း တွေ့ရလေသည်။

ရေများကလည်း ပြည့်နေသောကြောင့် ရေချိုးချင်စိတ်က တဖွားဖွား ပေါ်ပေါက်လာသော်လည်း မည်သို့ ရေလဲဝတ်ချိုးရမည် မသိသောကြောင့် ဟိုမိန်းမနဲ့ တွေ့တော့မှ ရေလဲဝတ် တောင်းချိုးတော့မည်ဟု စိတ်ကူးမိသည်။

နောက်ဘက်မှ ကြည့်လိုက်လျှင်လည်း တဲအိမ်အချို့ကို တွေ့နေရသည်။ ကလေးအချို့နှင့် လူအချို့ကို တွေ့နေရ၏။ လူငယ်တစ်ဦး သည်ဘက်သို့ လျှောက်လာသည်ကို မြင်ရသဖြင့် အိမ်ရှေ့ကွပ်ပျစ်ပေါ်တွင် ပြန်ထိုင်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

မရှေးမနှောင်းမှာပင် လူငယ်ကလေး တဲကလေးဆီသို့ ရောက်ရှိလာသည်။

သူမကို အကဲခတ် ကြည့်ပြီးနောက်. . .

"အစ်မ မိသန်းနုက ရေချိုးချင်ရင် ချိုးပါတဲ့၊ ကိုယ်လန်းသွားမှ ထမင်းစားကောင်းမှာလို့ ပြောတယ်၊ ရေချိုးချင်ရင် ကျွန်တော်နဲ့ လိုက်ခဲ့ပါ။ အစ်မ မိသန်းနုဆီ ပို့ပေးပါ့မယ်"

လူငယ်လေးမှာ ကိုရှင်းသန့်၏တပည့် စောအောင်ဘု ဆိုသူပင်။

"ကျေးဇူးပါပဲ. . . အစ်မ ရေချိုးချင်နေတာနဲ့ အတော်ပဲ. . . လိုက်ခဲ့မယ်လေ"

စောအောင်ဘုနောက် လိုက်ခဲ့လေသည်။

မိသန်းနုက သူမအား ဖော်ရွေစွာ ကြိုဆိုပါသည်။

"လာ. . . ညီမ ပျင်းနေမယ် ထင်တယ်"

"ဟင်း. . ဟင်း. . ရန်ဖြစ်ရမယ့်သူက မရှိတော့ဘူးလေ"

"ဟင်း. . ဟင်း. . ကိုရှင်းသန့်က ဒီလိုပဲ. . . လူကန့်လန့်လေ၊ အပြောဆိုးပေမယ့် စိတ်ထားကောင်းပါတယ်ကွယ်"

မိသန်းနုက ပြုံးပြီး ပြန်ပြောလိုက်သည်။

"အင်း. . . ကျွန်းပေါ်မှာ ရှိတဲ့သူတွေက သူ့လူတွေ





ပဲ၊ အဲဒါကြောင့် ကိုယ့်ငါးချဉ် ကိုယ်ချဉ်တာပေါ့"

သူမ၏တုန့်ပြန်စကားကြောင့် မိသန်းနုက ပြာပြာသလဲ. . .

"အို. . . မဟုတ်ပါဘူး. . . တကယ်ပါ၊ ကိုရှင်းသန့်က စိတ်ဓါတ်ကောင်းတဲ့ လူငယ်တစ်ဦးပါကွယ်"

ဟု ပြောရာ သူမက မဲ့ပြုံးပြုံးလျက်. . .

"ဘာတွေများ အစ်မတို့အပေါ် ကောင်းတာ ရှိလို့လဲရှင်"

"လက်တွေ့မို့လို့ ပြောပြဝံ့တာပါ ညီမရယ်၊ ပြောပြရင် ယုံကြည်မှာတောင် မဟုတ်ဘူး"

"ဒါလောက်တောင်ပဲလားဟင်"

"ညီမ စဉ်းစားကြည့်လေ၊ ရေခြားမြေခြား တိုင်းတပါးမှာ သေဆုံးသွားတဲ့သူရဲ့ငွေတွေကို နှစ်ပေါင်းများစွာ ကွဲကွာနေတဲ့ညီမကို ရှာဖွေပြီး လိုက်လံပေးကမ်းခဲ့တာပါ"

"ငွေနည်းလို့ ဖြစ်ပါလိမ့်မယ် အစ်မရယ်"

သူမက တမင်ရွဲ့ပြီး ပြောလိုက်သည်။

"သိန်းပေါင်း တစ်ရာ့ငါးဆယ်လေ ညီမရဲ့၊ အဲဒီငွေက နည်းသလား၊ ကျွန်မတို့အဖို့ ဒီတစ်သက်မပြောနဲ့၊ နောက်တစ်သက်တောင် ရှာဖို့ မလွယ်ဘူးလေ"

"ဟင်. . ."


www.burmeseclassic.com

www.burmeseclassic.com



ကေသီဝမ်း ပါးစပ်အဟောင်းသား ဖြစ်သွားမိသည်။

"အဲဒီလူက အစ်မနဲ့ ဘာတော်လဲ"

"ကျွန်မရဲ့အစ်ကိုအရင်းပါ။ ကျွန်မနဲ့ ငယ်ငယ်တည်းက ကွဲသွားကြတာ"

"ဘယ်သူများလဲ၊ အစ်မနာမည် ဘယ်လိုခေါ်သလဲ"

"အစ်မ အစ်ကို့ရဲ့ရွာမှာ နေတုန်းက နာမည်ကတော့ နိုင်တင်ရွှေလို့ခေါ်ပါတယ်၊ ရွာက ထွက်သွားပြီးတော့ ခန့်ညားလို့ ပြောင်းလိုက်တယ်လို့ ပြောတယ်၊ ကိုရှင်းသန့်ရဲ့အခန်းထဲမှာတောင် ချိတ်ထားတဲ့ဓါတ်ပုံ ရှိတယ်၊ သူတို့ အလုပ်သွားလုပ်တဲ့နိုင်ငံမှာ နေတုန်းက ရိုက်ထားတဲ့ဓါတ်ပုံလေ"

"ဩော်. . . ဟုတ်လား"

ကေသီဝမ်း တွေတွေငေးငေးလေး ဖြစ်သွားသည်။

"ဒါနဲ့ သူ့အလုပ်က ဘာတွေလဲ၊ ကျွန်းပေါ်မှာလဲ ဘာမှ မတွေ့ရပါလားရှင်"

"ဟောဟိုမှာ ကြည့်လိုက်၊ နောက်ဖက်က လာကြည့်"

မိသန်းနုက သူမအား ခေါ်ပြနေသဖြင့် သူမက လှမ်းမျှော်ကြည့်လိုက်သည်။

မျက်စိတဆုံး တမျှော်တခေါ်ကြီး သစ်ပင်ပေါက်များစွာနဲ့ အလုပ်သမားများကို တွေ့ရလေသည်။



BURMESE CLASSIC .com



"ဘာတွေလဲဟင်"

"နှစ်ရှည်ပင်တွေလေ. . . အုန်းနဲ့ သီဟိုဠ်ပင်တွေပေါ့၊ သစ်ဆိမ့်ပင်ကိုတော့ စမ်းသပ်စိုက်ပျိုးထားတုန်း"

"သစ်ဆိမ့်ပင်က ဘာအသုံးဝင်လို့လဲ"

"ဆီလေ. . . စားအုန်းဆီလိုပဲ ဆီထွက်တယ်"

"ဟုတ်လား. . . ကြားတောင် မကြားဖူးဘူး"

"နိုင်ငံခြားကလည်း အားပေးတယ်၊ နိုင်ငံခြား ငွေယိုပေါက်ကို ပိတ်တဲ့ ဆီအုန်းပင်တွေပါ။ သီဟိုဠ်စေ့ကတော့ နိုင်ငံခြားမှာ စျေးကောင်းပေးဝယ်တယ်၊ အုန်းကတော့ သိတဲ့အတိုင်း ပြည်တွင်းမှာ မရှိမဖြစ်လေ"

"တော်တော်ကို ရင်းထားရမှာပဲနော်"

"ဟင်း. . ဟင်း. . သိပ်မရင်းရပါဘူး၊ သိန်းသုံးရာလောက် ဝင်သွားပြီ၊ ကျောက်ကလပ်မှာလဲ ငါးခြောက်လုပ်ငန်းတွေ လုပ်ထားသေးတယ်၊ အဲဒီမှာတော့ သိလှောင်ရုံတွေပေါ့"

"အစ်မတို့က သူတို့အလုပ်သမားတွေပေါ့"

"မဟုတ်ပါဘူးကွယ်. . . အစ်မတို့မိသားစုက အရင်တုန်းက မွန်ပြည်နယ် သံဖြူဇရပ်ကပါ၊ လယ်ယာသူရင်းငှားလုပ်စားရတဲ့ မိသားစုပေါ့၊ အရမ်းဆင်းရဲပါတယ်၊ ကိုရှင်းသန့် ရောက်လာပြီး မမျှော်လင့်တဲ့ အစ်ကိုနိုင်တင်ရွှေရဲ့ငွေတွေ



www.burmeseclassic.com

www.burmeseclassic.com



ပေးလို့ ဆင်းရဲတဲ့ဘဝက လွတ်မြောက်ခဲ့ရတယ်၊ ဒါပေမယ့် တစ်သက်တာလုံး လွတ်မြောက်ဖို့ကတော့ ရှိနေတဲ့ငွေတွေ မပျောက်ပျက်ဘဲ တိုးပွားအောင် စီးပွားရေးလုပ်ငန်းတစ်ခုခု လုပ်ထားမှ ဆိုတဲ့အသိကို ကိုရှင်းသန့်က ပြောပြခဲ့တယ်၊ ဒါကြောင့် သူ့ရဲ့လုပ်ငန်းမှာ အစုစပ် ထည့်ဝင်ထားတယ်၊ ကျန်တာတွေကိုတော့ လောလောဆယ် ဘဏ်တိုးရအောင် ဘဏ်ထဲမှာ ထည့်ထားတယ်. . . စိတ်ချရအောင်ပေါ့၊ ဒါတွေ အားလုံး ကိုရှင်းသန့်ကပဲ စီစဥ်ပေးတာပါ၊ ကျွန်မတို့ လင် မယားကတော့ တောသူတောင်သားတွေပဲ၊ သူ့လောက် တော့ ဘယ်သိမှာလဲရှင်"

"အင်း . . . ဟုတ်တာပေါ့"

"လာလေ. . . ရေချိုးလိုက်အုံး၊ ပြီးရင် စိုက်ခင်းထဲ လိုက်ပြမယ်၊ ကြည့်မယ်မဟုတ်လား ညီမ"

"ကြည့်မယ်လေ"

ထို့နောက် မိသန်းနုတို့ နေထိုင်ရာတွင် ရေမိုးချိုးလိုက်၏။ ပြီးတော့ သနပ်ခါးကျောက်ပြင် လာချပေးသောကြောင့် သနပ်ခါးကို ခြေဆုံးခေါင်းဆုံး လိမ်းပစ်လိုက်သည်။

"ငါ့ညီမက တကယ်လှတာပဲ"

ပြီးသည်နှင့် သူတို့ စိုက်ခင်းရှိရာသို့ ဦးတည်လိုက်သည်။





လောလောဆယ်တွင် ကေသီဝမ်း အပူအပင် သော တ ဟူသမျှတို့ မိန်းကြာရွက် ရေမတင်သကဲ့သို့ လျော့ကျ မှေလျော့လျက်. . .။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၅)

မိသန်းနုနှင့် ကေသီဝမ်းအား တွေ့ရှိလိုက်သောကြောင့် ရှင်းသန့်မှာ အံ့ဩသွားလေသည်။

"ဩော်. . . လေ့လာရေး ထင်တယ်"

"ဟုတ်တယ်"

"ကိုရှင်းသန့်ရဲ့ညွှန့်သည်က စိုက်ခင်းတွေကို စိတ်ဝင်စားလို့ လိုက်ပြတာပါ"





"အို. . . သူက ကျွန်တော့်ညွှန့်သည် မဟုတ်ပါဘူးလို့ ပြောထားသားနဲ့ အစ်မရယ်"

"ဒါဖြင့်. . ."

မိသန်းနုသည် ရှင်းသန့်စကားကြောင့် ဘာဆက်ပြောရမှန်း မသိအောင် ဖြစ်သွားရလေသည်။

"ကျွန်မက အစ်မ မိသန်းနုရဲ့ညွှန့်သည် ဖြစ်နေပြီရှင့်"

သူမက ကြားဖြတ်ပြောလိုက်သောကြောင့် ရှင်းသန့်ရော မိသန်းနုပါ ပြုံးရယ်လိုက်ကြသည်။

"ဒါဖြင့် အစ်မပဲ ကိုယ့်ညွှန့်သည်ကို ကိုယ်လိုက်ပြပေတော့ အစ်မရေ"

"ကောင်းပါတယ်"

သူမတို့နှစ်ဦး ရယ်မောရင်း သူ့အနားမှ ထွက်ခွာသွားကြလေသည်။ မင်းသိုက်ထော်က မိန်းမနှင့် ပါလာသည့် မိန်းမပျိုမှာ တစ်ခါမှ မမြင်ဖူးသော တစိမ်းတစ်ဦး ဖြစ်နေသောကြောင့် အံ့ဩစွာ ကြည့်နေလေသည်။

ပြီးတော့ နှုတ်မှလည်း ရေရွတ်လိုက်သည်။

"အားပါး. . . တယ်လှပါလား ရှင်းသန့်ရဲ့ ဘယ်သူ့ညွှန့်သည်လဲဝေ"

"အစ်မ မိသန်းနုရဲ့ညွှန့်သည်ပါဗျာ"

"ဟော. . . မဖြစ်နိုင်တာ ဒီလောက်လှတဲ့ မိန်းမလေး



www.burmeseclassic.com

www.burmeseclassic.com



အသိ ငါ့မိန်းမဆီမှာ မရှိပါဘူး. . . ငါသိတာပေါ့၊ သူက မြို့သူတစ်ဦးပဲ"

"ပါလာတာကတော့ ကျွန်တော့်ပွဲထောင်နဲ့ပါပဲ၊ ဒါပေမယ့် သူက ကျွန်တော့်ဇနီးသည် မဟုတ်ဘူး"

"ဟင်. . . မင်းဥစ္စာကလည်း၊ မင်းရဲ့ပွဲထောင်နဲ့လည်း ပါလာတယ် ပြောတယ်၊ မင်းဇနီးသည်လည်း မဟုတ်ဘူး ဆိုတော့ ဘာသဘောလဲ"

သူက ရှင်းပြလိုက်ရသည်။

"အို. . . သူက ကျွန်တော် ပင့်ဖိတ်ပြီး ခေါ်လာတာ မဟုတ်ဘူး၊ ကျွန်တော့်ပွဲထောင်ပေါ်မှာ မှားရောက်နေလို့ ပါလာတာပါ"

"လမ်းကြုံပေါ့. . . ဟုတ်လား"

"ထင်တာပဲ"

မင်းသိုက်ထော် တဟားဟား ရယ်မောလိုက်သည်။

"ဟုတ်မှလဲ လုပ်ပါ ရှင်းသန့်ရာ"

သူတို့နှစ်ယောက် ရယ်မောလိုက်သံကြောင့် ကေသီဝမ်းတို့က လှမ်းကြည့်လိုက်သည်။

"ဘာလို့ ရယ်တာလဲ ကိုသိုက်ရဲ့"

မိသန်းနုက လှမ်းအော်မေးလိုက်ရာ မင်းသိုက်ထော်က. . .





"ရှင်းသန့်က သူ့ဇနီးသည် မလှဘူးလားလို့ မေးနေလို့ မိသန်းနုရဲ့"

"ရှင်ကရော ဘယ်လိုပြန်ဖြေလိုက်သလဲ"

"ဟ. . . ငါ့မိန်းမ မိသန်းနုလောက်တော့ ဘယ်လှမလဲလို့ ပြန်ဖြေလိုက်တာပေါ့၊ အခု ငါ့ကို စိတ်ဆိုးနေလို့ ငါ ဘယ်လိုလုပ်ရမလဲဟ"

"ဟာ. . . ကိုသိုက်ထော် ခင်ဗျား ဘာတွေ ပြောနေတာလဲ၊ ဟိုက တကယ်ထင်နေပါဦးမယ်ဗျာ"

"ဟား. . . ဟား. . . ဟား"

မင်းသိုက်ထော်က ရယ်မောလျက် ရှင်းသန့်အနီးမှ ထွက်ခွာသွားလေသည်။ ရှင်းသန့်ကလည်း တခြားအလုပ်သမားများထံ လျှောက်လာခဲ့လေသည်။

အလုပ်သမားများက အလုပ်ခဏရပ်ပြီး လှမ်းမေးကြလေသည်။

"အဲ့ဒါ ဆရာ့အမျိုးသမီးလား"

"မဟုတ်ပါဘူးကွ"

"ဒါဆို ဘယ်သူ့ဇနီးသည်လဲ"

"အစ်မ မိသန်းနု ဇနီးသည်ပါကွ"

"ဆရာနဲ့ လိုက်တယ်၊ အစ်မ မိသန်းနုကို ကပ်ထားလိုက်. . . မမှားဘူး"



www.burmeseclassic.com

www.burmeseclassic.com


"ဟာ. . . ဒီကောင်"

ထိုအလုပ်သမားလူငယ်က သူ့အနီးမှ ပြောဆိုရယ်မောပြီး ပြေးထွက်သွားလေသည်။

"ဆရာ. . ."

"ဘာလဲကွာ"

"မိုက်တယ်နော်"

"ဘာမိုက်တာလဲ"

"အဲဒီအမျိုးသမီး စတိုင်က မိုက်တယ်လို့ ပြောတာပါ"

"လာပြန်ပြီ တစ်ကောင်. . . သွားစမ်းကွာ"

အလုပ်သမားတစ်ယောက်ကလည်း အနားမှ ဖြတ်ပြေးသွားပြန်သည်။

သူတို့နှစ်ဦးအား အလုပ်သမားများက ကြည့်နေသောကြောင့်. . .

"ဘာဖြစ်နေတာလဲ အစ်မ မိသန်းနု"

"ကိုရှင်းသန့်ကို အလုပ်သမားတွေက စနေကြတာနေမှာပေါ့"

"ဘာဖြစ်လို့လဲ"

"ညီမက မြို့သူဆိုတော့ လှတယ်လေ၊ အဲဒါကြောင့် ကိုရှင်းသန့်ကို စနေကြတာပေါ့။ သူက အလုပ်သမားတွေနဲ့သည်း ဒီလိုပဲ ပျော်ပျော်ပါးပါး နေတတ်တယ်"

ကေသီဝမ်းမျက်နှာမှာ ပန်းသွေးရောင်လေး ပြေးသွားသည်။

သူမက စကားလမ်းကြောင်း ပြောင်းလိုက်သည်။

"ဟိုအပင်က ဘာပင်တွေလဲဟင်"

"အဲဒါက သီဟိုဠ်ပင်ပေါက်တွေပါ"

"ညီနေတာပဲနော်"

"ညီနေအောင် စိုက်ရတယ်၊ မညီရင် ကိုရှင်းသန့်က ဆူတယ်"

"ဟိုဘက်ကရော"

"အဲဒါကတော့ သစ်စိမ့်ပင်လေးတွေပေါ့"

"အုန်းပင်တွေကတော့ အထွားမြန်တယ်၊ ကြီးလာရင်တော့ အပြိုင်းအရိုင်း ဖြစ်လာကြမှာ မြင်ယောင်သေးတယ်၊ နောက်တစ်နှစ်နှစ်နှစ်ဆိုရင်တော့ အရိပ်ခိုလို့ရပြီ"

"ဟုတ်တယ်နော်. . . ဒီစိုက်ထားတဲ့အပင်တွေက ကြီးလာရင် ကျွန်းတစ်ခုလုံး စိမ်းနေမှာပဲ"

"အရမ်းသာယာပြီး လှမှာပဲနော် အစ်မ"

"ဒါပေါ့. . . အစ်မတို့ မွန်ပြည်နယ်မှာလဲ ရော်ဘာပင်တွေက စိမ်းစို သွယ်တန်းနေတာပဲ၊ ဒီမှာလဲ တစ်နေ့ အဲလိုဖြစ်လာမှာ. . . သိလား"



www.burmeseclassic.com

www.burmeseclassic.com

ကေသီဝမ်းသည် စိုက်ခင်းများကို မျှော်ငေးကြည့်ရှုရင်း ကြည်နူးချမ်းမြေ့နေလေသည်။

လေများ တဟူးဟူး တိုက်ခတ်နေသဖြင့် သူတို့ဆံစများမှာ တဖျတ်ဖျတ် လွင့်နေသည်။

မိသန်းနုက ဆံပင်များကို စုစည်းပြီး ထမီကိုလည်း ပြင်ဝတ်လိုက်လေသည်။

"ညီမလဲ ဆံပင်စည်းလိုက်ပါလား"

"ကောင်းသားပဲ"

"ဒီကျွန်းမှာတော့ နုနေလို့မရဘူး ညီမရဲ့ . . . ခပ်ကြမ်းကြမ်းမှ"

သူမက ရယ်နေသည်။ ထမီကိုလည်း နဂိုထက်တော့ တိုလိုက်ရသည်။

ထို့နောက် စိုက်ခင်းများဆီသို့ လျှောက်ကြည့်ကြရာ အလုပ်သမားများက စပ်စုစွာ မိသန်းနုကို နှုတ်ဆက်ကြလေသည်။

"အစ်မ မိသန်းနုက အစ်ကိုမင်းသိုက်တို စိတ်မချလို့ လိုက်လာတာလား"

"အေး . . . ဟုတ်တယ်၊ အလုပ်ခွင်ထဲမှာ နင်တို့နဲ့ အတူ အရက်ခိုးသောက်နေမှာစိုးလို့ဟဲ့"

"ဟာ . . . အစ်မကလဲ တိုးတိုးပြောပါဗျာ၊ အစ်ကို ရှင်းသန့် ကြားသွားရင် ကျွန်တော်တို့ကို ပွမ်နေအုံးမယ်"

"ငါ မိလို့ကတော့ တိုင်ပြီးသားပဲနော်"

"မလုပ်ပါနဲ့ အစ်မရယ်၊ အစ်မက ချွန်တွန်းပဲ"

နောက်တစ်ယောက်က . . .

"အဲဒီလို မလုပ်ပါဘူးနော် တို့အစ်မက . . ဟဲ . . ဟဲ"

ပြောဆိုနေသည်ကို ကြည့်ပြီး ကေသီဝမ်းက ပြုံးနေမိသည်။

"ကဲ . . . ပြန်တော့မလား၊ ဗိုက်လည်း ဆာရောပေါ့၊ ထမင်းစားကြရအောင်"

မိသန်းနုက မေးလိုက်ရာ သူမက ခေါင်းညိတ်လိုက်သည်။

သူတို့ တဲဘက်သို့ ပြန်လှည့်လာကြသည်။ ကိုရှင်းသန့်ကို တွေ့သောအခါ အစ်မမိသန်းနုက အော်ခေါ်လိုက်သည်။

"ကိုရှင်းသန့်ရေ . . ထမင်းစားကြစို့"

"စားနှင့်ပါ . . . အစ်မညွှန့်သည်ကိုသာ ဝအောင် ကျွေးလိုက်ပါဗျာ"

"လာပါ . . . အတူတူ စားကြတာပေါ့၊ ဧည့်သည် ညီမတစ်ယောက်တည်းဆိုတော့ ဘယ်စားရဲမှာလဲ၊ လာပါ ပျော်ပျော်ပါးပါးပေါ့ ကိုရှင်းသန့်ရဲ့"







www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်တယ်. . . တစ်ခါတည်း စားလိုက်ပါ ကိုရှင်းသန့်"

ရှင်းသန့် ဆတ်ကနဲ မော့ကြည့်ကာ အံ့အားသင့်သွားလေသည်။

"ဧည့်သည်ကိုယ်တိုင်က တောင်းဆိုနေမှတော့ စားရတာပေါ့ဗျာ"

ရှင်းသန့် သူတို့အနီးသို့ ရောက်လာသည်။

ကေသီဝမ်းက ပြုံးပြလိုက်ရာ သူကလည်း ပြန်လည်ပြုံးပြလိုက်၏။

မိသန်းနုအား အလယ်ထား၍အိမ်ဘက်သို့လျှောက်လာကြသည်။

မကြာမီ မိသန်းနုတို့အိမ်ကို ရောက်လာကြရာ ကလေးသုံးယောက်အား မိခင်ဖြစ်သူက သွားကစားခိုင်းလိုက်လေသည်။

"သားတို့ သွားကစားကြအုံး၊ ဧည့်သည်တွေ ထမင်းစားကြမယ်"

"ဟုတ်ကဲ့ အမေ"

သူတို့က မိခင်ဖြစ်သူကို ဟုတ်ကဲ့ဟု ပြောပြီး မျက်လုံးများက ကေသီဝမ်းဆီသာ ကြည့်နေကြသည်။

"ဟိတ်ကောင်တွေ. . . ဘာကြည့်နေတာလဲကွ"



"ဧည့်သည်မမက ချောလို့ ကြည့်တာပါ"

အလတ်ကောင်က ရှင်းသန့်အား ပြုံးစိစိနှင့် ပြန်ဖြေသည်။

"မေမေနဲ့ ဘယ်သူပိုချောလဲကွ"

"ဧည့်သည်မမက ပိုချောတာပေါ့ ဦးရ. . . ဟီး"

အငယ်ကောင်က ပြန်ပြောသည်ကို ကြည့်ပြီး မိသန်းနုနှင့် ကေသီဝမ်းတို့က ပြုံးပြီးနားထောင်နေကြသည်။

"ကဲ. . . အကြီးကောင် ဖြေလေ၊ မင်းတို့ ညီအစ်ကိုသုံးယောက်ထဲက နှစ်ယောက်အကြိုက်က အတည်ပဲ"

အကြီးကောင်က. . .

"ဧည့်သည်မမရော မေမေရော အတူတူ ချောတယ်ဗျ"

"ဟာ. . . ဒီကောင်က လူလည်ပဲ၊ ကဲကဲ. . . နှစ်ဦးလုံး လှတယ် ဟုတ်ပြီလား၊ သွားကြ. . . သွားကြ"

ညီအစ်ကိုသုံးယောက်လုံး ပြေးဆင်းသွားလေသည်။

"သုံးယောက်ပေါင်း လောင်းကျော်ဆိုတာ သူတို့ညီအစ်ကိုပဲနော်"

"ဟုတ်တယ် ကိုရှင်းသန့်ရေ. . . မျောက်ရှုံးတယ်၊ သူတို့ဆရာမ နော်အဲလာမှ ကြောက်တယ်၊ ဆရာမလေး စကားတော့ နားထောင်မှထောင်"


www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . ဒီမှာ ကျောင်းရှိတယ် ဟုတ်လား"

"ဒီမှာတော့ ကျောင်းမရှိပါဘူး၊ ဆရာမလေးက အပင်ပန်းခံပြီး စေတနာနဲ့ လာသင်ပေးနေတာပါ"

မိသန်းနုက ပြောကြားလိုက်သဖြင့် ကေသီဝမ်း အံ့အားသင့်သွားသည်။

ဒီလိုကျွန်းလေးဆီသို့ ဘယ်လိုဆရာမမျိုးက စာလာ သင်ပေးနေပါလိမ့်ဟု တွေးနေမိသည်။

"ဘယ်ကတောင် လာသင်တာလဲဟင်"

"မြင်ခရိုင်ကပါ. . . သိပ်မဝေးပါဘူး၊ နာရီဝက် လောက်တော့ မောင်းရတယ်"

ရှင်းသန့်က ဝင်ရောက်ဖြေကြားလိုက်သည်။

"ဆရာမကလည်း ကိုရှင်းသန့် မျက်နှာကြောင့်ပါ ကွယ်၊ စေတနာနဲ့ လာသင်ပေးနေတာကွဲ့ ညီမရဲ့"

"ချီးကျူးဖို့ကောင်းတယ်နော်"

"ဒီကလေးတွေက သူတို့ဆရာမမှ ဆရာမပဲ၊ စော စောက မေးခွန်းမျိုး မေးလဲ ဒီလိုပဲ ဖြေမှာပဲ သေချာတယ်"

ရှင်းသန့်ရော ကေသီဝမ်းပါ ပြုံးနေကြလေသည်။

"မျက်နှာချင်းဆိုင် စားပြီး ရန်ဖြစ်မနေကြနဲ့နော်"

မိသန်းနုစကားကြောင့် သူတို့နှစ်ဦးလုံး ရှက်သွားကြ သည်။





"စားကြနော်. . . အားမနာနဲ့"

ထမင်းပွဲမှာ ကမန်းကတန်း ချက်လိုက်ရသော်လည်း ခုံစုံလင်လင် ဖြစ်နေသည်။ ကြက်သားဆီပြန် ချဉ်ပေါင်ဟင်းချို ငပိရည် တို့စရာ စုံစုံလင်လင် ဖွယ်ဖွယ်ရာရာ ဖြစ်နေသည်။

"အစ်မရော. . . တစ်ခါတည်း ဝင်စားလိုက်ပါလား"

ကေသီဝမ်းက ခေါ်လိုက်သည်။

"အမလေး. . . မစားပါရစေနဲ့ဦး၊ အိမ်ဦးနတ်ကြီးက သူ့မစောင့်ဘဲ စားရမလားဆိုပြီး သောင်းကျန်းနေပါဦးမယ်၊ ညီမတို့ပဲ အားရပါးရ စားကြပါအေ"

မိသန်းနုက ပြောရင်းဆိုရင်း ဟင်းများကို ခပ်ထည့် ပေးနေလေသည်။

နှစ်ဦးစလုံး ပန်းကန်ထဲသို့ ခပ်ထည့်ပေးရာ ကေသီ ဝမ်း ပန်းကန်ထဲသို့ ကြက်ပေါင်တစ်တုံး ရောက်ရှိသွားပြီး ရှင်း သန့် ပန်းကန်ထဲသို့ အသည်းအမြစ်တစ်တုံး ပါသွားလေ သည်။

ရှင်းသန့်က သူ့ပန်းကန်ထဲသို့ ရောက်လာသည့် အသည်းအမြစ်တုံးအား ကေသီဝမ်းပန်းကန်ထဲသို့ ထည့်ပေး ကာ ပြောလိုက်သည်။

"အသည်းစားတယ် မဟုတ်လား"

သူမက ဆတ်ကနဲ ရှင်းသန့်မျက်နှာအား မော့ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်လေသည်။

"ဟုတ်တယ်. . . ကျွန်မက အသည်းစားတယ်၊ ရှင်ကတော့ အရိုးစားတယ်မို့လား. . . ရော့"

သူမ ပန်းကန်ထဲက ကြက်ပေါင်ကို ရှင်းသန့်ပန်းကန်ထဲသို့ ပြောင်းထည့်ပေးလိုက်သည်။ မိသန်းနုက ထမင်းစားပွဲမှ အခြေအနေများကြောင့် မျက်လုံးပြူးသွားလေသည်။

ရှင်းသန့်က ချဉ်ပေါင်ဟင်းချိုကို မြည်းလိုက်ရင်း. . .

"အား. . . ချဉ်လိုက်တာ"

"ဘာရှင့်"

"ဩော်. . . ချဉ်ပေါင်ဟင်းရည်က ချဉ်တယ်လို့ ပြောတာပါ၊ ဟဲ. . ဟဲ"

သူမက မျက်စောင်းထိုးလိုက်သည်။

"ရော့. . . ငပိရည်ပါ စားလိုက်၊ ချဉ်စပ်လေးဖြစ်သွားအောင်"

သူမက ငပိရည်တစ်ဇွန်း ခပ်ပေးလိုက်သည်။

"ကျေးဇူးပဲ. . . ငပိရည်နဲ့ တို့စရာ ပါမှ စားတတ်တာ"

ရှင်းသန့်က ငပိရည် အတို့အမြုပ်များနှင့် အားပါးတရ စားလေသည်။

မိသန်းနုက သူတို့ ထမင်းဝိုင်းမှ စစ်အေးတိုက်ပွဲကို





ကြည့်လျက် ရင်လေးနေမိသည်။

"အစ်မတို့ လင်မယား ကျနေတာပဲကွယ်၊ ကိုသိုက်နဲ့ ထမင်းစားတိုင်း အဲလိုပဲ ရန်ဖြစ်ရတယ်"

သူမက အရွှန်းဖောက်ပြီး ထမင်းဝိုင်းကို ပြန်လည်ငြိမ်းချမ်းစေသည်။

"ကဲ. . ကဲ. . လွတ်လွတ်လပ်လပ် စားကြပါ၊ အစ်မ ရေနွေးသွားထည့်ဦးမယ်"

မိသန်းနုက နောက်ဘက်သို့ ရှောင်ထွက်သွားလေသည်။

သူမ ရေနွေးကရား ယူလာတော့ ကေသီဝမ်းတို့ ထမင်းစားပြီး လက်သုပ်နေပြီ ဖြစ်သည်။

"ဟင်. . . မြန်လိုက်တာ၊ ဘာဖြစ်လို့လဲ. . . စားမကောင်းဘူးလား ညီမရဲ့"

"ထမင်းစားလို့ ကောင်းပါတယ်၊ ဒါပေမယ့် စားကောင်းတိုင်း ဝက်တွေလို တစွပ်စွပ် မစားတတ်ဘူး ညီမရယ်"

ရှင်းသန့်မှာ ဆာဆာနှင့် ပလုပ်ပလောင်း စားနေရာမှ သူမစကားကြောင့် သီးသွားလေသည်။

"အဟွတ်. . . အဟွတ်"

"ဟင်. . . ရှံ့စရာကြီး"

သူ၏ပါးစပ်မှ ထမင်းများ ပြန်ထွက်ကုန်ရ ရှေ့ကို



www.burmeseclassic.com

www.burmeseclassic.com



လည်း စင်ကုန်သဖြင့် သူမက မျက်နှာရှုံ့မဲ့လျက် ရေရွတ်လိုက်သည်။

"ရော့. . . ရော့. . . ရေနွေးကြမ်း၊ မြန်မြန်သောက်လိုက် ကိုရှင်းသန့်"

ရေနွေးခရားထဲမှ ခွက်ထဲသို့ လောင်းထည့်ပြီး ကိုရှင်းသန့်အား မိသန်းနုက ပေးလိုက်လေသည်။

ရှင်းသန့်မှာလည်း ရေနွေးခွက်ကို ကမန်းကတန်း ယူသောက်လိုက်ရာ. . .

"ရှူး"

"အား. . . ပူလိုက်တာဗျာ"

"ရှူး"

သူက ပူသွားသဖြင့် ရေနွေးများကို ပါးစပ်ထဲမှ လျင်မြန်စွာ ထွေးထုတ်လိုက်လေသည်။

"အစ်မကလည်း. . . ရေနွေးပူပူကြီးကို သောက်ခိုင်းရလားဗျာ၊ လျှာတွေ ပူကုန်ပြီ"

"မသိဘူးလေ. . . ရုတ်တရက်ဆိုတော့ ကိုရှင်းသန့်သီးသွားလို့ ကမန်းကတန်း ပေးလိုက်မိတာပါ"

"တော်ပြီဗျာ"

ရှင်းသန့်မျက်နှာကြီး ရဲလျက် စားလက်စ ထမင်းပွဲကို ရပ်လိုက်လေသည်။





"အော်. . . တော်ပြန်ပြီ တစ်ယောက်၊ စားလေ ကိုရှင်းသန့်ရဲ့"

"ရပြီ. . . ရပြီ. . . မစားတော့ဘူး"

"ဒါဆို ရေနွေးကြမ်း သောက်ကြနော်"

မိသန်းနုက ထန်းလျက်ဘူးလေး လာချပေးရင်း ပြောသည်။

ထိုစဉ် အိမ်ပေါ်သို့ ကလေးသုံးယောက် ပြေးတက်လာကာ. . .

"သားတို့လည်း ဆာပြီ"

အကြီးကောင်က ဦးဆောင်ပြီး တက်လာသည်။

"အေးပါ သားတို့ရယ်၊ ဧည့်သည်တွေ ပြီးရင် ကျွေးပါ့မယ်"

မိသန်းနုက ပြောလိုက်သော်လည်း အငယ်ကောင်က. . .

"ဧည့်သည်တွေ စားပြီးပြီပဲ အမေကလည်း. . . မတွေ့ဘူးလား"

"ရေနွေးလေးဘာလေး သောက်ဦးမှာပေါ့ကွယ်"

ရှင်းသန့်က မတ်တတ်ရပ်လိုက်ပြီး. . .

"ကဲကဲ. . . ကလေးတွေကို ကျွေးလိုက်ပါဦး အစ်မ"

"ကျွန်တော်တို့လည်း ခဏပြန်နားလိုက်ဦးမယ်. . ."



www.burmeseclassic.com

www.burmeseclassic.com

လိုက်မှာလား"

သူက ကေသီဝမ်းအား စောင်းငဲ့လျက် မေးလိုက်ရာ သူမက ခေါင်းညိတ်ပြသဖြင့် နှစ်ဦးသား ရှင်းသန့်တဲဆီသို့ ထွက်လာခဲ့ကြလေသည်။







# အခန်း(၉)

ကျွန်းလေးသို့ 'ငွေလှိုင်းဖြူ' ပဲ့ထောင်လေးက ဦးတည် [illegible]နေသည်။ ဦးပိုင်းမှ ရေမှုန်များက လွင့်စင်နေသဖြင့် [illegible]မလေး နော်အဲလာက လက်ကိုင်ပုဝါလေးဖြင့် မျက်နှာ [illegible] တာထားရသည်။ သူမက နေလုံးကို မျက်နှာချင်းဆိုင်လာ [illegible]သောကြောင့် ပယင်းရောင် နေကာမျက်မှန်လေးကို တပ် [illegible]သည်။



www.burmeseclassic.com

www.burmeseclassic.com



လေတို့က တဟူးဟူး တိုက်ခတ်နေသဖြင့် ပွဲထောင်လေးမှာ လေကို ဆန်ပြီး လာနေရာ နော်အဲလာ၏ဆံနွယ်မျာ က လေထဲတွင် တဖျတ်ဖျတ် လွင့်နေသည်။

ရာသီဥတုမှာ သာယာနေသဖြင့် ကောင်းကင်ပြ ကြီးမှာ မိုးသားတိမ်လိပ်များ ကင်းစင်လျက် လှပနေလေသည်။

ပွဲထောင်ကလေး ငွေလှိုင်းဖြူသည် ကျွန်းနှင့် တဖြည်းဖြည်း နီးကပ်လာသည်။

နော်အဲလာသည် ကမ်းစပ်မှ ရှင်းသန့်တဲထဲသို့ မျက် လုံးအစုံကို ရွှေ့ထားလိုက်သည်။ သူမအဖို့ ပွဲထောင်လေး ကမ်းစပ်သို့ ဝင်လာတိုင်း ရှင်းသန့်တဲကလေးသို့ ကြည့်ရှုမြဲဖြ သည်။

ရှင်းသန့်အား တွေ့လျှင် နှုတ်ဆက်ပြီးမှ ကလေးမျာ ရှိရာသို့ သွားရောက် စာသင်လေ့ရှိသည်။ ယခုလည်း အရင် နေ့များလို ကမ်းကပ်လာသော ပွဲထောင်ပေါ်မှ ရှင်းသန့်တဲ အတွင်းသို့ မျက်မှန်ကို ချွတ်ကာ သေချာစူးစိုက်စွာ ကြည့် လိုက်မိသည်။

"ဟင်. . ."

နော်အဲလာ မျက်မှောင်လေး ကြုတ်သွားပြီး အာမေ ဋိတ်သံလေးပင် ထွက်သွားရှာသည်။ သူမအဖို့ အလွန်အံ့ဩ





ဖွယ်ကောင်းသော မြင်ကွင်းတစ်ခုကို တဲအတွင်း မြင်တွေ့ရသောကြောင့်ဖြစ်သည်။

ပြီးတော့ ယင်းမိန်းမပျိုက မြို့သူတစ်ဦး၏အသွေးအမွေး အပြင်အဆင်မျိုး ဖြစ်နေရာ အလွန်ထူးခြားနေသဖြင့် ရင်ထဲ ထိတ်ကနဲ ဖြစ်ပေါ်သွားမိ၏။

သို့ဖြင့် သူက ပွဲထောင်မောင်းသည့် စောအောင်ဘုအား မေးမြန်းလိုက်သည်။

"ဟဲ့. . . စောအောင်ဘု၊ နင့်ဆရာ တဲထဲမှာ မိန်းမတစ်ယောက်ပါလား. . . ဘယ်သူလဲ"

"ဟီး. . . ဟီး. . . အဲဒါ ဆရာ မြို့က ခေါ်လာတဲ့ ဧည့်သည်လေ ဆရာမရဲ့. . . အားကြီးမိုက်တယ်ဗျ"

"တစ်ယောက်တည်းလား"

"ဟာ. . . တစ်ယောက်တည်းပေါ့၊ နှစ်ယောက်ဆို ရှုပ်ကုန်မှာပေါ့. . . ဟီး. . . ဟီး"

စောအောင်ဘုက စပ်ဖြီးဖြီးမျက်နှာနှင့် ဖြေကြားလေသည်။

နော်အဲလာ မျက်လုံးလေး ဝိုင်းစက်သွားပြီး. . .

"သူတို့က ဘာတော်တာတဲ့လဲဟဲ့"

"ဘဂ်လား မောင်နှမလေ၊ အဖေမတူ အမေကွဲ ဘယ်တဲ့. . ဟီး. . ဟီး"



www.burmeseclassic.com

www.burmeseclassic.com



စောအောင်ဘု အပြောကြောင့် ဆရာမလေးက. .

"နင့်ကို မသိလို့ မေးကာမှ ရတယ်. . . ငါ့ဖာသာငါ ပဲ မေးတော့မယ်. . . ကြည့်နေ"

ဆရာမ နော်အဲလာသည် ပြောပြောဆိုဆို ပွဲထောင်မှ ဆင်းသည်နှင့် ကလေးတွေ ရှိရာ တဲတန်းဘက်သို့ လျှောက်မသွားဘဲ ရှင်းသန့်တဲဆီသို့ ဦးတည်၍ လျှောက်သွားလေသည်။

ကေသီဝမ်းကလည်း ကမ်းစပ်သို့ ပွဲထောင်လေး ဝင်လာသည်ကို ငေးကြည့်နေမိလေသည်။

ကိုရှင်းသန့်၏တပည့်နှင့် ပါလာသည်မှာ မိန်းကလေးဖြစ်သောကြောင့် သူတို့ ပြောနေသည့် ဆရာမလေးပဲဖြစ်မည်ဟု တွေးနေခဲ့သည်။ ထိုမိန်းကလေးက သူတို့ရှိရာတဲဆီသို့ လျှောက်လာသည်ကို တွေ့ရသောအခါ အံ့အားသင့်သွားမိလေသည်။

"ဟင်. . . သူ ငါ့ဆီ လာနေတာပဲ"

အနီးသို့ ရောက်လာသည့်အခါ မိန်းကလေးမှာ မျက်နှာဝိုင်းဝိုင်း ပါးမို့မို့နှင့် ရိုးသားသော ရွာသူတစ်ယောက်မှန်း သိသာလေသည်။ ဖော်ရွေသောအပြုံးဖြင့် တဲထဲသို့ ဝင်ရောက်လာသောကြောင့် သူမကလည်း တုန့်ပြန်ပြုံးပြလိုက်မိသည်။





"ကိုရှင်းသန့် ရှိသလားဟင်"

နော်အဲလာ မေးမြန်းသည်ကို သူမက ခေါင်းလေးယမ်းကာ ဖြေကြားလိုက်လေသည်။

"ဟင့်အင်း. . . မနက်အစောကြီးက ထွက်သွားတာပဲ၊ ဘယ်ကိုလဲတော့ မသိဘူးရှင့်"

ကေသီဝမ်းကလည်း အပိုအလိုမရှိ အမှန်အတိုင်း ဖြေကြားလိုက်ရာ နော်အဲလာက စူးစမ်းသလိုဖြင့် ဆက်လက်မေးမြန်းလိုက်မိပြန်သည်။

"အရင်က မမြင်ဖူးဘူး၊ ကိုရှင်းသန့် ဧည့်သည်ထင်တယ်"

"ဟင့်အင်းရှင့်"

"ဒါဖြင့် ဘယ်သူနဲ့ ဒီကျွန်းကို ရောက်လာတာလဲ"

"ကိုရှင်းသန့်နဲ့ပါ"

"ရှင်. . ."

ဆရာမလေး နော်အဲလာက ကေသီဝမ်းစကားကြောင့် မျက်လုံးများ ဝိုင်းသွားလေသည်။

"ဒါ. . . ဒါဆို ကိုရှင်းသန့်နဲ့"

"ရှင်က ဒီကို စာလာသင်တဲ့ ဆရာမလားဟင်"

နော်အဲလာ ဧည့်သည်ဖြစ်သူက သူမကိုပါ သိနေသောကြောင့် ပို၍အံ့ဩသွားဟန်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်. . . အစ်မကရော ဘယ်ကလဲ၊ ကိုရှင်းသန့်ရဲ့ဧည့်သည် မဟုတ်ဘူးဆိုရင် ဘယ်သူ့ဧည့်သည်လဲဟင်"

"ကျွန်မက ဘယ်သူ့ရဲ့ဧည့်သည်မှ မဟုတ်ပါဘူး"

"ဟုတ်လား. . . ဒါဆို ဘာလို့ လိုက်လာရတာလဲဟင်"

"ဟင့်အင်း. . . ကျွန်မ လိုက်လာတာ မဟုတ်ဘူး၊ သူ ခေါ်လာတာပါရှင်"

"ဩော်. . ."

ဆရာမလေး နော်အဲလာသည် မျက်မှောင်လေး ကြုတ်သွားမိသည်။ တစ်စုံတစ်ရာကို စဉ်းစားနေဟန်ရှိသည်။ ဆက်လက်မေးမြန်းရန် မသင့်တော့ဘူးဟု တွေးမိပြီး နှုတ်ဆက်လိုက်သည်။

"သွားတော့မယ်နော်. . . ကလေးတွေ စောင့်နေလိမ့်မယ်"

"ဟုတ်ကဲ့"

တော်တော်လေး ရောက်မှ ပြန်လှည့်ကြည့်မိရာ တဲထဲမှ သူမအား ငေးမျှော်ကြည့်နေသည့် အမျိုးသမီးအား တွေ့ရလေသည်။

"ဟေး. . . ဆရာမ လာပြီကွ"





တဲတန်းမရောက်မီမှာပင် သူမ၏တပည့်တဦးက တွေ့သွားပြီး အော်ဟစ်လိုက်သဖြင့် တခြားကလေးများလည်း သိသွားကာ သူမထံ အပြေးရောက်လာကြသည်။ သူမ၏ လက်ထဲမှ ဆွဲခြင်းကိုလည်း သူ့ထက်ငါ ဦးအောင် လုယူကြိုဆိုကြသည်။

"ဟဲ့. . ဟဲ့. . ဖြည်းဖြည်း၊ ဆရာမဆွဲခြင်း ပျက်သွားပါအုံးမယ်"

ကလေးငယ်များ ဝိုင်းရံလျက် တဲတန်းကလေး အတွင်းသို့ ဝင်ရောက်သွားသော ဆရာမ နော်အဲလာ၏ ကြည်နူးစရာမြင်ကွင်းလေးများကို ကေသီဝမ်း ငေးကြည့်နေမိသည်။

ဤဆရာမလေးကား သည်က ကလေးများနှင့် သံယောဇဉ် တွယ်နေမိပြီ ထင်သည်။

မကြာမီ မိသန်းနုသည် သူမထံသို့ လျှောက်လာသည်ကို တွေ့ရသည်။

"ရေးကြီးသုတ်ပျာနဲ့ ဘာဖြစ်လို့လဲ အစ်မ"

မိသန်းနုက အားနာသည့်ဟန်နှင့် ကေသီဝမ်းအား တီးတိုးပြောလေသည်။

"ကျွန်မလည်း ဘာပြောရမှန်းမသိတာနဲ့ ညီမဆီ ပြေးလာခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . အရင်းမရှိ အဖျားမရှိနဲ့ ဘာဖြစ်လို့လဲ ဟင်"

ကေသီဝမ်းက နားမလည်သော အမူအယာနှင့် မေးလေသည်။

"ဘယ်လိုမှ စိတ်မရှိပါနဲ့နော်၊ ဆရာမလေးက ညီမအကြောင်း မေးနေလို့၊ အစ်မလဲ ဆရာကိုရှင်းသန့်ရဲ့ ညီမ သည်လို့ပဲ ပြောထားတယ်. . . ဖြစ်လား"

"သြော်. . . ဒါလား၊ ကျွန်မက ဘာများဖြစ်လို့လဲလို့၊ လန့်လိုက်တာနော်"

"မဟုတ်ဘူးလေ ကျွန်မအဖြေက ညီမတို့ ကြိုက်လားမသိ မကြိုက်လားမသိ၊ ပြောရမှာ ကြောက်တယ်"

"ရပါတယ် အစ်မမိသန်းနုရယ်၊ ကြိုက်သလိုသာ ပြောပြလိုက်ပါ. . ဟင်း. . ဟင်း"

သူမက အလေးမထားဟန်ဖြင့် ခပ်ပေါ့ပေါ့ ပြန်ပြောကြားလိုက်သည်။ စိတ်သက်သာသွားဟန် ရှိသည်။ အတန်ကြာ ခပ်တွေတွေလေး ဖြစ်ပြီးမှ စကားဆက်ပြန်သည်။

"တကယ်တော့ ကျွန်မလည်း ကိုရှင်းသန့်နဲ့ ညီမတို့ နှစ်ယောက်ကို နားမလည်နိုင်ဘူး၊ ကျွန်မသိထားတဲ့နောက်မှာ အကြောင်းတစ်စုံတစ်ခု ရှိနေသေးတယ်လို့ ထင်တယ်"

"ဒါကြောင့် ပြောရခက်နေတာပါ"





ကေသီဝမ်းက အတွေးခေါင် ဦးနှောက်စားနေသည့် မိသန်းနုကို ငေးကြည့်လျက် ပြုံးရင်း. . .

"ပထမ ကျွန်မပြောထားတဲ့အတိုင်း ပြောလိုက်ပါ အစ်မရယ်. . . ဘာခက်တာမှတ်လို့"

"အဲဒီအဖြေက အမှန်မဖြစ်နိုင်မှန်း ကျွန်မ သိနေသလိုပဲ ညီမရဲ့၊ ဒါကြောင့် သူလည်း ယုံမှာ မဟုတ်ဘူးလေ"

"ဘုရားရေ. . . ကျွန်မ ကာယကံရှင်ကိုယ်တိုင် ပြောတာတောင် မယုံဘူး ဟုတ်လား"

သူမက အံ့သြစွာ ပြန်ပြောသဖြင့် အစ်မ မိသန်းနုက အားနာနေဟန်ရှိသည်။

"ပြောပါအုံး. . . အစ်မကရော ဘယ်လိုထင်လို့တုံး"

"တကယ်ပြောရမှာလား. . . စိတ်ဆိုးမှာစိုးလို့ မပြောတာပါ"

မိသန်းနုက စိုးရိမ်သောအသွင်ဖြင့် ပြောကြားလိုက်ရာ သူမကလည်း. . .

"ဟင်း. . ဟင်း. . . မဆိုးပါဘူးရှင်"

"ဒီလိုပါ. . . ညီမရော ကိုရှင်းသန့်ရော တစ်ဦးနဲ့တစ်ဦး ပဋိပက္ခစကားတွေ ပြောပြီး ရန်ဖြစ်နေကြပေမယ့် မျက်လုံးမှာ အမုန်းရိပ်တွေ မတွေ့ရဘူးလေ၊ ရှင်းသန့်ရဲ့ညီမသည် မဟုတ်ဘူးလို့ ငြင်းထားလည်း ကြားတဲ့သူက မယုံနိုင်ဘူးလေ၊



www.burmeseclassic.com

www.burmeseclassic.com



ကိုရှင်းသန့်နဲ့လည်း ပါလာတာဆိုတော့. . .”

ကေသီဝမ်းက မျက်မှောင်လေး ကုတ်လိုက်ပြီး. . .

“အင်း. . . အစ်မရဲ့စကားက တစ်ဝက်မှန် တစ်ဝက်မှား ဖြစ်လိမ့်မယ်လို့ ထင်တယ်၊ သူ့ဘက်ကတော့ မသိဘူး၊ ကျွန်မဘက်ကတော့ လုံးဝမှားနေလို့ပါ”

“ရှင်. . . ညီမက ကိုရှင်းသန့်ကို မုန်းနေတယ် မဟုတ်လား”

မိသန်းနုက တအံ့တဩ မေးလာသောကြောင့် ကေသီဝမ်း ဆုံးဖြတ်ချက်တစ်ခုကို ယတိပြတ် ချလိုက်သည်။ ဒါကလည်း သူမတို့ တကယ်အဖြစ်အပျက်ကို အစ်မ မိသန်းနုအား ပြောပြရန်ဖြစ်သည်။

“ဒီလို အစ်မရဲ့၊ ကိုရှင်းသန့်က ကျွန်မအဖေရဲ့သူငယ်ချင်း သားတစ်ယောက်ပါ၊ ဖေဖေကလည်း သူငယ်ချင်းရဲ့သား ဆိုတော့ အစစအရာရာ အကူအညီလိုရင် တောင်းပါလို့ ပြောထားဖူးပါတယ်၊ ကူလဲ ကူညီမှာပါ၊ ဒါပေမယ့် ကျွန်မ ဖေဖေနဲ့ မတွေ့ခင် ကျွန်မနဲ့ စကားများထားကြတယ်၊ သူက ဖေဖေ့ဆီက အကူအညီ တောင်းဖို့အလာ ကျွန်မက ပျက်အောင် လုပ်ခဲ့လို့ သူက ကျွန်မကို မကျေမနပ် ဖြစ်နေတာ”

ကေသီဝမ်းက ခေတ္တရပ်နားလိုက်ပြီးမှ ဆက်၍. . .

“အဲဒီအချိန်မှာ ကျောက်ကလပ်ကို သူငယ်ချင်းနဲ့





သွားဖို့ ဖြစ်လာလို့ ဆိပ်ကမ်းမှာ ချိန်းလိုက်တယ်၊ သူငယ်ချင်းက ပွဲထောင် စင်းလုံးငှားပြီး သွားမှာဆိုတော့ သူငယ်ချင်းငှားတဲ့ ပွဲထောင်က ‘ငွေငန်းဖြူ’ ၊ ဆိပ်ကမ်းရောက်လာတဲ့ ကျွန်မက ငွေလှိုင်းဖြူနဲ့ မှားပြီး တက်ထိုင်နေမိတယ်၊ ဒါကြောင့် ဒီကို ရောက်လာရတာပေါ့”

“ဟင်း. . . ဟင်း”

သူမက ပြောရင်း ရယ်မောလိုက်သည်။

“အင်း. . . သဘောပေါက်ပြီ၊ ကိုရှင်းသန့်က လက်စားချေတဲ့အနေနဲ့ ဒီကို ခေါ်လာတာပေါ့နော်”

အစ်မ မိသန်းနု မျက်နှာက စိုးရိမ်စိတ် အရိပ်တို့ ပေါ်လာသည်။

“သိပ်ဟုတ်တာပေါ့ အစ်မရယ်၊ သူက ကျွန်မကို အလိုမတူဘဲ အတင်းအဓမ္မ ပွဲထောင်နဲ့ တင်ခေါ်လာတဲ့ အမှုတစ်ခုကို ကျူးလွန်ခဲ့တာပဲလေ၊ အခု တစ်ညကုန်လွန်ခဲ့ပြီလေ၊ ဟင်း. . . ဟင်း၊

ဖေဖေရယ် သူငယ်ချင်းရယ် ကျွန်မကို အသည်းအသန် ရှာနေကြမှာပဲ၊ မတွေ့ရင်တော့ ရဲတွေဘာတွေ တိုင်နေလောက်ပြီ၊ သေချာတယ် အစ်မရဲ့၊ ဖေဖေကလည်း ဒီလို လုပ်တာကို သိရင် သူ့ကို ခွင့်လွှတ်မှာ မဟုတ်ဘူး. . . တရားစွဲမှာပဲရှင့်”



www.burmeseclassic.com

www.burmeseclassic.com



"ရှင်. . . တရားစွဲမယ် ဟုတ်လား"

အစ်မ မိသန်းနုသည် စိုးရိမ်စိတ်ဖြင့် မေးမြန်းလေသည်။

"သေချာတာပေါ့ရှင်"

"ဆရာကိုရှင်းသန့်ကို ညီမ တစ်ခုခုလုပ်ဖို့ မဆုံးဖြတ်ပါနဲ့နော်၊ အစ်မ တောင်းပန်ပါတယ်ကွယ်၊ အစ်မလည်း ညီမကို ကူညီပါ့မယ်၊ သူ့ကို ခွင့်လွှတ်ပါနော်"

"ကျွန်မ စဉ်းစားပေးပါမယ်"

ထို့နောက် မိသန်းနုသည် သူ၏တဲတန်းရှည်ဘက်သို့ နွေးကွေးသော ခြေလှမ်းများဖြင့် ထွက်ခွာသွားလေသည်။

အစ်မ မိသန်းနု၏နောက်ကျောပြင်ကို ကြည့်ရင်း ကေသီဝမ်းက ကြိတ်ရယ်လိုက်လေသည်။

ရိုးသားလိုက်တဲ့သူတွေ၊ ဟင်း. . . ဟင်း. . . ဟင်း။







## အခန်း[၁၀]

ခင်ယုဆွေသည် ကျောက်ကလပ်ကမ်းသို့ 'ငွေငန်းဖြူ' ပဲ့ထောင်ကပ်သည်နှင့် နေကာမျက်မှန်ကို ချွတ်ကာ ရင်ဘတ်တွင် ချိတ်ထားလိုက်လေသည်။ ပဲ့ထောင်ငြိမ်သွားသည်နှင့် တံတားပေါ်သို့ တက်လိုက်သည်။ ထို့နောက် ကမ်းနားလမ်းအတိုင်း လျှောက်လာလေသည်။

လမ်းတစ်လျှောက်ရှိ ငါးခြောက်လုပ်ငန်းများကိုဖြတ်



www.burmeseclassic.com

www.burmeseclassic.com

ကျော်ခဲ့သည်။ အချို့နေရာများတွင် ခွဲထားသော ငါးများကို ဆားနယ် နေလှန်းထားခြင်း၊ အချို့နေရာများတွင် ငါးဖမ်းပိုက်များအား ဖာထေးနေခြင်း၊ အချို့နေရာများတွင် ငါးစိမ်းများကို သယ်ဆောင်နေခြင်း စသည်ဖြင့် ငါးခြောက်လုပ်ငန်းများ၏ မြင်ကွင်းများသာ တွေ့နေရသည်။ သူမ ယခုသွားရောက်ရမည့် ကုမ္ပဏီက လုပ်ငန်းအား ယခုမှ စတင်လုပ်ကိုင်မည့်ဒိုင် ဖြစ်သည်။

သိုလှောင်ရုံနှစ်ရုံနှင့် ငါးခြောက်မျိုးစုံ လုပ်ကိုင်သည်။

ဖခင် မှာလိုက်သောစကားများကို ပြန်ကြားယောင်လာသည်။

"အဖေ မသွားနိုင်လို့ပါ သမီး၊ အဖေနဲ့ ပိုင်ရှင်သူဌေးနဲ့ ကိုယ်တိုင်တွေ့ခဲ့ပြီးပြီ၊ အလွန်ဆက်ဆံရေး ညက်တဲ့ သူငယ်ပဲ၊ ခု ပထမတစ်ခေါက်ကိုပဲ ကုန်ရဲ့တစ်ဝက်တန်ဖိုးကို ပေးချေရမှာကွယ့်၊ နောက်တစ်ခေါက်တွေဆို ခေါက်ပြန်ပေးနဲ့ ချပေးလိုက်မယ်၊ ,အဖေတို့ပွဲရုံကိုလဲ သူ ကောင်းကောင်းသိတယ်၊ ခေတ်ပညာတတ် လူရည်မွန်လေးတစ်ဦးပါ၊ တိုင်းတစ်ပါးမှာ အလုပ်သွားလုပ်ပြီး ဒီလုပ်ငန်းတွေကို သူ လေ့လာခဲ့တာတဲ့၊ စီးပွားရေး လုပ်ငန်းရှင် လူငယ်တစ်ဦးကွယ့်၊ အလုပ်သမားတစ်ဦးဦးသာ လွှတ်လိုက်ပါ၊ သူ အဆင်ပြေအောင် လုပ်ပေးပါ့မယ်လို့ အာမခံလိုက်တယ်"





"ဟုတ်ကဲ့ ဖေဖေ၊ ဒါဆို သမီး သွားလိုက်ပါ့မယ်၊ ကုန်ရဲ့တစ်ဝက်တန်ဖိုးကိုတော့ ပထမဆုံးအခေါက်ဆိုတော့ ကိုယ်တိုင်သွားတာပဲ ကောင်းပါတယ် ဖေဖေ"

"ရော့ . . ဒါ သူ့လုပ်ငန်းကုမ္ပဏီရဲ့လိပ်စာကဒ်"

သူမက လိပ်စာကဒ်ကလေးကို သူမ ဖခင်ထံမှ လှမ်းယူလိုက်သည်။ အဖြူရောင် ကဒ်ပြားလေးပေါ်တွင် ကွန်ပျူတာ စာလုံးမဲနှင့် လုပ်ငန်းလိပ်စာကို တွေ့ရသည်။

## ရှင်မင်း ငါးခြောက်လုပ်ငန်း
## ကျောက်ကလပ်

သို့ဖြင့် ခင်ယုဆွေသည် လိပ်စာကဒ်ကလေးကို ယူကာ ကျောက်ကလပ်သို့ ထွက်လာခဲ့ခြင်း ဖြစ်သည်။

ပွဲရုံကုန်လက်ခံ ဘောက်ချာစာအုပ်ကိုလည်း ယူလာခဲ့သည်။

ကမ်းနားလမ်းတစ်ဝက်သို့ ရောက်လောက်သောအခါတွင် သွပ်မိုးကာ ဂိုဒေါင်တစ်လုံးကို တွေ့ရသည်။

"ရှင်မင်း ငါးခြောက်လုပ်ငန်း"

ဆိုင်းဘုတ်အသစ်ကြီးက ထင်းနေသည်။

သူမက ဂိုဒေါင်အတွင်းသို့ ခပ်တည်တည် ဝင်ရောက်


www.burmeseclassic.com

www.burmeseclassic.com


သွားသည်။ အလုပ်သမားတစ်ဦးက အပေါက်ဝမှ ဆီးကြိုလျက် မေးလေသည်။

"ဘာအလိုရှိသလဲ အစ်မ"

"ပိုင်ရှင်နဲ့ တွေ့ချင်တယ်. . . ရှိလား"

"ဆရာရှိပါတယ် ခင်ဗျာ၊ ဟောဟိုအခန်းထဲ ကြွပါ"

အလုပ်သမား ညွှန်ပြသည့် ဂိုဒေါင်ဘယ်ဘက်တွင် အခန်းတစ်ခုကို တွေ့ရသည်။ အပေါက်ဝကို ခန်းဆီးကာထားသည်။ ငါးအမျိုး ပါဝင်သည့် အဆင်ဒီဇိုင်းဖြစ်၍ လုပ်ငန်းနှင့် လိုက်ဖက်လှသည်။

"ဝင်သွားပါ အစ်မ"

အလုပ်သမားက ပြောသဖြင့် သူမ ခန်းစည်းစကို လှပ်၍ အခန်းတွင်းသို့ ဝင်လိုက်သည်။

ခဏ္ဍာမှာ အေးကနဲ ဖြစ်သွားသည်။ မျက်နှာကျက်မှာ ပန်ကာတဝီဝီ လည်နေသဖြင့် နေပူထဲမှ လာခဲ့သောသူမ အမောပြေသွားသည်။

"ဟင်. . ."

စားပွဲနောက်မှာ ထိုင်နေသည့်လူကို တွေ့လိုက်ရရာ အလွန်တရာ အံ့အားသင့်သွားပြီး ပါးစပ်အဟောင်းသား ဖြစ်သွားရလေသည်။

"ရှင်. . ရှင်"



သူမနှုတ်မှ တရှင်ရှင် ဖြစ်နေသဖြင့် သူကလည်း အံ့ဩဟန်ဖြင့် မေးမြန်းလိုက်သည်။

"ခင်ဗျားကို မြင်ဖူးသလိုလိုပဲဗျ"

သူမက သူ၏စားပွဲရှေ့ ထိုင်ခုံတွင် ဝင်ထိုင်လိုက်ရင်း

"မြင်ဖူးမှာပေါ့. . . ကေသီဝမ်းတို့ ခြံရှေ့မှာ မြင်ဖူးတာလေ"

"ဟာ. . . ဟုတ်ပြီ၊ ကေသီဝမ်းတို့ ခြံထဲမှာ တွေ့ခဲ့တဲ့ မိန်းကလေးကိုး"

"သိပ်ဟုတ်တာပေါ့ရှင်"

သူမက ဝမ်းသာအားရနှင့် ဖြေကြားလိုက်သည်။ မျက်နှာတန်းမိသူ အသိတွေ ဖြစ်နေသောကြောင့် သူမ၏ သာရင်းစီးပွားရေးကိစ္စများမှာ ရာနှုန်းပြည့် အောင်မြင်မှု ရနိုင်ပေမည်။ လုပ်ငန်းသစ် ကုမ္ပဏီသစ်နှင့် ဆက်သွယ်မိပြီး အဆင်ပြေလိုက်သည်နှင့် မိမိတို့၏ပွဲရုံမှာ ကုန်အတွက် မပူရတော့ပေ။ မျက်နှာကို အချိုဆုံး ပြုံးလျက်. . .

"ကျွန်မတို့က မိတ်ဆွေတွေလေ"

"ခင်ဗျားသူငယ်ချင်းနဲ့တော့ ဟုတ်ပါဘူးဗျာ"

သူမ ပြုံးရယ်မှုက ရပ်တန့်သွားလေသည်။

"ဟုတ်တယ်. . . ကေသီက အင်မတန် ပေါင်းရသင်းရ ခက်တယ်၊ ကျွန်မတို့တောင် ငယ်သူငယ်ချင်းတွေမို့လို့၊


www.burmeseclassic.com

www.burmeseclassic.com

ခုလဲ သူ့ကြောင့် ကျွန်မချိန်းတဲ့ရက်ထက် တစ်ရက်နောက်ကျပြီးမှ ရောက်လာတာ၊ မိကေသီက ကျွန်မနဲ့ ကျောက်ကလပ်ကို လိုက်မယ်ဆိုပြီး ရောက်မလာဘူး၊ ကျွန်မလည်း သူရောက်မလာလို့ စိုးရိမ်ပြီး အိမ်ကို လိုက်သွားတော့ အိမ်ကလည်း ထွက်သွားပြီတဲ့၊ သူ့အဖေ အန်ကယ်ဦးဝမ်းမောင်နဲ့ကျွန်မ ကားတစ်စီးနဲ့ တမြို့လုံး လိုက်ရှာတာ နဲ့ရော၊ ကျောက်ကလပ်မှာပဲ အစီအစဉ် ပျက်သွားပြီး ဒီနေ့မှ ထွက်လာခဲ့ရတာ"

သူက မျက်မှောင်တွန့် စဉ်းစားနေဟန်နှင့်. . .

"လင်နောက်များ လိုက်သွားသလားဗျာ"

သူက ရုတ်တရက် မေးလိုက်ရာ ခင်ယုဆွေက အားရပါးရ ရယ်လေသည်။

"ဟင်း. . ဟင်း. . မဖြစ်နိုင်ပါဘူးရှင်၊ သူ့ကို ဘယ်သူက ယူဝံ့မှာလဲ၊ ပေါင်းရသင်းရ လက်ပေါက်ကပ်လို့ မိကေသီက အပျိုကြီး ဖြစ်မယ့်သူရှင့်၊ သူ့မှာ ချစ်သူရှိတယ်လို့လဲ မကြားဖူးပါဘူး၊ ရှိရင်လဲ ကျွန်မသိမှာပါ"

"ကဲ. . ကဲ. . ခင်ဗျားလာရင်းကိစ္စကို ပြောကြရအောင်"

ရှင်းသန့်က စကားလမ်းကြောင်း ပြောင်းလိုက်သည်။

"ကျွန်မက 'စိတ်တိုင်းကျ' ပွဲရုံကပါ၊ ငါးခြောက်ချပေး





ဒိုင်ပါ"

"ဦးယုစွမ်ရဲ့ပွဲရုံကလား"

သူက သတိတရ ဆိုလိုက်သဖြင့် ခင်ယုဆွေ ဝမ်းသာသွားရသည်။

"ကျွန်မက ဦးယုစွမ်ရဲ့သမီး ခင်ယုဆွေပါ၊ ကေသီနဲ့ တော စိမ်းဘက်ချ်တွေပါ"

"ဩော်. . ."

"ရှင်ရော ဘာမေဂျာနဲ့ ပြီးတာလဲ"

"ဘာနဲ့မှ မပြီးသေးပါဘူး၊ ရောင်ခြောက်ဆယ်မေဂျာနဲ့ နောက်ဆုံးမေဂျာကတော့ အင်ဒိုနီးရှားပါ. . ဟား. . ဟား"

သူ့ဘာသာ ပြောပြီး ရယ်မောလိုက်သဖြင့် ခင်ယုဆွေမှာ နားမလည်ဘဲ ကြောင်သွားရှာသည်။

"အင်ဒိုနီးရှား ဘယ်တက္ကသိုလ်လဲဟင်"

"ဟဲ. . . ဟဲ. . . ဘယ်တက္ကသိုလ်မှ မပြီးပါဘူး၊ ဟိုမှာ ရရာအလုပ် ဝင်လုပ်ပြီး ငွေစုပြန်လာပြီး ဒီမှာ စီးပွားရေးလုပ်ငန်းလုပ်တာပါ"

"ဩော်. . . ဒီလိုလား. . . သိပါဘူး၊ ကျွန်မက ရှင် ဟိုမှာ ကျောင်းသွားတက်ပြီး ပြန်လာတာလို့ ထင်နေတာ"

"မတက်ပါဘူးဗျာ၊ ဟင်း. . ဟင်း၊ ကဲ. . ကဲ. . ပို့ချင် ငါးခြောက်တွေ ရွေးပြီး စာရင်းပေးလိုက်၊ ကုန်အားလုံးရဲ့


www.burmeseclassic.com

www.burmeseclassic.com



တစ်ဝက်ကိုတော့ လက်ငင်းငွေချေရပါတယ်၊ နောက်ပိုင်း အခေါက်တွေ အဆင်ပြေသွားရင်တော့ ခေါက်ပြန်ပေးစနစ် ကျင့်သုံးပါတယ်၊ မခင်ယုဆွေက ကျွန်တော့်ရဲ့မိတ်ဆွေသစ် တစ်ဦးဆိုတော့"

"ဟင်း. . ဟင်း. . ကုန်တစ်ဝက်တန်ဖိုး မယူတော့ ဘူးပေါ့နော်"

"ဟုတ်ကဲ့. . . မိတ်ဆွေတွေမို့လို့ ကုန်အားလုံးရဲ့ ၅ % ပဲ ယူပါတော့မယ်"

"ရှင်. . ."

ပြုံးရွှင်နေသော ခင်ယုဆွေ၏မျက်နှာမှာ ဒ စတော့ပ် အုပ်လိုက်သည့်နှယ် ချက်ချင်း အရယ်ရပ်သွား သည်။

"အဲ. . . တစ်ခုတော့ ကူညီပါဗျာ၊ မခင်ယုဆေ ပုသိမ်ပြန်ရင် အန်ကယ်ဦးဝင်းမောင်ဆီ စာတစ်စော လောက် ယူသွားပေးပါလား"

"ရပါတယ်ရှင်. . . ကျွန်မ မနက်ကတောင် အ ကယ့်ဆီ ဖုန်းဆက်ခဲ့သေးတယ်. . . မရောက်သေးဘူးတဲ့"

"ဒါဆို သေချာပါတယ်၊ လင်နောက် လိုက်သွားပါ ဗျာ၊ အပျိုကြီး လုပ်မယ်လို့ လူကြီးတွေ ယုံအောင် အယုံသွ ပြီး ယောင်းမ မြင်းစီးပြီး ထွက်သွားတဲ့ မိန်းကလေးတွေ အစ





ကြီးပါဗျာ"

ခင်ယုဆွေ မအီမလည်မျက်နှာနှင့် ငါးခြောက်ရွေး ရန် အခန်းအပြင်သို့ ထွက်လာလေသည်။

ထိုအခါ ရှင်းသန့်သည် စားပွဲပေါ်မှ စာရွက်တစ်ရွက် ယူကာ စာတစ်စောင် ထိုင်ရေးနေလိုက်သည်။

မည်မျှကြာအောင် ရေးနေမိသည်မသိ၊ ရှေ့မှ ပေါ် လာသောအသံကြောင့် မော့ကြည့်လိုက်သည်။

"ဩော်. . . ပြီးပြီ. . . ပြီးပြီ"

သူက လက်မှတ် ကမန်းကတန်းထိုးပြီး စာကို စာ အိတ်တစ်အိတ်ထဲ ထည့်ပြီး ပိတ်ပေးလိုက်သည်။

"အရေးကြီးလို့ပါ. . . အန်ကယ့်လက်ထဲ ရောက် အောင် ထည့်ပေးပါနော်"

"စိတ်ချပါ သူဌေးရယ်. . . ဟင်းဟင်း"

သည်တော့မှ ရှင်းသန့်ရင်ထဲ ရှင်းသွားရလေတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com


# အပိုင်း(၃)




www.burmeseclassic.com

www.burmeseclassic.com











## အခန်း(၁၁)

ဆရာမလေး နော်အဲလာသည် ကြားရသောစကားတွေကြောင့် ရင်တွေ တလှပ်လှပ် ခုန်နေသည်။

အစ်မ မိသန်းနု စကားဆုံးတော့ ဆရာမလေး၏ ဦးခေါင်းထဲတွင် စိုးရိမ်ပူပန်စိတ်များ ပြည့်နေလေသည်။

"အဲဒါတွေအားလုံး မြို့သူကိုယ်တိုင် ပြောတာလား အစ်မ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဆရာမလေး"

"မနေ့ညကရော ဧည့်သည်အမျိုးသမီး ဘယ်မှာ အိပ်လဲ"

ဆရာမလေး နော်အဲလာသည် သူ မေးလိုက်မိသော မေးခွန်းကြောင့် သူမဟာသူမ ရှက်သွားဟန်တူသည်။ ပြော ပြီးနောက်. . .

ဦးခေါင်းလေးကို ငုံ့ထားရှာသည်။ မိသန်းနုက နား လည်စွာ ပြုံးလိုက်ပြီး. . .

"ဆရာကိုရှင်းသန့်က အင်မတန် လေးစားစရာ ကောင်းတဲ့ အမျိုးသားတစ်ဦးပါ ဆရာမလေးရယ်၊ သူကိုယ် တိုင် ကိုသိုက်နဲ့ အတူအိပ်ပြီး အစ်မတို့သားအမိတွေကိုတော့ သူ့တဲမှာ ဧည့်သည်အမျိုးသမီးနဲ့ အဖော်လုပ်ပြီး အိပ်ကြတာ လေ"

"သြော်. . . တော်သေးတယ်"

"ဟင်. . . ဘာကို တော်သေးတာလဲ ဆရာမရဲ့"

"ဟိုလေ. . . ဟိုမြို့က အစ်မခမျာ စိတ်ချလက်ချ လုံလုံခြုံခြုံ အိပ်ရတာကို ပြောတာပါ အစ်မရယ်"

မိသန်းနုက အိမ်ထောင်သည်တစ်ဦး ဖြစ်သည့် အလျောက် 'တော်သေးတယ်' ဆိုတဲ့ ဆရာမလေး နော်အဲ လာရဲ့စကားကို သူမ ကောင်းကောင်းနားလည်လိုက်သည်။





ထို့ကြောင့် သူမအဖို့ ဆရာမလေး နော်အဲလာကို ဆက်လက်၍ ပြောကြားလိုက်သည်။

"တစ်ခုကတော့ ဆရာမလေးရေ၊ ဆရာကိုရှင်းသန့် နဲ့မျက်လုံးတွေက တစ်မျိုးပဲ သိလား"

"ဟင်. . . ဘယ်လိုတစ်မျိုးလဲဟင် အစ်မ"

သူမ၏မေးမြန်းသံက တုန်လှိုက်နေသည်။

"သူ့ရဲ့နှုတ်ကသာ ဧည့်သည်မိန်းကလေးကို ပဋိပက္ခ နဲ့ ဆန့်ကျင်ဘက်စကားတွေ ပြောဆို ရန်ဖြစ်နေတာလေ၊ မျက်လုံးကတော့ တကယ်မုန်းတီးမှုတွေ မရှိပါဘူး၊ ကြင်နာ မှုတွေများလားလို့ ဆရာမလေး"

"ရှင်. . ."

ဆရာမလေး နော်အဲလာ၏မျက်လုံးနက်နက်က လေးများမှာ ဝိုင်းစက်သွားပြန်သည်။ ရင်ထဲလည်း နင့်ကနဲ ဖြစ်သွားရသည်။

"သူတို့နှစ်ဦး ခုလို ပါးစပ်ကသာ ဆန့်ကျင်ဘက် စကားတွေ ဆိုပြီး ရင်ထဲ မျက်လုံးထဲမှာက အကြင်နာတွေ နှင့်လွတ်တာတွေ နားလည်တာတွေ အနေကြာလာရင် ပေါက်ကွဲသွားနိုင်တယ်"

"ဟင်. . ."

မိသန်းနုက ဆရာမလေး နော်အဲလာ၏အမူအရာ



www.burmeseclassic.com

www.burmeseclassic.com

ကို မြင်ပြီး ပြုံးမိပြန်သည်။

"အစ်မ ပိုပြီးစိုးရိမ်တာက သူ့မိဘတွေက တရားတွေဘာတွေ စွဲပြီး ရဲစခန်း တိုင်ရင် ဆရာကိုရှင်းသန့်ကို ဖမ်းလားဆီးလား လုပ်ရင် ဒုက္ခပဲ"

"ဟုတ်တယ်နော်"

"အစ်မက ကိုယ်ချင်းစာပြီး ကူညီချင်ပါတယ်၊ ဒါပေမယ့် သူ့ရဲ့အငြိုအငြင်တော့ မခံချင်ဘူးလေ၊ အစ်မတို့ရဲ့ ကျေးဇူးရှင် မဟုတ်လား"

ဆရာမလေး နော်အဲလာက စဉ်းစားသလိုနှင့် ခဏကြာတော့မှ . . .

"ကျွန်မ ကူညီရင်ကော သူ စိတ်ဆိုးမှာလား အစ်မ"

"ဒါတော့ စွန့်စားရမှာပေါ့ ဆရာမလေးရယ်၊ ဆရာရှင်းသန့်အတွက် ဆရာမလေးက ကူညီတာပဲ၊ စေတနာက ဝေဒနာ မဖြစ်နိုင်လောက်ပါဘူး"

"ဟုတ်တယ် မမ. . . စွန့်စားမယ်"

"တကယ်လား ဆရာမလေးရယ်"

မိသန်းနုက ဝမ်းနည်းဝမ်းသာ စိုးရိမ်သလိုနဲ့လည်း မေးသည်။

"တကယ်ပေါ့. . ကျွန်မ ပွဲထောင်ကို ကောင်းကောင်းမောင်းတတ်ပါတယ်၊ ပုသိမ်ကိုလည်း သွားတတ်ပါတယ်"





"ဒါဆိုရင်တော့ စဉ်းစားကြည့်ပေါ့ ဆရာမလေး"

ထို့နောက် သူတို့နှစ်ဦးသည် ကမ်းစပ်သို့ ရောက်ရှိသွားလေသည်။

ငွေလှိုင်းဖြူက လှိုင်းပုတ်တိုင်း ယိမ်းထိုးလှုပ်ခါနေသည်။

"ကိုရှင်းသန့်က ကျောက်ကလပ် သွားရင် တော်ရုံနဲ့ပြန်ဘူး၊ သူ မရှိနေတာပဲ ကောင်းတယ်၊ နို့မို့ဆို ကျန်တဲ့ပွဲထောင်တစ်စီးနဲ့ နောက်က လိုက်ချင်လိုက်နေမှာနော်"

"အစ်မ. . . စောအောင်ဘုရော"

"သူ အခု စိုက်ခင်းထဲ သွားမှာပေါ့၊ အလုပ်ရှိရင်တော့ လုပ်နေမှာပေါ့၊ မရှိရင်လည်း ကိုသိုက်တို့နဲ့ ပေါက်ကရတွေလျှောက်ပြောနေမှာပေါ့"

"ဟင်. . . ကိုရှင်းသန့်လည်း မရှိဘူး၊ စောအောင်ဘုလည်း မရှိဘူးဆိုတော့ အခုအခြေအနေက အကောင်းဆုံးပဲ၊ ညီသည်နဲ့ သွားဆွေးနွေးလိုက်ရင် ကောင်းမလား"

"အမြန်သွားပေတော့. . . အစ်မ မလိုက်တော့ဘူး၊ သိချင်ယောင် ဆောင်နေမယ်"

"ကလေးတွေကို ဘယ်လိုလုပ်မလဲ"

"သွားမှာသာ သွားပါ ဆရာမရယ်၊ ခေါင်းကိုက်လို့ ဆေးသွားသောက်တယ်လို့ ပြောလိုက်ပါ့မယ်"


www.burmeseclassic.com

www.burmeseclassic.com



ဆရာမလေး နော်အဲလာက လက်မှ နာရီကို ကြည့်ပြီး . . .

“အချိန် တစ်နာရီလောက် ရသေးတယ် အစ်မ၊ တကယ်လို့ ကလေးတွေ မေးရင် အချိန်ဆွဲထားလိုက်နော်”

“စိတ်ချပါ ဆရာမရယ်”

နော်အဲလာသည် အစ်မ မိသန်းနု၏လက်ကို ဖျစ်ညှစ်နှုတ်ဆက်လျက် တဲကလေးဆီသို့ ပြေးထွက်သွားလေသည်။

တဲအတွင်းသို့ ရေးကြီးသုတ်ပျာနှင့် ဝင်ရောက်လာသော ဆရာမလေး၏အမူအယာကြောင့် ကေသီဝမ်းက ဆတ်ကနဲ ထထိုင်လိုက်မိသည်။

“ဘာဖြစ်လို့လဲဟင် ဆရာမ”

သူမက ပျင်းပျင်းနှင့် လဲလျောင်းနေခြင်း ဖြစ်သည်။ တောင်တွေးမြောက်တွေးနှင့် မှေးကနဲ ဖြစ်နေစဉ် နော်အဲလာ၏ခြေသံကြောင့် မျက်စိဖွင့်ကြည့်မိရာ ခပ်သုတ်သုတ် ပြေးလုမတတ် အမူအရာနှင့် ရောက်လာသော နော်အဲလာကို မြင်ပြီး အံ့သြစွာ မေးမြန်းလိုက်ခြင်းဖြစ်သည်။

“ကျွန်မက အစ်မမိသန်းနု ပြောပြလို့ အစ်မအကြောင်းတွေအားလုံး သိခဲ့ပြီးပြီ၊ ကျွန်မ ရှင့်ကို ကူညီမယ်၊ တစ်ခုတော့ ကတိပေးရလိမ့်မယ်၊ ဖြစ်ခဲ့တာတွေကိုအားလုံး





မေ့ပစ်လိုက်တော့၊ ကိုရှင်းသန့်က လူကောင်းတစ်ဦးပါ၊ ရှင်တို့ချင်း အကြောင်းကြောင်းတွေကြောင့် တစ်ဦးနဲ့တစ်ဦး ပဋိပက္ခတွေ ဖြစ်နေပေမယ့် တကယ်တော့ ရှင်တို့ဟာ တစိမ်းတွေမှ မဟုတ်တာ၊ မိဘတွေချင်းက အင်မတန် ရင်းနှီးတဲ့ သူငယ်ချင်းတွေလေ၊ နောက်ပြီး ဒီမှာ သူ့ကို မှီခိုနေထိုင်ကြတဲ့သူတွေက ဒီမှာ ရှင်မြင်တဲ့အတိုင်းပဲလေ”

ကေသီဝမ်းက ဆရာမလေး နော်အဲလာ၏စကားများကြောင့် အံ့အားသင့်သွားလေသည်။

ဆရာမလေး တောင်းဆိုနေသည့်ကတိကလည်း သူမအတွက် မပေးနိုင်စရာ မရှိပါ၊ အမှန်တကယ် အမှုအခင်းဖြစ်ပြီဆိုပါက သူမတို့ ပုသိမ်မြို့ကလေးက ကျဉ်းကျဉ်းလေးသာဖြစ်သည်။

သူမသာ အရှက်တကွဲ အကျိုးနည်း ဖြစ်ရမည်။

အမှန်တကယ် ဖြစ်ရပ်က သူမကလည်း မှဲ့တစ်ပေါက် မစွန်းခဲ့ပါပေ၊ ရှင်းသန့် လုပ်ငန်းနှင့် ဒေသန္တရဗဟုသုတများသာ ရခဲ့သည်။

သူတို့က ဧည့်ဝတ်ကျေပွန်စွာ ဧည့်ခံကြသေးသည် မဟုတ်ပါလား၊ ယင်းကြောင့် လွယ်ကူစွာပင် တုန့်ပြန်လိုက်သည်။

“ကတိပေးပါတယ် ဆရာမရယ်၊ ဒါနဲ့ ဘယ်လိုကူညီ



www.burmeseclassic.com

www.burmeseclassic.com

မှာလဲဟင်”

“ပုသိမ်ကို ပြန်ပို့ပေးမလို့လေ”

“ရှင်. . . ကျွန်မကို ပြန်ပို့ပေးမယ် ဟုတ်လား”

သူမက မယုံကြည်သော အမူအယာနှင့် ထပ်မံမေး လိုက်မိပြန်သည်။

“ဟုတ်တယ်. . . အခုအချိန်က ဒီကနေ ထွက်သွားဖို့ အကောင်းဆုံးအချိန်ပဲ၊ ကိုရှင်းသန့်လည်း မရှိဘူး၊ စော အောင်ဘုကလည်း စိုက်ခင်းထဲမှာ ပဲ့ထောင်ကလဲ အသင့်”

“ဒါပေမယ့် ပဲ့ထောင်ကို ဘယ်သူမောင်းပေးမှာလဲ”

“ကျွန်မကိုယ်တိုင် မောင်းမှာပေါ့၊ ကျွန်မ ကောင်း ကောင်းမောင်းတတ်ပါတယ်”

ကေသီဝမ်း မယုံမရဲဟန်ဖြင့် တိတ်ဆိတ်ငြိမ်သက် သွားသည်။

“လာ. . . အချိန်ရှိတုန်း သွားကြရအောင်”

နော်အဲလာက ကေသီဝမ်းလက်ကို ဆွဲ၍ တဲအပြင် သို့ ထွက်လိုက်သည်။ ကေသီဝမ်းလည်း နောက်မှ တန်းလန်း ပါသွားရသည်။

သူတို့နှစ်ဦး ရေစပ်သို့ ခပ်သွက်သွက် ပြေးသွားကြ လေသည်။

တံတားပေါ်သို့ ပြေးတက်ခါ ပဲ့ထောင်ကို ငြိမ်အောင်





ကိုင်ထားပြီး ကေသီဝမ်းကို အရင်ဆင်းစေသည်။ ပြီးမှ သူမက ပဲ့ထောင်ချည်ထားသော ကြိုးစကို ဖြုတ်လျက် ပဲ့ထောင်ထဲသို့ ဆင်းလိုက်သည်။

ထို့နောက် ကျင်လည်စွာ ပဲ့ထောင်ကို စက်နှိုးလိုက် သည်။ ကေသီဝမ်းက ဆရာမလေး နော်အဲလာ လှုပ်ရှား သမှုကို မျက်လုံးအဝိုင်းသားဖြင့် ကြည့်နေလေသည်။

ယခုထိ သူမက နော်အဲလာ၏ပြောကြားမှုကို ယုံ ကြည်သေးဟန် ရှိပုံမရသေး။

“ဝူး. . .”

“ဘုတ်. . ဘုတ်. . ဘုတ်”

နော်အဲလာသည် ပဲ့ထောင်အား ယောကျ်ားသား တစ်ဦးကဲ့သို့ပင် ကျွမ်းကျင်စွာ နှိုးနိုင်ခဲ့သည်။

သူမက ပဲ့ကို ပိုင်ပိုင်နိုင်နိုင် ကိုင်တွယ်လျက် ကမ်းစပ် မှ ထွက်ခွာလိုက်သည်။

ပဲ့ထောင်ကလေးက စက်သံပြင်းထန်စွာ မြည်ပြီး ရေ လယ်ဆီသို့ ဦးတည်ပြေးထွက်သွားလေသည်။

“ဘုတ်. . ဘုတ်. . ဘုတ်”

လှိုင်းခေါင်းဖြူများအား ထိုးခွဲလျက် အရှိန်ပြင်းစွာ မောင်းနှင်သွားသည့် ပဲ့ထောင်ပေါ် လိုက်ပါလာသည်။ ကေသီဝမ်းမှာ ယခုအခါ သူမအား ဦးဆောင်၍ ပို့ဆောင်ပေး


www.burmeseclassic.com

www.burmeseclassic.com



မည့် ဆရာမလေး နော်အဲလာအား ယုံကြည်စိတ်ချသွားလေတော့သည်။

“ဆရာမလေးက အရမ်းတော်တာပဲ”

ယခုမှ သက်ပြင်းချလျက် ချီးမွမ်းစကား ဆိုမိ၏။

ဆရာမ နော်အဲလာက ပြုံးရွှင်ကြည်နူးနေဟန် ရှိသည်။ စွန့်စားမှုတစ်ခုအား ပီပြင်စွာ လုပ်ဆောင်နိုင်ခဲ့သည် မဟုတ်ပါလား။







# အခန်း(၁၂)

တဲတန်းရှည်ဘက်မှ မသိမသာ လှမ်းမျှော်ကြည့်နေသည်။ မိသန်းနုသည် ပွဲထောင်ကလေး ငွေလှိုင်းဖြူ ကမ်းစပ်မှ အရှိန်ပြင်းစွာ မောင်းနှင်ထွက်ခွာသွားမှ အသက်ဝအောင်ရှူနိုင်လေသည်။

သူမက ဆရာမ နော်အဲလာ၏တပည့်(၂၀)ကျော်ကို ဒုတ်တစ်ချောင်းနှင့် စောင့်ကြည့်ထိန်းသိမ်းနေခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးငယ်များအား ဆရာမလေး ခေါင်းကိုက်နေ သဖြင့် တဲအတွင်း သွားရောက်ဆေးသောက်နေသည်ဟု ပြောကြားထားလေသည်။

ကလေးများက စာမသင်ရသောကြောင့် ဆူညံစွာ ဆော့ကစားနေလေသည်။

"ဖြန်း.. ဖြန်း"

မိသန်းနုက ကြိမ်လုံးနှင့် စားပွဲကို နှစ်ချက်ဆင့်ရိုက် လိုက်ကာ သတိပေးလိုက်ပြီး နှုတ်မှလည်း ကြိမ်းမောင်းလိုက် လေသည်။

"ဆရာမ မလာခင် ကိုယ့်စာကိုယ်ကျက်နေကြ ဆော့နေတာ တွေ့လို့ကတော့ တင်ပါးအရိုးထင်သွားမယ် ဒီမှာတွေ့လား တုတ်"

ဤကျောင်းသားကလေးများထဲ၌ သူမ၏ကလေးသုံး ယောက်လည်း ပါသည်။ အငယ်ဆုံး သားလေးက ငါးနှစ် မပြည့်သေးသော်လည်း သူမ၏အစ်ကိုများနှင့် လိုက်ပါ စာ သင်နေလေသည်။

ယခုတော့ သူမ၏သား မျောက်သုံးကောင်သည် သူငယ်ချင်းများနှင့်အတူ ဆူညံစွာ ဆော့ကစားနေကြသည်။

သူမ၏တုတ်သံကြောင့် ကလေးများမှာ ခေတ္တခဏ မျှသာ ငြိမ်သွားပြီး မကြာခင် ပြန်လည်ဆူညံစ ပြုလာပြန်





သည်။

သူမက ဆရာမလေးနော်အဲလာနှင့် မြို့သူဌေးသည် အား ပုသိမ်သို့ ချောချောမောမော ပြန်ရောက်ပါစေဟု ဆု တောင်းနေခဲ့မိသည်။

သူမ၏ဆန္ဒ ပြည့်ဝသွား၍လည်း ကျေနပ်နေမိ သည်။

ကိုရှင်းသန့်ကိုလည်း ကျွန်းသို့ မပြန်မရောက်ပါစေနဲ့ ဟု ဆုတောင်းနေရသည်။ ကလေးများက ဆူညံနေဆဲ။

သူမက တုတ်နှင့် ခြောက်လိုက်၊ ပါးစပ်နှင့် အော် လိုက်နှင့် ကလေးများကို ထိန်းနေခဲ့သည်မှာ တစ်နာရီခန့် ကြာမြင့်သွားခဲ့ချိန်မှာတော့ စောအောင်ဘု သူမဆီသို့ ရောက်လာသည်။

"အစ်မ... ကျွန်တော့်ပုံထောင် မရှိတော့ဘူး"

"ဟောတော်..."

မိသန်းနုက အံ့ဩဟန်နှင့် ဟောတော့ဟု တုန့်ပြန် လိုက်လေသည်။

"တစ်ယောက်ယောက်များ နောက်ပြောင်သွား သလားဟယ်"

"ဘယ်သူမှ မနောက်ဘူး အစ်မ၊ အနီးအနား ပတ် ဝန်းကျင်မှာ လည်ရှာပြီးပြီ၊ ဆရာလည်း ယူသွားတာမှ



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်တာ၊ ဆရာကလည်း ကျောက်ကလပ်က ဒီအချိန်မှ မပြန်လာတတ်တာ"

"ဒါဖြင့် နင့်ပွဲထောင် ဘယ်သူ ယူသွားမှာလဲ"

"မြို့က ဩည့်သည်အစ်မ ယူသွားလား မသိဘူး"

"ဟာ. . . မဖြစ်နိုင်တာပဲ၊ မြို့သူက ပွဲထောင် မောင်းတတ်ပါ့မလား စောအောင်ဘုရယ်"

"ဘယ်ပြောနိုင်မလဲ အစ်မရဲ့၊ မောင်းချင် မောင်းတတ်မှာပေါ့"

"အို. . . မောင်းတတ်ရော ဟောဒီရေလမ်းခရီးကို မမောင်းဝံ့ပါဘူး စောအောင်ဘုရယ်"

မိသန်းနုက မှင်သေသေနှင့် မယုံသင်္ကာဟန်နှင့် ပြောလိုက်သည်။

"ဘာပဲဖြစ်ဖြစ်လေ. . . အဲဒီအစ်မလည်း ပျောက်နေတယ်"

"ဟေ. . . အဲဒါမှ ပြဿနာပဲ"

"ဟုတ်တယ်. . . ဆရာလာရင် ပြဿနာပဲ အစ်မ"

"ဒုက္ခပါပဲ စောအောင်ဘုရယ်၊ သေသေချာချာ ရှာကြည့်စမ်းပါအုံးဟဲ့"

ထိုစဉ် ကလေးတစ်ဦး သူတို့အနီးသို့ ရောက်လာသည်။





"ပွဲထောင်ထွက်သွားတာ ကျွန်တော် မြင်လိုက်တယ်"

"ဟင်. . . ပြောစမ်း၊ ဘယ်သူပါသွားလဲ"

"မြို့က ဧည့်သည်အစ်မချောချော"

"ဒါဆို သေချာပြီ၊ အဲဒီအစ်မ ပွဲထောင်နဲ့ ပြေးတာ အမှန်ပဲ"

မိသန်းနုက ထိုကလေးအား မျက်မှောင်ကုတ်ကြည့်လိုက်သည်။

"ဟုတ်ရဲ့လား အာနိုးရယ်"

"ဟာ. . . အဲဒီအစ်မမှ အဲဒီအစ်မအစစ်၊ သူဝတ်ထားတဲ့အကျီမျိုး ဒီကျွန်းမှာ ဘယ်သူမှ မဝတ်နိုင်ဘူး"

"ကလေးပြောတာ သေချာပါတယ် အစ်မရာ၊ ကျွန်တော် အစ်ကို ကိုသိုက်ထော်ကို ပြန်ပြောလိုက်အုံးမယ်"

စောအောင်ဘုသည် တဲတန်းလေးမှ စိုက်ခင်းဆီသို့ တဟုန်ထိုး ပြေးထွက်သွားလေသည်။

"ဖြန်း. . . ဖြန်း"

ကလေးများက တစ်ယောက်တစ်ပေါက် ဆူညံသံများ တိတ်ဆိတ်သွားပြန်၏။ မိသန်းနုက ဟောက်လိုက်သည်။

"ငြိမ်ငြိမ်နေကြနော်. . . လူကြီးတွေ ပြဿနာ တက်နေတယ်"


www.burmeseclassic.com

www.burmeseclassic.com



သူမစိတ်ထဲတွင် ပြဿနာတော့ စပြီဟု တွေးလိုက်မိ၏။

မကြာမီ မင်းသိုက်ထော်နှင့် အလုပ်သမားအချို့ ရောက်လာကြသည်။

သူတို့လူစုလည်း မျက်စိမျက်နှာ ပျက်နေကြသည်။

မင်းသိုက်ထော်မှာ ဒေါသမထွက်စဖူး ထွက်နေသည်။

"အားလုံး အသုံးကို မကျဘူး. . . မိုးမီးလောင်ပြီ"

မိသန်းနုတောင် လန့်ဖျားဖျားသွားသည်။ သူ့ယောကျ်ားမျက်နှာက အလွန်တရာ စိုးရိမ်ပူပန်သည့်အသွင် ပေါ်နေသည်။

စောအောင်ဘု၏မျက်နှာမှာ ဇီးရွက်လောက်သာ ရှိတော့သည်။

မျက်လုံးအစုံမှာလည်း ဟိုကြည့်သည်ကြည့်။

"မိသန်းနု. . . နင်ကရော ဘာလုပ်နေတာလဲဟင်"

"ရှင်. . ."

နောက်ဆုံးတော့ မင်းသိုက်ထော် မြားဦးက သူမဘက် လှည့်လာသည်။

"ပြောလေကွာ. . . မင်းမျက်လုံးနဲ့နားတွေ ဘာဆို့ထားလဲ"





"ကျွန်မလည်း ဆရာမလေးက ခေါင်းကိုက်တယ်ဆိုပြီး ဆေးသောက်မယ်လို့ ပြောတယ်၊ ကလေးတွေ ကြည့်ပေးထားပါလို့ မှာသွားတာနဲ့ ကလေးထိန်းနေရတယ်"

"တောက်. . ."

မင်းသိုက်ထော်က မကျေမနပ်နဲ့ တောက်ခေါက်လိုက်သည်။

"ဆရာရှင်းသန့်က ငါ့ကို မှာထားတယ်၊ ဒီဧည့်သည် မိန်းကလေးကို စောင့်ကြည့်ဖို့ပဲ၊ ပွဲထောင်ပျောက်တာက အရေးမကြီးဘူး၊ မိန်းကလေး ပျောက်တာက ပြဿနာကွ"

"ဆရာမလေးကို မေးကြည့်ပါလား၊ တဲမှာ ဆေးသွားသောက်တယ်ဆို၊ ဧည့်သည်မိန်းကလေးနဲ့ တွေ့မှာပေါ့"

အလုပ်သမားကြီးတစ်ဦး၏သတိပေးမှုကြောင့် မင်းသိုက်ထော်မှာ ဆရာမ နော်အဲလာအား သတိရသွားသည်။

"အေး. . . ဟုတ်သားပဲဟ၊ သူ့ဆီက သတင်းနားထောင်ကြည့်ရအောင်"

မင်းသိုက်ထော်တို့လူစုမှာ ရှင်းသန့်တဲဆီသို့ ချီတက်သွားကြ၏။

မိသန်းနုသည် ခေါင်းကိုသာ ခါယမ်းကျန်ရစ်ခဲ့သည်။

လူကြီးများ ပြဿနာ တက်နေသောကြောင့် ကလေးများမှာလည်း ငြိမ်သက်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

သူတို့လူစု တဲဆီသို့ ရောက်သွားသောအခါ မည်သူ့ကိုမျှ မတွေ့။

"ဆရာမလေး. . . ဆရာမလေး နော်အဲလာ"

မင်းသိုက်ထော်က မတွေ့သောကြောင့် အသံပေးခေါ်ကြည့်၏။ ရှင်းသန့်၏အခန်းကိုပင် မချန်၊ ဝင်ရောက်ကြည့်ရှုလေသည်။

တဲအပြင်ဘက်တွင်လည်း ရှာဖွေကြရာ မတွေ့သဖြင့် လက်လျှော့လိုက်ကြသည်။

စိတ်ပျက်လက်ပျက်နှင့် ကွပ်ပျစ်ပေါ်တွင် ထိုင်ရင်းညည်းညူ၏။

"ဆရာလာရင်တော့ ကျွန်တော်တို့တော့ ခက်တော့မယ်ဗျာ"

"ဟော့ကောင် အောင်ဘု၊ မင်းပဲ့ထောင်ပျောက်တာ အရေးမကြီးဘူး၊ ဧည့်သည်မိန်းကလေး ပျောက်တာမှ ငါ အသုံးမကျရာ ကျတယ်၊ တောက်. . . ဆရာရှင်းသန့် ငါ့ကို အယုံအကြည်မဲ့တော့မယ်"

မင်းသိုက်ထော်က စိတ်ပျက်စွာ ညည်းညူလေသည်။

"အင်း. . . အခု ဆရာမလေးပါ ပျောက်နေတော့ ကလေးတွေ ပညာရေးက တိုးလို့တန်းလန်း ဖြစ်သွားပြီ၊ ဆရာ





ရောက်လာရင် ဆရာမလေး ပျောက်မှုကလည်း တစ်မှုပဲ"

အလုပ်သမားကြီးတစ်ဦးကလည်း စိုးရိမ်စွာ ပြောကြားပြန်၏။

"ပြန်ပေးများ ဆွဲခံရသလားဗျာ"

လူငယ်တစ်ဦးက သူ၏အထင်ကို တင်ပြလာပြန်သည်။

"မင်းကြီးဒေါ် ပြန်ပေးက ဒီမှာ လာဆွဲမလားဟ"

တစ်ယောက်က ထိုလူငယ်လေးအား ဟောက်လိုက်သည်။

အလုပ်သမားအချို့မှာ ရယ်ချင်သွားသော်လည်း ပြုံးတောင် မပြုံးရဲ၊ မင်းသိုက်ထော်၏အဆဲကို ခံကြရမည်စိုးသောကြောင့် မြို့သိပ်ထားကြရလေသည်။

ထိုစဉ် ပဲ့ထောင်စက်သံ တဘုတ်ဘုတ်ကို ခပ်သဲ့သဲ့ ကြားလိုက်ရသည်။

သူတို့လူစုအားလုံး၏မျက်လုံးများက ပင်လယ်ရေပြင်ဆီသို့ ရောက်သွားလေသည်။

"ဟာ. . . ဟိုမှာ ပဲ့ထောင်တစ်စင်း ငါတို့ဆီ လာနေတယ်"

"ပြန်လာတာ ဖြစ်မယ်၊ သူတို့ ပဲ့ထောင် လျှောက်စီးကြသလား မသိဘူး"


www.burmeseclassic.com

www.burmeseclassic.com



"ဟ. . . မိန်းကလေးတွေက မောင်းတတ်ပါ့မလား"

စောအောင်ဘု၏အထင်အား တစ်ယောက်က ကန့်ကွက်လိုက်သည်။

"ဆရာမ နော်အဲလာ မောင်းတတ်တယ်ဗျ"

"ကျွမ်းသလား မမေးနဲ့"

"ဒါဆို ဧည့်သည်ကို ကျွန်းတစ်ပတ် လျှောက်ပြတာဖြစ်မယ်"

"ဖြစ်နိုင်တယ်"

မင်းသိုက်ထော်က မျက်မှောင်ကြီး ကုတ်လျက် စဉ်းစားဟန်နှင့် ပွဲထောင်ကိုသာ စူးစိုက်ကြည့်နေသည်။

သူတို့ ထင်သလို ဟုတ်မဟုတ် တစ်စုံတစ်ရာကို စဉ်းစားကြည့်နေခြင်း ဖြစ်သည်။

ဆရာမလေး နော်အဲလာသည် သည်လို ပရမ်းပတာ အပြုအမူမျိုး ရှိသူ မဟုတ်ချေ။ ဧည့်သည်ကို ကျွန်းတစ်ပတ် လိုက်ပြစေဦးတော့ စောအောင်ဘုဖြစ်ဖြစ် သူ့ဆီမှာဖြစ်ဖြစ် ခွင့်ပြုချက် ယူမှာဖြစ်သည်။ ဂရုမစိုက်ဘဲ ကိုယ်ထင်ရာ ကိုယ်လုပ်မည့်သူမျိုး မဟုတ်။

ပြီးတော့ ကျောင်းသားလေးများ၏စာသင်ချိန်တွင် ကလေးတွေကို ထားကာ ဧည့်သည်ကို လိုက်ပြမှာ မဟုတ်ပေ။





"ဟာ. . . မဟုတ်ဘူးကွ၊ ဆရာရှင်းသန့် ပြန်လာတာ"

"ဗျာ"

မင်းသိုက်ထော်၏အသံကြောင့် စောအောင်ဘုမှာ လန့်ပြီး ဗျာလို့ အော်လိုက်မိသည်။

"ဟုတ်တယ်ဟ. . . ဆရာရှင်းသန့်မှ ဆရာရှင်းသန့်"

ပွဲထောင်က ခေါင်းဖြူများကို ထိုးခွဲလျက် မောင်းနှင်လာရာ တစ်စနှင့်တစ်စ ကျွန်းကလေး ကမ်းနှင့် နီးကပ်လာလေသည်။

သူတို့လူစုက ပွဲထောင်ကိုသာ စူးစိုက်ကြည့်နေကြလေသည်။

"ပြဿနာပဲဗျာ. . . ဆရာလာနေပြီ၊ အစ်ကို မင်းသိုက်ထော် ကျွန်တော့်ကို ကယ်ပါဦးဗျာ"

"မင်းကို ကယ်ဖို့ နေနေသာသာ ငါ့မျက်နှာတောင် ဘယ်သွားထားရမလဲ မသိဘူး"

"ပေါင်ကြားထဲ ဝှက်ထားလိုက်ဗျာ"

အလုပ်သမားထဲမှ တစ်ဦးက ဝင်ပြောလိုက်သည်။

"ဘာကွ. . . လူက ညစ်နေရတဲ့အထဲ"

"ဝုန်း. . ."

"အား. . . ကျွတ်ကျွတ်"



www.burmeseclassic.com

www.burmeseclassic.com



မင်းသိုက်ထော်က နောက်ပြောင်လိုက်သည့် လူငယ်လေးအား ပိတ်ကန်လိုက်သဖြင့် ဖင်ထိုင်ရက် လဲကျသွားလေသည်။

ရှင်းသန့်တစ်ယောက် သည်အချိန် ကျောက်ကလပ်မှ ပြန်မလာဖူးသဖြင့် အားလုံးအံ့သြနေကြသည်။

"ဆရာ သိများနေသလားကွ"

"အေး. . . ဒါကိုသိလို့ ပြန်လာသလိုပဲ၊ အရင်က ဒီအချိန် ဘယ်တုန်းက ပြန်လာဖူးလို့လဲ"

"သွား. . . ဟော့ကောင်၊ မင်း ဆရာကို သွားကြိုလိုက်"

မင်းသိုက်ထော်မှာ စောအောင်ဘုအား မောင်းထုတ်လိုက်သဖြင့် ကြောက်ကြောက်လန့်လန့်နှင့် တဲပြင်သို့ ထွက်သွားလေသည်။

ရှင်းသန့် ပဲ့ထောင်လေးက ကမ်းကပ်လာသည်။

စောအောင်ဘုက ပစ်ပေးသောကြိုးကို တိုင်နှင့် ချည်နှောင်လိုက်သည်။ ထို့နောက် ရှင်းသန့်လက်ထဲမှ သားရေအိတ်ကို လှမ်းယူလိုက်ပြီး ရှင်းသန့်နောက်မှ ငြိမ်သက်စွာလိုက်လာသည်။

"မင်းပဲ့ထောင် မတွေ့ပါလား စောအောင်ဘု"

"ဟို. . ဟို. . . ဟို"





"ဟာ. . . ထူးထူးဆန်းဆန်း ငါ့တဲထဲမှာလဲ မင်းသိုက်ထော်တို့ ရောက်နေပါလား. . . ဘာဖြစ်နေကြတာလဲ"

"ဟို. . ဟို. . ဟို"

"သွားစမ်းကွာ. . . ငါ ဖွဲ့မိတော့မယ်"

ရှင်းသန့်က ထပ်မမေးတော့ဘဲ တဲဆီသို့ လျှောက်သွားလေသည်။ မင်းသိုက်ထော်တို့လူစုမှာလည်း တိတ်ဆိတ်နေလေသည်။

"ဘာဖြစ်နေကြတာလဲ အစ်ကိုသိုက်ထော်"

သူက မျက်နှာပျက်နေသောလူစုကို အကဲခတ်ရင်းမေးမြန်းလိုက်ရာ မင်းသိုက်ထော်က တည်ငြိမ်စွာ ပြန်ပြောသည်။

"ဒီလိုကွ မောင်ရှင်းသန့်၊ ကျွန်းမှာ ပြဿနာတစ်ခုပေါ်နေတယ်"

"ဘာများတုန်းဗျာ"

"ညှော်သည်မိန်းကလေး မရှိတော့ဘူး"

"ဗျာ. . ."

"ဆရာမလေး နော်အဲလာလည်း ပျောက်နေတယ်"

"ဟင်. . ."

"သူတို့ ပဲ့ထောင်နဲ့ လစ်သွားကြတယ် ထင်တာပဲကွယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဟင်. . ."

ရှင်းသန့် မျက်နှာအကြီးအကျယ် ပျက်သွားလေတော့သည်။

မင်းသိုက်ထော်ကလည်း အဆိုးဝါးဆုံး အခြေအနေများ ဖြစ်ပေါ်လာတော့မည်ဟု ယူဆလိုက်မိသည်။

သူက ရှင်းသန့်မျက်နှာကို မကြည့်ဝံ့၊ သူ့အား အပြစ်တင်တော့မည်ကို သိသဖြင့် ခံယူရန် အသင့်အနေအထား ဖြစ်နေလိုက်၏။

"ဒုက္ခပဲဗျာ. . . သေကုန်တော့မှာပဲ"

"ငါ့ကို ခွင့်လွှတ်ပါ ရှင်းသန့်၊ ငါလဲ စိုက်ခင်းထဲ ရောက်နေတော့ ကမ်းနားက အဖြစ်အပျက်တွေ မသိလိုက်ဘူး၊ စောအောင်ဘုကလည်း စိုက်ခင်းထဲ ရောက်နေတော့ ပွဲထောင်ကို စောင့်မယ့်လူ မရှိဘူး ဖြစ်သွားတယ်၊ ဧည့်သည်မိန်းကလေး ပျောက်သွားတာ ငါ့အပြစ်ပါကွာ"

"အဲဒါ အရေးမကြီးဘူး၊ ဒုက္ခမဖြစ်ခင် လိုက်ဗျာ"

"ဟင်. . . ဘယ်လိုဖြစ်လို့လဲ မောင်ရှင်းသန့်"

သူတို့ မျှော်လင့်ထားသလို ရှင်းသန့် ဒေါသများ ပေါက်ကွဲပြီး ဆူတော့မည်ဟု ယူဆထင်မြင်လာကြသည်။

ယခုတော့ အခြေအနေက သည်လိုမဟုတ်၊ သူတို့ကို အပြစ်တင် ဒေါသထွက်ဖို့ နေနေသာသာ သူ့မျက်နှာတွင်





ိုးရှိမ်ပူပန်မှုများသာ တွေ့ရလေသည်။

"ကျွန်တော် မိုးလေဝသ နားထောင်ပြီးတာနဲ့ ချက်ချင်းပြန်လာခဲ့တာပဲ၊ နောက်တစ်နာရီအတွင်း လေပြင်းတိုက်ပြီး မုန်တိုင်းကျလာနိုင်တယ်တဲ့၊ ဒါကြောင့် သတင်းကြားကြားချင်း ပြန်လာခဲ့တာ"

"ဟော. . ."

သူတို့၏မျက်လုံးများက တိုင်ပင်ထားသည့်အလား ငင်လယ်ဘက် ကောင်းကင်ဆီသို့ ရောက်ရှိသွားလေသည်။

ကောင်းကင်က နီနေသလိုလို ပန်းရောင်သန်းနေသလိုလို၊ တစ်နေရာတွင်တော့ ညိုနေပြန်သည်။

"ဟုတ်တယ်. . . ကောင်းကင်ကြီးက အခြေအနေ ကောင်းဘူး၊ လာဗျာ. . . ကျွန်တော်နဲ့ လိုက်ခဲ့"

မင်းသိုက်ထော်က တွေဝေသွားသည်။ ပြောသင့်မပြောသင့် ချင့်ချိန်နေဟန်ရှိသည်။

"ဖြစ်ပါ့မလား ရှင်းသန့်ရယ်၊ အခြေအနေ မကောင်းဘူးနော်"

"အစ်ကိုမင်းသိုက်ထော် ရေကူးတတ်တယ် မဟုတ်လား"

"ကူးတတ်တာပေါ့ကွ"

"ဒါဆို လိုက်ခဲ့. . . အကျိုးမယုတ်ပါဘူး"


www.burmeseclassic.com

www.burmeseclassic.com

ရှင်းသန့်က ပြောပြောဆိုဆို ရေစပ်သို့ ပြေးဆင်းသွားသည်။

“ပြဿနာပဲ. . . မလိုက်လို့ မဖြစ်ဘူး”

“သွားမယ်ဟေ့”

မင်းသိုက်ထော်က ရှင်းသန့်နောက်သို့ ပြေးလိုက်သွားလေသည်။

“ကျွန်တော်လည်း လိုက်ခဲ့မယ် အစ်ကိုမင်းသိုက်ထော်”

စောအောင်ဘုက နောက်မှ ပြေးလိုက်လျက် အော်ပြောလေ၏။

မင်းသိုက်ထော်က ပြန်လှည့်မကြည့်ဘဲ. . .

“မလိုက်နဲ့ စောအောင်ဘု၊ မင်း နေရစ်ခဲ့”

မင်းသိုက်ထော် တံတားနား ရောက်တော့ ရှင်းသန့်က စက်နှိုးပြီး ဖြစ်နေလေပြီ။

“ကြိုးဖြုတ်ပြီး ခုန်တက် အစ်ကို”

မင်းသိုက်ထော် ပဲ့ထောင်ပေါ်သို့ ရောက်သောအခါ ပဲ့ထောင်ကလေးသည် ဝေါကနဲ ကမ်းစပ်မှ ထွက်သွားလေတော့သည်။

“နော်အဲလာ ပဲ့ထောင်မောင်းတတ်သလား အစ်ကို”

“ကောင်းကောင်းမောင်းတတ်တယ်လို့ စောအောင်





ဘုက ပြောတာပဲ”

“အေးဗျာ. . . ကျွမ်းကျင်ပါစေလို့ပဲ ဆုတောင်းရမှာပဲ”

မင်းသိုက်ထော် ကောင်းကင်ကို မော့ကြည့်လိုက်သည်။

“အင်း. . . အခြေအနေကတော့ ဆိုးမယ့်ပုံပဲ”

လေတိုက်နှုန်းကလဲ တစ်စထက်တစ်စ ပြင်းထန်လာသည်။ အဆင်ပြေသည်က သူတို့သည် လေစုန်ကို မောင်းနှင်နေရသဖြင့် ပဲ့ထောင်ကလေးက ရေပြင်တွင် လွင့်နေသလို ဖြစ်နေသည်။

“ကျွန်တော်တို့ မီဖို့လိုတယ်ဗျ”

ရှင်းသန့်က စိုးရိမ်ပူပန်သည့် အမူအရာနှင့် ပြောကြားလိုက်ရာ မိမိ၏အသက်အန္တရာယ်ကို မတွေးဘဲ ကူညီလိုသည့်စိတ်ဓါတ်သာ လွှမ်းကဲနေသော ရှင်းသန့်ကို မင်းသိုက်ထော် ငေးကြည့်နေမိသည်။

ပဲ့ထောင်လေးက လှိုင်းခေါင်းဖြူများကို ထိုးခွဲလျက် အရှိန်နှင့် ပြေးနေဆဲ။


www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၁)

"ကျွန်မ အိပ်မက်,မက်နေသလိုပဲ နော်အဲလာရယ်"

နော်အဲလာက မပြုံးနိုင်ဘဲ ပွဲထောင်ကိုသာ ဂရုစိုက် မောင်းနှင်နေမိသည်။

လေပြင်းနှင့် လှိုင်းတို့က ရာသီဥတု၏ရွှေ့ပြောင်းနိမိတ်အဖြစ် သူတို့ထံ ရောက်ရှိလာပြီဖြစ်ကြောင်း နော်အဲလာ ရိပ်မိနေခဲ့သည်။ ထို့ကြောင့် သူမက စိုးရိမ်စိတ်များ ရင်ဝယ်





ဖြစ်ပေါ်နေခဲ့သည်။

မြို့သူ၏အသက်အန္တရာယ်ကို သူ စိုးရိမ်နေမိသည်။

သူမက ကောင်းကင်ကို မော့ကြည့်လိုက်သည်။

ကောင်းကင်မှာ နီကျင်ကျင်နဲ့ လေတို့ကလည်း တဖြည်းဖြည်း ပြင်းလာသည်။ သူမက ပုသိမ်သို့ ရောက်ရှိမည့်အချိန်ကို တွက်ချက်နေမိသည်။ ယခုမှ ခရီးတဝက်သာ ကျိုးသေးသည်။

လေပြင်းဟူသည် ကျလာပြီဆိုပါက အရှိန်အဟုန်ပြင်းစွာနဲ့ တခဏအတွင်း ကျလာတတ်သည် မဟုတ်ပါလား။

"မကေသီ ရေကူးတတ်လားဟင်"

"ဟင့်အင်း နော်အဲလာ. . . ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ဘူး. . . မေးကြည့်တာပါ"

"နော်အဲလာကတော့ ရေကူးတတ်မှာပဲနော်"

နော်အဲလာက ပြုံးပြီးဖြေလိုက်လေသည်။

"အဲလာတို့က တောသူတွေလေ၊ ရေကူးတတ်တယ်၊ ငါးဖမ်းတတ်တယ်၊ လယ်ထွန် ကောက်စိုက်တတ်တယ်၊ တောမှာ လုပ်ရတဲ့အလုပ်တွေ မှန်သမျှ လုပ်တတ်ရတာပေါ့၊ မကေသီတို့ မြို့သူတွေလဲ ကားမောင်းတတ်တယ် မဟုတ်လား. . . အဲလိုပဲပေါ့"

"အင်း. . . ဟုတ်တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ကေသီဝမ်းနှင့် နော်အဲလာတို့မှာ အရွယ်က မတိမ်း မယိမ်းဖြစ်သည်။ သို့ရာတွင် နော်အဲလာက လူကြီးဆန်ပြီး ရုပ်ရင့်သလို ဖြစ်နေသည်။ မြို့မှာ နေသူနဲ့ တောမှာ နေသူတို့ ၏နေရာဒေသ အပြင်အဆင်တို့ကြောင့် ဖြစ်မည်ထင်သည်။ အလုပ်ကလည်း ဆရာမ ဖြစ်သောကြောင့်လည်း ပါမည်။

သို့ရာတွင် နော်အဲလာ၏အလှက တည်ငြိမ်အေး ချမ်း ကျက်သရေရှိသောအလှမျိုးဖြစ်သည်။

သွက်လက်ထက်မြက် လှုပ်ရှားနေတတ်သော သူမ ၏အလှက ဒေါင်းပျိုမလေးတစ်ကောင်နှယ် ချစ်ခင်ဖို့ကောင်း သည်။ သို့ရာတွင် သူမ၏အလှက မာနတရား ရှိသော ကြောင့် အစဉ်အမြဲ ယောက်ျားလေးများနှင့် ပဋိပက္ခ ဖြစ်နေ တတ်သည်။ ချစ်သူရည်းစားလည်း မထားခဲ့ဖူးသော အပျိုကြီး စိတ်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ပွဲထောင်လေးပေါ်တွင် တစ်ခရီး သွားရင်း တစ်ဦးအကြောင်း တစ်ဦးပြောလျက် ရင်းနှီးလာခဲ့ ကြပြီဖြစ်သည်။ အထူးသဖြင့် ကေသီဝမ်းက နော်အဲလာ ပို၍လေးစားခင်မင်နေခဲ့လေသည်။

"ကျွန်မကတော့ နော်အဲလာ ပွဲထောင်မောင်းတတ် တယ်လို့ ပြောခါစက မယုံခဲ့ဘူး၊ ပွဲထောင်ပေါ်သာ တက်လာ တာ ခပ်လန့်လန့်ပဲ၊ ခုလို လမ်းတစ်လျှောက်လုံး ကျွမ်းကျွမ်း





ကျင်ကျင် မောင်းနေတာ မြင်တော့မှ စိတ်အေးသွားတော့ တယ်၊ အားလည်း ကျတယ်"

"ဒါတွေက အတွေ့အကြုံနဲ့ နီးစပ်မှုပေါ့လေ"

"ဒါနဲ့ ကိုရှင်းသန့်နဲ့ သိတာ ကြာပြီလားဟင်"

"ကြာတော့ မကြာသေးပါဘူး၊ ပြင်ခရိုင်မှာ သိကြ တာပါ၊ သိတော့လည်း ခင်သွားရတာပေါ့၊ သူက အရည် အချင်းလည်း ရှိတယ်၊ စိတ်ကောင်းလည်း ရှိတဲ့သူတစ်ဦးပါ"

ရှင်းသန့်အကြောင်း ပြောရလျှင် နော်အဲလာ၏မျက် လုံးများမှာ တောက်ပနေလေသည်။

"သူ မသိတာတွေ မရှိသလောက် နှံ့စပ်တယ်၊ မသိ ရင်လည်း မသိဘူး၊ ပွင့်ပွင့်လင်းလင်းနဲ့ အဆင့်အတန်းလဲ မခွဲတော့ အားလုံးက သူ့ကို ခင်ကြတာပေါ့၊ ဒါကြောင့် ဒီ ကျွန်းမှာ လာပြီး ကလေးတွေကို အပင်ပန်းခံပြီး စာလာသင် ပေးတာပေါ့၊ သူ့ရဲ့အစီအစဉ်တွေပါ၊ မြို့နဲ့ နည်းနည်းလှမ်း တော့ ပညာရေး နောက်ကျမှာစိုးတယ်လေ၊ ကလေးတွေရဲ့ အနာဂတ်ကို တွေးမိတယ်၊ လူမှုရေးလည်း သိပ်ညက်တဲ့သူ၊ ဘယ်တော့မှ အတ္တမဆန်ဘူး၊ နှစ်ဖက်မျှကြည့် မျှဝေခံစား တတ်တယ်၊ မကေသီနဲ့မှ ဘာကြောင့် မတည့်တာလဲတော့ မသိဘူး"

နော်အဲလာက ရှင်းသန့်အကြောင်း ပြောမည်ဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



မမောနိုင် မပန်းနိုင် ပြောဆိုနေသည်။

"ဟုတ်တယ်နော်. . . ကျွန်းက လူတွေအားလုံးက လည်း သူ့ကို တော်တော်ခင်ပုံရတယ်၊ သူ့တဲထဲမှာလည်း စာအုပ်စာတမ်းတွေ အများကြီးပဲ တွေ့တယ်၊ သူ့ကြည့်ရတာ ခေတ်ပညာတတ် ဖြစ်မယ်ထင်တယ်၊ သူ ဘယ်နှစ်တန်း လောက် တတ်လဲဟင်"

"ဟင်းဟင်း. . . သူ့ကို မေးရင်တော့ မူလတန်း လောက်ပဲ အောင်တယ်လို့ ပြောတတ်တယ် မကေသီရဲ့၊ ဒါပေမယ့် သူဖတ်တဲ့စာအုပ်တွေက အင်္ဂလိပ်စာအုပ်တွေ များတယ်၊ မသိတဲ့အကြောင်းအရာလည်း မရှိသလောက်ပဲ၊ နိုင်ငံရပ်ခြားက အကြောင်းအရာတွေကို မေးဦးမလား၊ မေး မကုန် ဖြေမကုန်ထဲကပဲ၊ မေးတဲ့သူက မောသွားမယ်၊ သူက ဖြေစရာတွေ ရှိနေသေးတယ် ဟင်း. . . ဟင်း"

ကေသီဝမ်း ရှင်းသန့်မျက်နှာကို မြင်ယောင်လာ သည်။ တစ်ညတာ လွန်မြောက်ခဲ့သည်အား တွေးနေမိ သည်။ တကယ်တော့ သူ့ကျွန်း သူ့လူတွေသာ ရှိသည့်နေရာ တွင် သူမကို တကယ်မုန်းတီးပါက အောက်တန်းကျစွာ ဆက် ဆံခဲ့မည် ဖြစ်သည်။

သို့သော် ယခု သူမကို သည်လို မဆက်ဆံခဲ့ချေ။

"ကျွန်မနဲ့တော့ ရေစက်ပဲ ထင်တယ်၊ စတွေ့တည်းက





မျက်နှာကြောကို မတည့်ဘူး၊ ကျွန်မ ဆုံခဲ့တဲ့ယောက်ျားတွေ ကလည်း ကျွန်မအလိုလိုက်ပြီး မျက်နှာသာပေးတဲ့သူတွေ ချည်းပဲ၊ သူက အဲလို မဟုတ်ဘူးလေ၊ မျက်စိရော နားရော ကန့်လန့်ကြီး ဖြစ်နေတာ၊ ဒါကြောင့် မုန်းမိတာလေ၊ ကြည့်လို့ ကို မရဘူး နော်အဲလာရဲ့"

"အံ့ဩစရာပဲနော်. . . ဒါပေမယ့် ခု မကေသီ သူ ဒုက္ခရောက် နစ်နာအောင် လုပ်ချင်သေးလားဟင်"

ကေသီဝမ်းက ရှက်ရွံ့စွာ ရယ်လိုက်ပြီး. . .

"သူက ကျွန်မကို လက်ဖျားနဲ့တောင် တို့တာမှ မဟုတ်ဘဲ၊ အစထဲက ဒုက္ခပေးဖို့ မစဉ်းစားပါဘူး၊ ဒါပေမယ့် ကျွန်မ အလိုမတူဘဲ ကျွန်မကို ခေါ်လာတာတော့ ဒေါသ လည်း ဖြစ်တယ်၊ စိတ်လည်း ဆိုးတယ် နော်အဲလာ"

"ဒါကလည်း မကေသီက သူ့ပွဲထောင်ပေါ်မှာ မှားပြီး ထိုင်နေမိတာကိုး"

"ဟုတ်တယ်. . . ဒါကြောင့်လဲ သူ့ပယောဂ မပါဘူး၊ အတင်းအဓမ္မ ခေါ်လာတာ မဟုတ်ဘူးလို့ ပြောတာပေါ့၊ ကျွန်မ လက်ခံပါတယ်"

ထိုစဉ် လေပြင်းတစ်ချက် တိုက်လိုက်သဖြင့် ပွဲထောင် လေးမှာ မြောက်တက်သွားပြီး ရွှေဝါးတစ်ရိုက်အကွာမှာ ကျ ရောက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမေ့"

"သေသေချာချာ ကိုင်ထား မကေသီ၊ လေပြင်းတော့ ရေထဲ ကျသွားနိုင်တယ်"

နော်အဲလာက ပဲ့ကို နိုင်အောင်ထိန်းပြီး သတိပေးလေသည်။ သူမက ပဲ့ထောင်နှုတ်ခမ်းကို မြဲအောင် ကိုင်ထားလေသည်။ လှိုင်းတို့က မြင့်မားလာသည်။ လေကလည်း တဟူးဟူး။

"လေပြင်းတွေ ကျလာပြီ. . . ဘယ်လိုလုပ်ကြမလဲဟင်"

ကေသီဝမ်းက တုန်လှုပ်ချောက်ချားစွာ ပြောသည်။

နော်အဲလာက. . .

"မကြောက်ပါနဲ့. . . အလိုက်သင့် မျောလိုက်မယ်၊ လွင့်မကျသွားအောင်သာ ကိုင်ထားနော်"

နော်အဲလာက သူမအား မကြောက်ရန် အားပေးလိုက်သည်။ တကယ်တော့ နော်အဲလာလည်း ပဲ့ထောင်လေးသည် မုန်တိုင်းအတွင်း ကျရောက်နေပြီဟု သိလိုက်သည်။

"ဝှီး. . ဝှီး. . ဝှီး. . ဝှီး"

လေသံတို့က အော်မြည်လာသည်။ သူမက ထိတ်လန့်စွာ အော်သည်။

"လာပြီ. . လာပြီ နော်အဲလာ. . . ကြောက်စရာ





ကြီး"

"ဝပ်နေ. . . ကိုင်ထားနော် မကေသီ"

သူမကလည်း ပဲ့ကို မလွတ်တမ်း ကိုင်တွယ်ထားသည်။

"ဝုန်း"

လှိုင်းလုံးဖြူကြီးများကြောင့် သူတို့၏ပဲ့ထောင်လေး မြောက်တက်သွားပြန်သည်။

"အမေ့"

သူမတို့နှစ်ဦးစလုံး ရေများ စိုရွှဲကုန်သည်။

"ဟီး. . . ဟီး. . ဟီး"

ကေသီဝမ်းမှာ ဆောက်တည်ရာမရ ငိုကြွေးလေသည်။

"မငိုနဲ့. . . သတိထားနေ"

နော်အဲလာက ပဲ့ကို နိုင်အောင်ထိန်းရင်း အော်လေသည်။

ပဲ့ကို လွှတ်လိုက်လျှင် ပဲ့ထောင်ကလေးမှာ သစ်ရွက်ကလေးတစ်ရွက်ပမာ ရေပြင်ထဲတွင် နစ်မြုပ်သွားပေတော့မည်။

ထို့ကြောင့် သတိလက်မလွတ်စေပဲ ကြံ့ကြံ့ခံနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကေသီဝမ်းကလည်း ပွဲထောင်ဝမ်းထဲ ထိုင်ချကာ ဘေးလက်နှစ်ဖက်နှင့် ဘေးဘောင်အား ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်။

ပွဲထောင်ဝမ်းထဲမှာလည်း ရေတွေက ဝင်နေပြီ။

"ဘတ်. . ဘတ်. . ဘတ်"

"အရေးထဲ စက်က ရပ်သွားပြန်ပြီ"

နော်အဲလာက ရေရွှတ်လျက် ဆီကို ကြည့်လိုက်သည်။

"ဟင်. . . ဆီကုန်သွားတာပဲ"

"ဒုက္ခတော့ ရောက်ပြီ"

ပွဲထောင်အင်ဂျင်မှာ လုံးဝရပ်သွားပြီဖြစ်သည်။ သူတို့ ပွဲထောင်ကား လှိုင်းထဲလေထဲတွင် မည်မျှကြာအောင် မျောပါတော့မည် မသိနိုင်ပြီ။

မှန်တိုင်းပြုသမျှ နုရတော့မည်။ စက်အားကို ရှုန်းမရနိုင်တော့၊ နော်အဲလာကိုယ်တိုင် စိုးရိမ်ပူပန်မှုများ ပထမဆုံးဖြစ်ပေါ်လာမိသည်။

မြို့သူမိန်းကလေးကို မသိစေချင်ပါ။

မကြာမီ သူတို့လှေလေး ရေထဲ နစ်မြုပ်ဖို့ များသွားပြီ။

"မကေသီရေ. . . ပွဲထောင်မှောက်သွားလဲ မလွှင့်သွားစေနဲ့၊ အမိအရ ကိုင်ထားနော်"

သူမ စကားပင် မဆုံးလိုက်၊ လှိုင်းလုံးကြီးတစ်လုံးက ပြင်းထန်စွာ ဆောင့်တွန်းလိုက်သည်။

"ဝုန်း. . ."

"အား. . ."

"သတိထား"

ပွဲထောင်လေးမှာ ရေထဲတွင် ကျွမ်းထိုးမှောက်ခုံ ဖြစ်သွားသည်။ နော်အဲလာသည် လှေမှောက်သွားသည်နှင့် အော်ဟစ်သတိပေးလျက် မကေသီကို ကယ်တင်နိုင်ရန် သူမနှင့် အနီးဆုံး ရောက်အောင် ရေထဲတွင် ဆံပင်ကိုသာ ဆွဲမိလေသည်။

"အသက်အောင့်ထား"

ကေသီဝမ်းကား ရေထဲတွင် ဆံပင်ဆွဲခံထားရသဖြင့် နစ်မြုပ်မသွားသေးပေ။ နော်အဲလာ၏ သတိပေးစကားကြောင့် အသက်ရှူအောင့်ကာ ကိုယ်ဖော့ထားရသည်။

နော်အဲလာကမူ လှိုင်းတွေကြားမှ ရှုန်းကန်ကူးခတ်နေရသည်။

လက်တစ်ဖက်ကလည်း ကေသီဝမ်းဆံပင်ကိုမလွှတ်ပဲ။

သူမက ပွဲထောင်ကို ရှာဖွေလိုက်သည်။ လွှတ်




☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com

မြောက်စရာ သည်တစ်လမ်းပဲ ရှိသည်။ ရေမျက်နှာပြင်ပေါ်တွင် ခေါင်းတင်လျက် ဘယ်ညာလှည့် ရှာဖွေကြည့်သည်။

လှိုင်းရိုက်သောကြောင့် ပဲ့ထောင်မှာ မှောက်လိုက်မြုပ်လိုက်ပေါ်လိုက်နှင့် သူတို့နှင့် လက်တစ်ကမ်းတွင် မျောနေသည်ကို တွေ့ရသည်။

သူမက ထိုနေရာသို့ ရောက်အောင် ကူးခတ်နေသည်။

ကန့်လန့်ဖြတ် ကူးခတ်နေရသည်မို့ ရုတ်တရက် မရောက်နိုင်။

တခါတရံ ပို၍ဝေးသွားသလို. . .

သို့ရာတွင် နော်အဲလာသည် အားမလျှော့ဘဲ ထိုနေရာသို့ ရောက်မှသာ အသက်ရှင်နိုင်မည်ဟု သိသဖြင့် ဆက်လက်ကူးခတ်နေသည်။

ပဲ့ထောင်ဆီ ရောက်မှသာ ပဲ့ထောင်အားကိုးနှင့် လှိုင်းရိုက်ရာ လိုက်ပါရုံသာ။

ထိုစဉ် ပဲ့ထောင်စက်သံ ခပ်သဲ့သဲ့ကို သူမ စတင်ကြားလိုက်ရသည်။ အားတက်သွားသည်။ သေချာစွာ နားစွင့်လိုက်သည်။

"ဟင်. . ."

သူမနားကိုပင် မယုံ၊ ဘယ်က အင်ဂျင်စက်သံပါ





လိမ့်။

သူမ စိတ်စွဲပြီး သေဘေးအန္တရာယ်ကြောင့် ကြားချင်တာ ကြားယောင်နေတာများလား။

သူမက လှိုင်းများကြားမှ ဟိုဟိုသည်သည် ခေါင်းထောင်ကြည့်လိုက်သည်။

အို. . . ပဲ့ထောင်တစ်စီး။

လှိုင်းများပေါ်တွင် ပဲ့ထောင်တစ်စီးက ရုန်းကန်ပြေးသွားနေသည်။

ထိုပဲ့ထောင်မှ အင်ဂျင်စက်သံဖြစ်သည်။

သူမက အော်ခေါ်ရန် သတိရလိုက်သောကြောင့် အသံကို ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

"ကယ်ကြပါ. . . ကယ်ကြပါရှင်"

လှိုင်းသံလေသံများကြားမှ သူမ၏ အကူအညီတောင်းသံက ခပ်သဲ့သဲ့ ပေါ်ထွက်သွားသည်။

"ကယ်ကြပါရှင်"

ဒုတိယအကြိမ် အော်ဟစ်လိုက်ပြန်သည်။

ထိုအခါ ပဲ့ထောင်ဆီမှ ပြန်လည်အော်သံကြောင့် သူမ ဝမ်းသာသွားသည်။

"နော်အဲလာ ဆရာမလေးရေ"

"ကျွန်မ ဒီမှာ. . . ဒီမှာ"



www.burmeseclassic.com

www.burmeseclassic.com



သူမက အားတင်းပြီး အော်ဟစ်ပြန်ကြားလိုက်သည်။ ပွဲထောင်လေးက သူမတို့ဘက်သို့ ဦးတည်လိုက်သည့်အတွက်. . .

“နီးလာပြီ နော်အဲလာ. . . စိတ်တင်းထားဟေ့”

မင်းသိုက်ထော်၏အော်ပြောသံကြီးကို ပြန်ကြားရလေသည်။

သူမက ပွဲထောင်ထံသို့ ကူးခတ်ရန်ကို စွန့်လွှတ်လိုက်၏။

အင်ဂျင်စက်သံကလည်း တဖြည်းဖြည်း နီးလာသည်။

“လာပြီ. . . လာပြီဟေ့”

မင်းသိုက်ထော်၏အသံကို ဆက်တိုက်ကြားနေရသဖြင့် နော်အဲလာကလည်း မောပန်းနေသည့်ကြားက အားထည့်ကာ ကူးခတ်နေမိသည်။ မောလိုက်သည်မှာလည်း မပြောပါနှင့်တော့၊ မကေသီ၏ဆံပင်ကိုလည်း မလွှတ်ရက် လွှတ်လိုက်ပြန်က သူမခမျာ ဒုက္ခရောက်တော့မည်။

ဒါ မိမိကြောင့်။ မိမိ၏တစ်ဖက်သတ် သဝန်တိုကြောင့်ကြစိတ်ကြောင့်။

နော်အဲလာမှာ မောပန်းကာ ခြေကုန်လက်ပန်း ကျလာသည်။ သူမ အသံပင် ထပ်မပေးနိုင်တော့။





“နော်အဲလာ. . . နော်အဲလာ”

ကိုရှင်းသန့်၏အသံကို ကြားလိုက်ရသဖြင့် သူမအားတက်သွားပြန်သည်။

“ကေသီ. . . ကေသီ”

ကိုရှင်းသန့်၏အသံကို ထပ်မံကြားရသဖြင့် သူမအားတင်းပြီး အသံပေးလိုက်သည်။

“ကိုရှင်းသန့်. . . ကျွန်မ ဒီမှာ. . . ဒီမှာ”

အင်ဂျင်စက်သံက တစ်စထက်တစ်စ နီးလာသည်။ သူမက ကိုယ်ကို ဖော့လျက် မှောက်နေရာမှ လှိုင်းရိုက်သဖြင့် ဝေးသွားပြန်သည်။

“အဲလာ. . . အဲလာ”

ရှင်းသန့်အသံက နီးလာသလို အင်ဂျင်စက်သံကလည်း ပို၍ဆူညံလာလေသည်။

“ဘယ်မှာလဲ. . . ဘယ်မှာလဲ. . . အသံပေးပါအုံး”

“ဒီမှာ. . . ဒီမှာ”

“ဟော. . . ဟိုမှာ. . . ဟိုမှာ ခေါင်းလေးတွေ”

မင်းသိုက်ထော်၏အသံကို ကျယ်လောင်စွာ ကြားနေရသည်။

“နော်အဲလာ လက်ပေး. . . လက်ပေး”

အနီးရောက်လာသော ပွဲထောင်ပေါ်မှာ ရှင်းသန့်နှင့်



www.burmeseclassic.com

www.burmeseclassic.com



မင်းသိုက်ထော်ကို တွေ့ရလေသည်။

ပဲ့ထောင်က သူတို့နှစ်ဦးနား ရောက်လာသည်။

"မကေသီကို မြန်မြန်ဆွဲပါ"

သူမ၏လက်တစ်ဖက်က အင်အားချိနဲ့စွာနဲ့ ရေပေါ် မြောက်လာသည်။

"အဲလာလက်မှာ ကေသီဆံပင်ကို ဆွဲထားတယ်"

"ရှေ့နည်းနည်းကပ်ပေး. . . မီလုပြီ"

"ဘုတ်. . ဘုတ်. . ဘုတ်"

"ပေး. . ပေး. . လက်မြှောက်ပေးလေ"

ရှင်းသန့်က အော်ဟစ်သတိပေးလိုက်ရာ နော်အဲလာသည် အားတင်းလျက် လက်ကို မြှောက်လိုက်သည်။

"ရပြီ. . . လွှတ်လိုက်တော့"

ရှင်းသန့်က သူမလက်ထဲမှ ဆံပင်ထွေးကြီးကို ဆွဲယူပြီး အော်လိုက်သည်။

ထို့နောက် ပဲ့ထောင်ပေါ်ကို ဆွဲတင်လိုက်ရာ ကေသီ ဝမ်း ကိုယ်လေးမှာ ရေထဲမှ ပဲ့ထောင် ဝမ်းဗိုက်ထဲသို့ ကျ ရောက်လာသည်။

ရေမွှန်းပြီး သတိမေ့နေရှာသည်။ ရှင်းသန့်က သူမ ဗိုက်ထဲမှ ရေများကို ခါးမှ ပင့်လျက် ဖောက်ထိုး ခါချလိုက် သည်။





"ဝေါ့. . ."

ပါးစပ်ထဲမှ ရေများ ထွက်လာကြသည်။

ခါးမှ လက်နှစ်ဖက် ယှက်ပြီး မှောက်လျက် ဆွဲခါ လိုက်ပြန်သည်။

"အွတ်"

သူမထံမှ အသံတစ်ချို့ ထွက်လာ၍ လူးလွန့်ကာ ရေများ အန်ထွက်လာပြန်သည်။

"နော်အဲလာကို ဆွဲတင်လိုက်ပါဦး"

သည်တော့မှ နော်အဲလာကို သတိရပြီး ပဲ့ထောင် နှုတ်ခမ်းမှ ရေထဲ လှမ်းကြည့်လိုက်သည်။ မင်းသိုက်ထော်မှာ သည်း ဟစ်အော်ဆဲ။

"နော်အဲလာ. . . နော်အဲလာ"

ရေထဲမှ မည်သည့်တုန့်ပြန်သံကိုမှ မကြားရချေ။

သူက အနီးပတ်ဝန်းကျင် ရေမျက်နှာပြင်ပေါ်တွင် သိုက်ရှာကြည့်သော်လည်း မတွေ့ရချေ။

"နော်အဲလာ. . နော်အဲလာ. . . အသံလေး ပေးပါ ဦး"

ရှင်းသန့်သည် အသံကို မြှင့်ခေါ်လိုက်သော်လည်း မည်သည့်တုန့်ပြန်သံကိုမျှ မကြားရတော့ချေ။

"နော်အဲလာ. . . နော်အဲလာ"



www.burmeseclassic.com

www.burmeseclassic.com



သူက မကျေမနပ်နှင့် ထပ်အော်လိုက်ပြန်သည်။

အချည်းအနှီးပင် ဖြစ်ရသည်။ လှိုင်းသံ လေသံတို့က ဆူညံနေသည်။

"လုပ်ပါဦးဗျာ. . . ခေါ်ပါဦး ကိုသိုက်ရယ်"

သူ၏အသံတို့က တိမ်ဝင်နေပြီ။

မင်းသိုက်ထော်က ထပ်မံခေါ်ကြည့်ပြန်သည်။

"ဆရာမလေး ဆရာမလေး နော်အဲလာ. . . အဲလာ ရေ"

ပဲ့ထောင်လေးသည် ထိုနေရာတစ်ဝိုက်တွင် ခုတ်မောင်းပြီး လည်ပတ်ရှာဖွေနေသည်။

နာရီဝက်ခန့် ကြာသဖြင့် ရှင်းသန့် မင်းသိုက်ထော်တို့ အသံပင် မထွက်နိုင်တော့၊ လေနှင့် လှိုင်းသံတို့ပင် တိတ်ဆိတ်သွားသည်။

"အင့်. . . အင့်. . . အင့်"

ကေသီဝမ်းက မေ့လျော့နေရာမှ လူးလွန့်လာသည်။ ရာသီဥတုကလည်း ငြိမ်သက်သွားလေပြီ။

"မကေသီ. . . မကေသီ သတိရပြီလား"

ရှင်းသန့်က မိန်းမပျိုကို ပွေ့လျက် ခေါ်ကြည့်လိုက်သည်။

"အင့်. . . အင့်"





"မကေသီ ပဲ့ထောင်ပေါ် ရောက်နေပြီလေ"

"ဟင်. . ."

သူမ၏မျက်လုံးအစုံက ဖျတ်ကနဲ ပွင့်လာပြီး သူမအား ပွေ့ဖက်ထားသော ရှင်းသန့်ကို တွေ့လိုက်ရသဖြင့် အံ့အားသင့်သွားလေသည်။

"ကို. . . ကိုရှင်းသန့်"

"မင်းတို့တွေနောက် လိုက်ကြတာပါ၊ မိုးလေဝသက မုန်တိုင်းသတင်း ကြေညာထားလို့လေ"

သူက သူမ၏ခန္ဓာကိုယ်လေးကို ပွေ့ထားရာမှ အသာအယာ ထူပေးလိုက်သည်။

"ဦးခေါင်းတွေ နာလိုက်တာရှင်"

"နာနေမှာပေါ့. . ဆံပင်ကြောင့် အသက်အန္တရာယ် လွတ်မြောက်ခဲ့ရတာလေ"

"ဟင်. . . ဆရာမရော. . . ဆရာမ နော်အဲလာ ရော"

ဆံပင်ကို ကိုင်ကာ နော်အဲလာကို သတိရသွားလေသည်။

သူမက ထိတ်လန့်စွာ မေးလိုက်မိရာ ရှင်းသန့်၏ မျက်နှာမှာ စိတ်မကောင်းဟန်သို့ ပြောင်းလဲသွားလေသည်။

သူက နှုတ်မှ မဖြေဘဲ ဦးခေါင်းကိုသာ ခါယမ်းလိုက်



www.burmeseclassic.com

www.burmeseclassic.com

လေသည်။

"ရှင်. . နော်အဲလာကို ဆယ်မရဘူး ဟုတ်လား"

"ဟုတ်တယ် မိန်းကလေး၊ တို့များလဲ နာရီဝက်ကျော် တစ်နာရီလောက် ရှာကြပါသေးတယ်၊ လုံးဝ မတွေ့တော့မှ စိတ်လျှော့လိုက်ရတာပါ"

မင်းသိုက်ထော်မှ ကြားမှ ဝင်ရောက်ဖြေကြားလေသည်။

"ဟီး. . ဟီး. . ဟီး"

ကေသီဝမ်းသည် ဝမ်းနည်းစွာဖြင့် ငိုကြွေးလိုက်သည်။

"တို့များလည်း ကြိုးစားရှာတာပဲ၊ သူ့ကံပေါ့ကွယ်. . ဘာတတ်နိုင်မှာမို့လို့လဲ"

မင်းသိုက်ထော်က ဖျောင်းဖျစကား ဆိုလေသည်။

သူမက ရှိုက်လျက် ငိုကြွေးနေဆဲ။ နှုတ်မှလည်း. . .

"သူ. . . သူက ကျွန်မကို ကယ်ပြီး သူ့ကျတော့ သေရရှာတယ်၊ ကျွန်မ စိတ်မကောင်းလိုက်တာရှင်. . . ရှာကြပါဦး"

"ဟုတ်ပါတယ်. . . နော်အဲလာက အင်မတန် သတ္တိရှိ၊ ရဲရင့်တဲ့ မိန်းကလေးပါ။ မိန်းကလေးအပေါ် သေသည်အထိ ကူညီသွားရှာတာပါ"





"ကျွန်တော် လှေပေါ် ဆွဲတင်ဖို့ လက်ကို တောင်းတော့ သူ့လက်ကို မပေးဘဲ မကေသီရဲ့ဆံပင်ကို လှမ်းဆွဲ လှမ်းပေးတယ်လေ၊ ကျွန်တော်လည်း ရရာဆွဲတင်တော့ မကေသီပဲ ပါလာလို့ အရင်အပေါ်ရောက်အောင် ဆွဲတင်ခဲ့တယ်၊ အဲဒီအချိန်မှာ မကေသီက ရေတွေ မွန်ပြီး သတိမေ့နေပြီလေ၊ ကျွန်တော်လည်း စိုးရိမ်ပြီး ခန္ဓာကိုယ်ထဲက ရေတွေ ထွက်အောင်နဲ့ သတိရအောင် လုပ်ပေးနေတာ၊ ကိုသိုက်က လည်း ပဲ့ကိုင်ရင်း သူ့ကို ဆွဲတင်ဖို့ ကြိုးစားရင်း ပျောက်သွားတာ၊ သူ့ကို ဆွဲတင်ဖို့ ကြည့်လိုက်တော့ ရေထဲမှာ သူ့ကို ရှာမတွေ့တော့ဘူး မကေသီရယ်"

"အီး. . အီး. . အီး"

ကေသီဝမ်း ရှိုက်ခါ ငိုလိုက်ပြန်သည်။ ပြီးတော့ ဝမ်းနည်းစွာ ပြောပြန်သည်။

"ကျွန်မကို လမ်းတစ်လျှောက်လုံးနဲ့ မုန်တိုင်းတွေကြားမှာ တစ်ချိန်လုံး စောင့်ရှောက်ခဲ့ပါတယ်၊ ရေထဲကျတော့လည်း ကျွန်မ ရေမကူးတတ်မှန်း သိလို့ ကျွန်မဆံပင်ကို တစ်ချိန်လုံး ဆွဲထားတာ"

"ဟုတ်တယ်. . . ဒါကြောင့် မကေသီ အသက်ရှင်ခွင့် ရတာပေါ့"

ရှင်းသန့်ကလည်း အလွန်စိတ်ထိခိုက်စွာဖြင့် ပြောပြ



www.burmeseclassic.com

www.burmeseclassic.com


နေသည်။

"သူက ကျွန်မကို အသက်စွန့်ပြီး ကယ်တင်ခဲ့တဲ့ ကျေးဇူးရှင်ပါပဲရှင်၊ ဆရာမလေးရယ်. . . ကျွန်မ ဘယ်လိုဖြေရမလဲ"

ထိုစဉ် ပွဲထောင်ကလေးမှာ မြို့လေးကို လှမ်းမြင်လာရလေသည်။

ပုသိမ်မြို့ကို ရောက်လာပြီ။

ကေသီဝမ်း ရှင်းသန့်နှင့် မင်းသိုက်ထော်တို့မှာ ဆိပ်ကမ်းသို့ လှမ်းမျှော်ကြည့်လိုက်သည်။

သင်္ဘောဆိပ်တံတားမှ လူများမှာ မုန်တိုင်းမိ ဒုက္ခသည်များအား ကူညီရန် စောင့်မျှော်နေကြသည်။

သူတို့လို မြစ်ကြောင်းတစ်လျှောက် နစ်မြုပ်သွားသောလှေများ သင်္ဘောများမှ လူများကို ဆယ်ယူကာ ဆေးရုံသို့ ပို့ဆောင်ပေးနေကြသည်။

သူတို့ကိုလည်း ကယ်ဆယ်ရေး ဝန်ထမ်းများက လာရောက်ခေါ်ယူကာ ဆေးရုံသို့ ပို့ပေးလေသည်။





# အခန်း(၁၄)

ဆေးရုံ၌ ကေသီဝမ်းက အအေးပတ်ပြီး နေမကောင်းဖြစ်နေသောကြောင့် ဆင်းခွင့်မရချေ။

သူမထံသို့ ဖခင်ဖြစ်သူ ဦးဝမ်းမောင်နှင့် သူငယ်ချင်းဖြစ်သူ ခင်ယုဆွေတို့ ရောက်ရှိလာသည်။

"မသေကောင်း မပျောက်ကောင်း သမီးရယ်"

"အေးဟယ်. . . နင် အင်မတန် ကံကောင်းတာပဲ"


www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်း ခင်ယုဆွေက သူမလက်ကလေးကို ဆုပ်နယ်ပေးနေလေသည်။

"မိုးလေဝသက သတင်းကြေညာသေးတယ်ဆို"

"ဟုတ်တယ်. . . ကြေညာတာပေါ့"

"မိကေသီ. . . နင်က ဘယ်ကိုရောက်ပြီး ဘယ်က ပြန်လာလို့ မုန်တိုင်းမိတာလဲဟင်"

ခင်ယုဆွေက နားမလည်သလို မေးမြန်းနေသဖြင့် ကေသီဝမ်းက ဖခင်အား မျက်လုံးဝင့်ကြည့်လိုက်သည်။

ဖခင်က သေချာပြန် သမီးဖြစ်သူအား ကြင်နာစွာ ငေးကြည့်နေသည်။

"ကေသီနဲ့ယု ဆိပ်ကမ်းမှာ ချိန်းထားတဲ့မနက်က ယုကို စောင့်နေရင်း သူငယ်ချင်းတစ်ယောက်နဲ့ တွေ့တယ်၊ သူတို့ရွာကို အတင်းခေါ်လို့ မငြင်းသာဘဲ ပါသွားရတာ"

"ဟွန်း. . . သူ့ကိုယ်သူ ယောကျ်ားလေး ကျနေတာပဲ၊ ဒီမှာဖြင့် အန်ကယ်ရော ယုရော တစ်မြို့လုံး ရှာလိုက်ရတာ နံ့နေတာပဲ၊ သိပ်ဆိုးတဲ့ မိကေသီပဲ၊ လိုက်မယ်ဆိုလည်း အကြောင်းလေးဘာလေး ကြားသွားရောပေါ့"

ခင်ယုဆွေက ကေသီဝမ်းအား မျက်စောင်းထိုးကာ စကားနာထိုးသည်။

ဦးဝမ်းမောင်ကတော့ ကုလားထိုင်တစ်လုံး ဝင်ထိုင်ရင်း ခွင့်လွှတ်မှုနှင့် ပြုံးနေရှာသည်။

"ယုကို စောင့်နေတာပဲလေ၊ ကေသီက ဒေသန္တရဗဟုသုတ ရဖို့ပါ တစ်ခါမှလည်း မရောက်ဖူးသေးတာနဲ့ ယုက ချိန်းထားတဲ့အချိန် မရောက်လာတော့ မသွားဖြစ်ဘူးထင်ပြီး သေသေချာချာ သွားဖြစ်တဲ့ သူငယ်ချင်းနဲ့ လိုက်သွားတာပေါ့၊ ဟင်း. . . ဟင်း. . . ဟင်း"

"အိုး. . . ဒါကြောင့်မို့ ယု ငှားထားတဲ့ ငွေငန်းဖြူပဲ့ထောင်မှာ ထိုင်စောင့်နေပါလို့ ပြောသားပဲ"

"နင့်ပဲ့ထောင် ရှာမတွေ့ပါဘူးဟယ်"

"ပြင်ခရိုင်ရွာကိုပါ"

"ပြန်လာတော့ရော ပါဆင်ဂျာသင်္ဘောနဲ့ မဟုတ်ဘူး ထင်တယ်"

"အဲဒီသင်္ဘော မထွက်ဘူး"

သူငယ်ချင်းနှစ်ဦးကို ကြည်နူးစွာဖြင့် ဦးဝမ်းမောင် ထိုင်ကြည့်နေသည်။

"သူငယ်ချင်းက သူ့ပဲ့ထောင်နဲ့ လိုက်ပို့တာပါ"

"ယောကျ်ားလေးလားဟယ်"

ခင်ယုဆွေက ကျီစယ်လျက် မေးပြီး ရယ်နေလေသည်။

"မဟုတ်ပါဘူး. . . မိန်းကလေးပါ၊ ဆရာမတစ်


www.burmeseclassic.com

www.burmeseclassic.com

ယောက်ပါ”

“ဘယ်သူများလဲဟ. . . ငါများ သိနေမလား၊ နှင့်သူငယ်ချင်းက. . ဘာ. . ”

“နော်အဲလာလို့ ခေါ်တယ်”

ကေသီဝမ်းက ပြောရင်း မျက်ရည်လည်လာသဖြင့် မျက်စောင်းဖြင့် ပုတ်ခတ်ပုတ်ခတ် လုပ်လိုက်ရသည်။

“ဟင်. . . ဒီနာမည် မကြားဖူးပါဘူး၊ ဟို second year တုန်းက နော်ကူးမပဲ ရှိပါတယ်”

“သူ့ကို နင်မသိပါဘူး၊ သူက တက္ကသိုလ်က မဟုတ်ဘူး၊ ဒါပေမယ့် သိပ်ရိုးတယ်၊ အရမ်းလည်း ခင်ဖို့ကောင်းတယ်”

“သူရော အသက်ရှင်လား”

“သူ. . သူ. . မုန်တိုင်းနဲ့ ပါသွားတယ် ယူရယ်”

ကေသီဝမ်းမှာ စိတ်မထိန်းနိုင်တော့ဘဲ ခင်ယုဆွေကို ဖက်လျက် ငိုရှိုက်နေမိသည်။ သူ့မှာ နော်အဲလာ ပေးသော အသက်သာ ရှိတော့သည်။

“အို. . . စိတ်မကောင်းလိုက်တာဟယ်”

ခင်ယုဆွေကလည်း ဝမ်းနည်းစကား ဆိုပြီး ကေသီဝမ်းအား ဖျောင်းဖျ၏။

“သူက. . သူက ကေသီ့ကို အသက်စွန့် ကယ်သွား





တာလေ၊ မုန်တိုင်းကြားထဲမှာ ရေမကူးတတ်တဲ့ ငါ့ကို ရေထဲမနစ်အောင် ဆံပင်ကို ဆွဲပြီး ကူးခတ်ရုန်းကန်နေရရှာတာ ယူရယ်”

“ဩော်. . . မင်းကျတော့ အသက်ရှင်ပြီး သူက ဘယ်လိုဖြစ်လို့ ဆုံးသွားတာလဲ”

“ကယ်ဆယ်တဲ့သူတွေ ရောက်လာတော့ သူတို့က ငါ့ကို အရင်ကယ်တယ်၊ ငါက ရေမကူးတတ်ဘူး၊ ရေမွန်းပြီး သတိလစ်နေတာ သိလို့ ဦးစားပေး ကယ်တင်ကူညီလိုက်တာ၊ သူ့ကို ဆယ်တင်ဖို့ကျတော့ သူလည်း လက်ပန်းကျပြီး စိတ်လျှော့လိုက်တာလား မသိဘူး. . . ရှာလို့မတွေ့တော့ဘူး”

“ဟယ်. . . စိတ်မကောင်းစရာဟယ်”

“သိပ်ကို သတ္တိရှိတဲ့မိန်းမပဲ ယူရယ်၊ မုန်တိုင်းထဲ ကြောက်လန့်ပြီး ငိုနေတဲ့ ငါ့ကိုလဲ အားပေးတယ်၊ ချော့ရှာတယ်၊ လှေကိုလည်း ထိန်းနေရတယ်၊ ငါ့အတွက်လည်း စိုးရိမ်နေတယ်၊ ပြီးတော့ ငါ အသက်ရှင်ဖို့ သူ့အသက်နဲ့ လဲပေးသွားရှာတယ်၊ ဘယ်လောက် ရင်နာစရာ ကောင်းလိုက်လဲ”

“အေးပေါ့ဟယ်. . . ကိုယ့်အသက်သခင် ကျေးဇူးရှင် တစ်ဦး အသက်ဆုံးသွားတာဆိုတော့ ဝမ်းနည်းစရာပေါ့၊ ငါတောင် နင် ပြောတာနဲ့တင် သူ့အတွက် စိတ်မကောင်းဖြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းလာပြီ၊ နင်တို့က အသက်လုလာရတဲ့သူဆိုတော့ ပိုဆိုးမှာပေါ့ဟယ်. . . ဟင့်"

ဦးဝမ်းမောင် မနေနိုင်တော့ပါ၊ ထိုင်နေရာမှ ထလာပြီး ချော့မော့ရတော့သည်။

"ကဲပါကွယ်. . . တိတ်ကြပါ၊ အဖေလည်း သမီးအသက်ကို ကယ်ရင်း ဖြစ်သွားတာဆိုတော့ ရင်ထဲ ဘယ်ကောင်းပါ့မလဲ၊ သူ့ကံကိုက ရေနဲ့သေဖို့ ပါလာတာကိုး၊ ရေကူးကျွမ်းကျင်ရက်နဲ့ ရေနစ်သေဆုံးရတယ်၊ မသေချင်တဲ့သူကျတော့လည်း ရေမကူးတတ်ပေမယ့် အသက်ရှင်ရတယ် မဟုတ်လား၊ ဒါတွေက ဘဝကံကြမ္မာတွေပဲ၊ သမီးတို့ တရားနဲ့သာ ဖြေကွယ်"

ထိုစဉ် အခန်းထဲသို့ ဧည့်သည်များ ဝင်ရောက်လာကြသည်။

"ဟင်. . . ကိုရှင်းသန့်"

"အို. . . အစ်မမိသန်းနုတို့ လင်မယားလဲ ပါတယ်"

သူမက ဝမ်းသာအားရ နှုတ်ဆက်လေသည်။

"ကျွန်တော်လည်း ပါတယ်ဗျ"

"အော်. . . စောအောင်ဘုလဲ ပါလာတာကိုး"

အခန်းထဲ၌ ဧည့်သည်များနှင့် ပြည့်နှက်သွားသည်။ ရှင်းသန့်က ခင်ယုဆွေကို တွေ့ရှိလိုက်သဖြင့် နှုတ်





ဆက်လိုက်သည်။

"မခင်ယုဆွေလည်း ရောက်နေတာကိုး"

"ဟုတ်ကဲ့. . . ကိုရှင်းသန့်ကရော မကေသီ ရေနစ်တာ ဘယ်လိုသိသလဲ၊ မီဒီယာ ကောင်းလှချေလား၊ ဟင်း. . . ဟင်း"

ကေသီဝမ်းသည် သူငယ်ချင်း ခင်ယုဆွေနှင့် ကိုရှင်းသန့်ကို ရင်းနှီးခင်မင်နေကြသည့်အသွင်နှင့် ပြောဆိုနေကြသည်ကို အံ့ဩစွာ ငေးကြည့်နေရာမှ မေးမြန်းလိုက်မိသည်။

"ဟဲ့. . . ယု၊ နင်နဲ့ကိုရှင်းသန့် ဘယ်လိုလုပ် သိသလဲ ဟင်"

"ငါ့ခြံဝမှာ နင်တို့ ဆုံတုန်းက ငါ မိတ်ဆက်မပေးပါဘူးဟာ"

"ဟင်း. . ဟင်း. . . နင် မိတ်ဆက်မပေးပေမယ့် ကိုရှင်းသန့်လို ပုဂ္ဂိုလ်ကြီး အလုပ်ကြီး အကိုင်ကြီးသမား လုပ်ငန်းရှင် သူဌေးတစ်ဦးပဲကွ၊ စီးပွားရေးလောကမှာ တွေ့ကြတာပေါ့၊ ဟဲ. . . ဟဲ"

ခင်ယုဆွေက မပီကလာ ပီကလာနှင့် နောက်ပြောင်ပြောလိုက်ရာ အန်ကယ်ဦးဝင်းမောင် အပါအဝင် ဧည့်သည်တွေကလည်း ပြုံးရယ်ကြလေသည်။

"ကိုရှင်းသန့်က ငါ ငါးခြောက်ကိစ္စ သွားပြောတဲ့



www.burmeseclassic.com

www.burmeseclassic.com

ကျောက်ကလပ်က "ရှင်မင်း ငါးခြောက်လုပ်ငန်း" ပိုင်ရှင်တစ်ဦးပေါ့၊ ငါတို့ပွဲရုံက ငါးခြောက်တွေက သူ့ကုန်တွေပေါ့"

"နင်. . . နင်. . . ကျောက်ကလပ်က သူဌေးဆီ သွားမယ်ဆိုတာ ကိုရှင်းသန့်ကို ပြောတာလားဟင်"

"အေးလေ. . . နင်နဲ့ ချိန်းပြီး ကျောက်ကလပ်ကို သွားဖို့ဆိုတာ အဲဒီကိုပေါ့၊ နင်က ငါနဲ့ မလိုက်ဘဲ ဘယ်သူငယ်ချင်းနဲ့ လျှောက်လိုက်သွားမှန်း မသိဘူး၊ ခုတော့ မဖြစ်သင့်တာတွေ လျှောက်ဖြစ်ကုန်တော့တာပေါ့"

ရှင်းသန့်က ဦးဝမ်းမောင်အား လှမ်းကြည့်လိုက်သည်။ ဦးဝမ်းမောင်က ခေါင်းညိတ်ပြုံးနေပြီး ကေသီဝမ်းက မျက်နှာပျက်နေရှာသည်။

"အခု ကိုရှင်းသန့်တို့က ကျွန်မကို လာကြည့်တာလားဟင်"

"ဆိုပါတော့ မကေသီရယ်၊ ပြီးတော့ နော်အဲလာရဲ့ အလောင်းလည်း ရှာတွေ့ပြီး ဆေးရုံရောက်နေပြီဆိုလို့ လာကြတာပါ"

"ဟုတ်တယ် ညီမလေး၊ ဆရာမလေးရဲ့အလောင်းကို ရှာတွေ့သွားပြီ၊ စိတ်မကောင်းစရာတွေပဲကွယ်၊ ညီမလေးတောင် သေကံမရောက်လို့ ကံကြီးပေလို့သာ၊ နော်အဲလာနဲ့ ကိုရှင်းသန့်ကြောင့် ညီမလေး မကေသီ အသက်ရှင်ခွင့်ရတာ"





"ဟုတ်တကဲ့ အစ်မ မိသန်းနု"

မိသန်းနုက ဝင်ရှင်းပြလေသည်။

"အဲဒီနေ့က ကိုရှင်းသန့် ရောက်လာပြီး မိုးလေဝသဌာနက ကြေညာချက် ကြားလို့ဆိုပြီး ကျွန်းကို စောစောပြန်လာခဲ့တာ၊ မကေသီနဲ့ နော်အဲလာတို့ ပွဲထောင်နဲ့ ထွက်သွားကြပြီဆိုတာနဲ့ ချက်ချင်းလိုက်သွားလို့သာပေါ့၊ နို့ဖြင့် နော်အဲလာနဲ့အတူ ညီမလည်း ရေအောက်ရောက်နေပြီ"

ကေသီဝမ်း မျက်နှာ အောက်သို့ ငုံ့ထားလေသည်။

ခင်ယုဆွေက တစခန်း ထပြန်သည်။

"ကြည့်စမ်း. . . အန်ကယ်နဲ့ မိကေသီတို့က ကိုရှင်းသန့်ဆီ သွားတာကို ကျွန်မကို မပြောဘဲ ဝှေ့လည်လည် လုပ်နေတာပဲ၊ နောက်ပြီး သူ့ကို ကယ်တာ ဆရာမလေး နော်အဲလာကိုသာ ပြောပြီး ကိုရှင်းသန့်ကိုတော့ ချန်ထားတယ်၊ အဲဒါ ဘာသဘောလဲ အန်ကယ်. . . ပြောပြပါအုံး"

ဦးဝမ်းမောင်က ပြုံးလိုက်ပြီး ခေါင်းညိတ်လိုက်သည်။

"အန်ကယ် သမီးပြောတာတွေအားလုံး သဘောပေါက်တယ်၊ သမီးတို့ချင်း ပြောနေတာလဲ အန်ကယ် ကြားတာပဲ၊ တူမနဲ့ ပေးလိုက်တဲ့ မောင်ရှင်းသန့်ရဲ့စာ အန်ကယ် ဖတ်ကတည်းက သမီး ဘယ်မှာရှိတယ်ဆိုတာ သိပြီးသားကွဲ့၊ အဲဒါကြောင့်လည်း အန်ကယ် စိတ်ချလက်ချနဲ့ နေတာပေါ့ကွယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါကို သမီးက မောင်ရှင်းသန့်ကို ကာကွယ်လိုတဲ့စိတ်နဲ့ အန်ကယ်က မောင်ရှင်းသန့်အပေါ် ဒေါသဖြစ်ပြီး တိုင်လားတောလား လုပ်မှာ စိုးရိမ်ပြီး လမ်းကြောင်းပြောင်းလိုက်တာလေ၊ ဟုတ်တယ်မဟုတ်လား သမီး"

"ဟုတ်. . . ဟုတ်ပါတယ် ဖေဖေ"

"အေး. . . ဖေဖေက မောင်ရှင်းသန့်လို ပုဂ္ဂိုလ်မျိုးရဲ့ အကျင့်သိက္ခာကို ယုံကြည်ပြီးသားကွဲ့၊ သူ့အဖေက ဖေဖေနဲ့ နှစ်ပေါင်းများစွာ ပေါင်းသင်းခဲ့တဲ့ ငယ်သူငယ်ချင်းတွေပဲ သမီးရယ်၊ သူ့အဖေရုပ်နဲ့ ဒီလောက်တူလှတဲ့သားပဲ၊ စိတ်လည်း ထပ်တူရှိမယ်ဆိုတာ ဖေဖေယုံပြီးသား၊ ဘာဖြစ်လို့လဲဆိုတော့ ဖေဖေကိုယ်တိုင်က မောင်ရှင်းသန့်ဖခင်ရဲ့ ကယ်တင်မှုနဲ့ အသက်ရှင်နေရတယ်လို့ ပြောရင်လည်း ရတယ်၊ ဒါကြောင့် မို့လို့ သူနဲ့ စတွေ့တဲ့နေ့မှာပဲ လိုတဲ့အကူအညီ ရှိရင် အချိန်မရွေး ပြောပါလို့ ဖေဖေကိုယ်တိုင် ဖိတ်ကြားခဲ့တာလေ"

"မောင်ရှင်းသန့် လာတော့လဲ သမီးက ဖေဖေရှိရာနဲ့ မရှိဘူးလို့ ပြောပြီး ခွေးနဲ့ ရှူးတိုက်ခဲ့တာတွေကိုလဲ ဖေဖေ သိနေခဲ့တာပဲ၊ အဲဒါဟာ ဘာဖြစ်လို့လဲဆိုတော့ သမီးက မောင်ရှင်းသန့်ကို မမြင်လို မတွေ့လိုဘူး၊ ဘာဖြစ်လို့လဲ မေးရင် အကြောင်းပြချက် မရှိဘူး"

"တစ်ခုပဲ ရှိတယ်၊ မောင်ရှင်းသန့်ရဲ့ပြောဆိုသမှု





အရေးမစိုက်တာတွေကို မခံချင် ဖြစ်နေတာဘဲ ရှိတယ်၊ နောက်တစ်ချက်ကလည်း မောင်ရှင်းသန့်ရဲ့ သမီးအပေါ် အရေးမပေးမှုတွေကို မခံချင်စိတ်နဲ့ ရင်ခုန်နေတယ်၊ ဟဲ. . ဟဲ. . . ဒါကြောင့်မို့ အပျိုကြီး လုပ်လိုတဲ့သမီးက ထိတ်လန့်ပြီး အနားမှာ မရှိအောင် မောင်းထုတ်နေတာပဲကွ၊ ဟား. . ဟား. . ဟား"

ရှေးဟောင်းနှောင်းဖြစ်များကို ဒလစပ် ပြောနေသော ဦးဝမ်းမောင်က စကားအဆုံး၌ ရယ်မောလိုက်လေသည်။

ကေသီဝမ်းက ဖခင်စကားများကြောင့် မျက်နှာကို အောက်သို့ ငုံ့ထားရှာလေသည်။

"ဟုတ်တယ် မဟုတ်လား၊ သမီးက ဖေဖေ့သမီးပဲ ကွာ၊ ဖေဖေနဲ့ တူမှာပေါ့၊ ဖေဖေတောင် မောင်ရှင်းသန့်ရဲ့ အရည်အချင်းတွေကို ကြိုက်နှစ်သက်နေတဲ့ဥစ္စာ၊ သမီးကလည်း မောင်ရှင်းသန့်ရဲ့ Style တွေ၊ အပြုအမူတွေ၊ တစ်ဖက်သားအပေါ် ထားတဲ့ ကတိသစ္စာတွေကို ကြိုက်မှာပေါ့၊ မှန်မှန်ပြောစမ်း သမီး"

"အိုး. . . ဖေဖေကလဲ၊ လူတွေရှေ့မှာ"

ထိုအခါ ခင်ယုဆွေက မျက်နှာတည်တည်နှင့် ဦးဝမ်းမောင်အား သူငယ်ချင်း ကေသီဘက်မှ ရှေ့နေလုပ်ပြီး ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်လေသည်။

"အန်ကယ်ကလည်း. . . သမီးရှင် မပီသလိုက်တာ ကိုယ့်သမီးရဲ့သိက္ခာကို ချနေသလိုပဲ၊ ကာယကံရှင် အမျိုး သားရဲ့ရှေ့မှာ ကြိုက်နှစ်သက်ကြောင်း အားပေးနေသလိုပဲ ဘာလဲ. . . ကိုရှင်းသန့်က အရည်အချင်းရှိပြီး ငွေကြေး ကြွယ်ဝတာနဲ့ အနာဂတ် အာမခံချက် ရှိတဲ့ ယောက်ျားလေး ဆိုပြီး စနေသလို ဖြစ်မနေဘူးလား၊ ကျွန်မသူငယ်ချင်းကို ယောက်ျားလေးက မစဘဲ ဦးက စပြီး လူ့ရှေ့သူ့ရှေ့မှာ ဝန်ခံ ခိုင်းနေရတယ်လို့"

"ဟဲ. . ဟဲ. . ဟဲ. . ဟဲ"

ခင်ယုဆွေစကားကြောင့် ဦးဝမ်းမောင်က ရှက်ရယ် ရယ်မောပြီး. . .

"ဒါက တူမ ထင်နေတာကိုး၊ မောင်ရှင်းသန့်က ဘယ် လောက် လူကြီးလူကောင်းဆန်သလဲဆိုတာ မသိလို့ပါ၊ ငါ့ တူမ ယူလာပေးတဲ့စာထဲမှာ မောင်ရှင်းသန့်က သူ သမီးကို နှစ်နှစ်ကာကာ ချစ်နေမိကြောင်း ဝန်ခံပြီးသားကွယ့်၊ ဒါ ကြောင့် အန်ကယ်လည်း ပြောရဲဆိုရဲတာပေါ့"

"ရှင်. . ."

သည်တစ်ခါတော့ ကေသီဝမ်းထံမှ အာမေဋိတ်သံ ထွက်ပေါ်လာကာ မျက်နှာမှာလည်း ရှက်စနိုးနဲ့ ဝင်းထိန်သွား





လေသည်။

"လက်ထပ်ခွင့်ပြုပါလို့ တောင်းခံထားတဲ့အပြင် လူငယ်ချင်း နီးစပ်အောင် တစ်ယောက်အကြောင်း တစ် ယောက် လေ့လာလို့ရအောင် အချိန်ပေးပါလို့ မေတ္တာရပ်ခံ ထားတယ်၊ သူ့ကို သမီးက အကဲခတ်ခွင့် ရအောင်လို့ပဲ။ သမီးကေသီက မနှစ်သက်ဘဲ လူကြီးသဘောကျရုံနဲ့ ယူရတဲ့ အိမ်ထောင်ရေးကို သူလည်း လက်မခံကြောင်း တင်ပြထား တယ်၊ ဟော. . . ခုတော့ သမီးကိုယ်တိုင် သူ့ကို သဘောကျ နေပြီဆိုတော့ ဘာလိုသေးလို့လဲကွယ်"

"လက်ထပ်ပေးဖို့ လိုတာပေါ့ ဦးရ"

စောအောင်ဘုက ဝင်ပြောလိုက်သည်။

"အေး. . . စောအောင်ဘု ပြောတာ မှန်တယ်၊ ဦးက လက်ထပ်ပေးရုံတင် မကဘူး၊ မင်းဆရာနဲ့ ဦးသမီးကို မင်္ဂလာ တောင် ဆောင်ပေးအုံးမှာ. . . မစိုးရိမ်ပါနဲ့"

"ကျေးဇူးပါပဲ ဦးရယ်၊ အဲဒါမှ ကျွန်တော်တို့ရဲ့ကျွန်းကို ကေသီရှင်းသန့်ကျွန်းလို့ အမည်ပေးလို့ရပြီ၊ အခုထိ အမည် မပေးရသေးဘူး၊ ခုမှ အမည်ရတော့တယ်"

ခင်ယုဆွေက သူငယ်ချင်း ကေသီ၏လက်ဖျားများကို ကြင်နာစွာ ဆုပ်နယ်ရင်း ကျီစယ်လိုက်ပြန်သည်။ အနုတိုး ညင်သာသောလေသံနှင့်. . .



www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်း. . . မင်းကို ကိုယ်တွေ့တုန်းက ပြောဖူးတယ်လေ၊ နင် သူ့ကို မြင်မြင်ချင်း ကြွေသွားပြီလားလို့ ဆိုတာလေ၊ ဟင်း. . ဟင်း. . ဟင်း"

"ဒါကတော့ အဲ့ဒီအချိန်တုန်းက"

"ခု အဲ့ဒီမေးခွန်းကို ဖြေပါဦးဟာ"

"အို. . . ခုတော့ အသက်သခင် ကျေးဇူးရှင်ဆိုတော့ ကြွေပါတယ်လို့ ဖြေပေးပါ့မယ်"

သူတို့သူငယ်ချင်းနှစ်ယောက် တီးတိုးဆိုနေကြစဉ် ဦးဝမ်းမောင်နှင့် ရှင်းသန့်တို့လူစုက စကားပြောဆိုနေကြသည်။ ပြီးနောက်. . .

"ကဲ. . . ဟိုနှစ်ယောက် ဘာတွေ တွတ်ထိုးနေကြတာလဲကွယ်"

ဦးဝမ်းမောင်က မေးမြန်းလိုက်ရာ ခင်ယုဆွေက စပ်ဖြီးဖြီးနှင့်. . .

"ဘာမှ မဟုတ်ပါဘူး ဦးရယ်၊ ဟိုတယ်နဲ့ ဘုန်းကြီးကျောင်း ဘယ်မှာ လုပ်ချင်သလဲလို့ မေးနေတာပါ"

"ဘာလုပ်ဖို့လဲ"

"အန်ကယ်ပဲ မင်္ဂလာဆည့်ခံပွဲ လုပ်ပေးမယ်ဆို"

"ဟ. . . မြန်လှချေလားကွ၊ မင်္ဂလာဆည့်ခံပွဲက နောက်၊ လက်ထပ်တာက အရင်လုပ်စမ်းပါ၊ တစ်ခုပြီးမှ တစ်ခု





ပေါ့"

"အလကားပါ ဖေဖေရယ်၊ သူနောက်နေတာပါ"

သူမက ရှက်ကိုးရှက်ကန်းနဲ့ ငြင်းဆိုလိုက်လေသည်။

"ကဲ. . . လာတော့၊ ဆရာမလေးအလောင်းကို သွားကြည့်ကြရအောင်"

"ဖေဖေ. . . သမီးလည်း လိုက်လို့ရမလားဟင်"

"ဟ. . . သမီးက စိတ်ဆင်းရဲနေပါဦးမယ်၊ ဒီမှာ နေခဲ့စမ်းပါကွယ်၊ ကဲ. . . မောင်ရှင်းသန့်က သမီးကို နှစ်သိမ့်ပေးထားစမ်းပါကွာ"

"ဟုတ်ကဲ့ပါ အန်ကယ်"

နော်အဲလာအကြောင်း ရင်တွင်း ဝင်ရောက်လာသည်နှင့် ကြည်နူးမှုတို့က ကေသီဝမ်း ရင်ထဲမှ တဒင်္ဂအတွင်း လွင့်ပျောက်သွားလေသည်။ မျက်ရည်များ ရစ်ဝဲလာသည်။

"ဆရာမလေး အဲလာရယ်"



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၅)

“အန်ကယ်က သိပ်ခေတ်မီတာပဲနော်”

ရှင်းသန့်သည် ယောက္ခမလောင်းကြီးက သူနှင့် ကေသီဝမ်းတို့အား အခန်းထဲ နှစ်ဦးတည်း ကျန်ရစ်အောင် တမင်ရှောင်ထွက်သွားသည်ကို သဘောပေါက်ပြီး ကျေနပ်စွာ ပြောလိုက်သည်။

“ဖေဖေက ခေတ်မီသလို ဖြစ်နေပေမယ့် သမီးကို





တော့ ယုပြောသလို ထောက်ဖြုတ်သလို ဖြစ်နေတာပေါ့”

ကေသီဝမ်းက မျက်လုံးထောင့်ကပ်ရင်း တုန့်ပြန်လိုက်သည်။

“အို . . ဒီက စာနဲ့ မျက်နှာပြောင်တိုက်ပြီး ယောက္ခမကြီးဆီကို သမီးရည်းစားစာ ပေးပို့တာကိုတော့ မပြောဘူးလား”

“အဲဒါက ဘယ်သူမှ သိတာ မဟုတ်ဘူးလေ၊ ကျွန်မမှာတော့ လူတွေရှေ့မှာလေ”

“ထားပါ . . ခုမှ ထောက်ဖြုတ်တာ ထောက်မဖြုတ်တာတွေ ပြောမနေပါနဲ့တော့၊ စတွေ့ထဲက ကိုယ်တို့တွေ ရန်ဖြစ်နေတာကို လူတွေက ယုံတယ် ထင်လို့လား”

“မယုံရအောင် ကျွန်မတို့ကရော တကယ်ရန်ဖြစ်တာ မဟုတ်ဘူးလားလို့”

“ကိုယ်ကတော့ မဟုတ်ဘူး၊ ဒါကြောင့် တောသူ အရိုးခံ အစ်မ မိသန်းနုတို့ လင်မယားတောင် ကိုယ့်ကို မယုံကြဘူး၊ နောက်နေကြတယ် . . . သိလား”

“ဘယ်လိုနောက်ကြတာလဲဟင်”

“ဆရာ့ပါးစပ်ကသာ ဘာညာဘာညာ ဘုကလန့်ပြောနေတာ၊ ဆရာ့မျက်လုံးတွေက မကေသီအပေါ် အကြင်နာရိပ်တွေ ထင်နေတာတဲ့”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"ဟင်. . . မကေသီလဲ သိတယ်ဟုတ်လား"

"သိတာပေါ့. . . ရှင်က ချစ်ဖူးလို့လား၊ မချစ်ဖူးဘဲနဲ့ အချစ်တွေကို ဟန်ဆောင်ပြီး အမုန်းတွေ လုပ်ပေမယ့် မရဘူးလေ၊ အချစ်ရဲ့အပေါ်မှာ ဘာပဲဖုံးဖုံး ပေါ်နေတာပဲလေ"

"အင်း. . . ဖြစ်နိုင်တယ်၊ အဲဒါကြောင့် မကေသီက ချစ်ဖူးလို့ ဟန်ဆောင်ကောင်းတာလား"

"အိုး. . . ဘယ်မှာ ဟန်ဆောင်ကောင်းလို့လဲ၊ ဖေဖေတောင် ရိပ်မိတယ်၊ အပျိုကြီးတစ်ယောက်ရဲ့အသည်းနှလုံး ကြွေသွားမှာစိုးလို့"

အတိအလင်း ရင်မှ အုံ့ပုန်းအချစ်လေးများကို ဖွင့်ဟပြီးကြပြီဆိုတော့ ရှက်ရွံ့ဟန်ဆောင်ခြင်းတို့ မရှိကြတော့။

"ယောက္ခမကြီးကလဲ မဆိုးဘူးနော်၊ ပါးလိုက်တာမှ လှစ်နေတာပဲ၊ သူ့သမီး အပျိုကြီးဖြစ်သွားမှာစိုးလို့"

ထို့နောက် သူတို့နှစ်ယောက်သည် တစ်စုံတစ်ရာကို တွေးမိသွားပြီး တိတ်ဆိတ်ငြိမ်သက်သွားကြပြန်သည်။

"ဆရာမလေး နော်အဲလာ ဆုံးသွားတာကိုတော့ တကယ်ယူကျုံးမရ နှမြောတယ်၊ အရမ်းလည်းစိတ်မကောင်းဖြစ်မိတယ် ကေသီရယ်"

"ဟုတ်တယ်နော်. . . ကေသီလည်း အဲဒီသေမင်း





တမန်လက်ထဲက ရုန်းထွက်ခဲ့ရတဲ့အဖြစ်တွေရယ်၊ ဆရာမလေး နော်အဲလာရယ်ကို အသက်သခင် ကျေးဇူးရှင်အဖြစ် သေသည်အထိ မေ့မှာ မဟုတ်တော့ဘူး သိလား"

"တကယ်တော့ နော်အဲလာက တကယ် သနားစရာကောင်းလှပါတယ်"

"ဒါပေါ့. . . သနားစရာကောင်းတာပေါ့"

"မဟုတ်ဘူး. . . ကေသီ သိတဲ့ သနားစရာကောင်းတာက တစ်မျိုးလေ၊ တကယ်က သူက ကိုယ့်ကို ကြိုက်နေတယ်လို့ အစ်မ မိသန်းနုတို့ လင်မယားက ပြောတယ်၊ ကိုယ်နဲ့ ကေသီ ဒီကျွန်းမှာ အနေကြာသွားရင် နီးစပ်သွားနိုင်တယ်လို့ သူ တွေးမိပါလိမ့်မယ်၊ အစ်မမိသန်းနုက ကိုယ်နဲ့ကေသီ အကြောင်းလဲ ပြောပြလိုက်ရော ဟန်မဆောင်နိုင်အောင် ဖြစ်ပြီး ကေသီ့ဆီ ပြေးတော့တာပဲ၊ ပြန်တွေးကြည့်ရင် ဟုတ်သလိုလိုပဲလေ"

"သူ ဒီကလေးတွေကို စာလာသင်ပေးနေတာကလည်း ကိုယ့်ရဲ့ဆန္ဒကို ဖြည့်ဆည်းတဲ့သဘော၊ လခလည်း မယူဘူး၊ အပင်ပန်းခံပြီး ကျွန်းမှာ ကလေးတွေကို စာလာသင်ပေးနေတာပဲလေ"

ကေသီဝမ်း ဒါတွေကို လက်မခံချင် မကြားချင်တော့ပါ။ ရင်မှာ နာကျင်လာသည်မို့. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်. . . ကိုကရော"

"ကိုယ်လဲ ကေသီရဲ့အသက်သခင် ကျေးဇူးရှင်တစ်ဦး ပါပဲ၊ ဒါကြောင့်လည်း တစ်သက်လုံး စောင့်ရှောက်မယ့် ဘဝ ကြင်ဖော်အဖြစ် ရာထူးပေးလိုက်တာပေါ့. . . ကျေနပ်ပြီ လား"

ရှင်းသန့်က ကေသီဝမ်း၏လက်ဖဝါးဖောင်းဖောင်း လေးကို ဆုပ်ကိုင်လိုက်မိသည်။

"ဟင်. . . အေးစက်နေပါလား"

"ဟုတ်တယ်. . . ကိုယ်နဲ့ တွေ့ဆုံလိုက်တိုင်း သတိ ထားမိတယ်. . . အမြဲပဲ၊ ဟိုတစ်ခါ ပွဲထောင်မှာ ကျတုန်းက လည်း တစ်ကိုယ်လုံး အေးသွားတာပဲ သိလား"

"ဘာဖြစ်လို့လဲဟင်"

"ကိုယ့်ကို ကြောက်လို့ နေမှာပေါ့"

"ဟင့်အင်း. . . ကိုယ်ကတော့ အဲလို မထင်ဘူး"

"ဘယ်လိုထင်လို့လဲ"

"ချစ်လို့လေ. . . အေးခဲသည်အထိ ချစ်တယ်လို့ ထင်တယ်"

"ဟင်း. . . ဟင်း. . . ကိုက လိုရာဆွဲတွေးတတ်တဲ့ လိပ်ကြီးပဲ"

"ကမ္ဘာလှည့်ခဲ့တဲ့လူပဲ ကေသီရယ်. . . ကမ္ဘာလိပ်





ပေါ့၊ ဒါပေမယ့် နောက်ဆုံးတော့ မြန်မာပြည်ကလူဟာ မြန်မာလူမျိုးနဲ့ပဲ ဖူးစာဆုံရတာပေါ့"

"ဟား. . ဟား. . ဟား. . ဟား"

ထိုစဉ် ယောက္ခမကြီး ဦးဝမ်းမောင်၏ရယ်မောသံ ကြီး ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

သူတို့လူစုမှာ အခန်းထဲ ဝင်လာကြလေသည်။

ရှင်းသန့်က သူမလက်ဖဝါးလေးကို ကမန်းကတန်း လွှတ်လိုက်လေသည်။

"ဘာတွေများ ဖူးစာဆုံနေရတာလဲ မောင်ရှင်းသန့် ရယ်"

"ဪ. . . ဟိုဟာပါ"

"ဘာဟိုဟာလဲကွ"

"ဒီ. . . ဒီ. . ဒီလိုပါ"

"ဘာဒီလိုပါလဲ. . . လုပ်စမ်းပါဦး"

ကေသီဝမ်းက ရယ်မောရင်း ရှင်းသန့်ကို မျက်စောင်း ထိုးလျက်. . .

"ကမ္ဘာလှည့်လာတာပါဆို. . . ဟွန်း"

"ကမ္ဘာလှည့်တဲ့ တိုင်းပြည်တိုင်းမှာ ကိုယ့်ယောက္ခမ တွေမှ မရှိတာပဲ မကေသီရဲ့"

အခန်းထဲရှိ လူများက ဝိုင်းဝန်းရယ်မောလိုက်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ရှင်းသန့်က. . .

"ကဲ. . . ပြန်ကြစို့ ကိုမင်းသိုက်ထော်"

"သဘောပဲ မောင်ရှင်းသန့်"

BURMESE CLASSIC .com

"သမီးကရော"

"ဘာကိုလဲ ဖေဖေ"

"ဩော်. . . ဘယ်ကို ပြန်မှာလဲလို့"

ဦးဝမ်းမောင်က သမီးဖြစ်သူကို ကျီစယ်လိုက်သည်ကို သိကြသောကြောင့် ပြုံးကြသည်။

"အိမ်ကို ပြန်မှာလား၊ ကျွန်းကို ပြန်မှာလား"

"အိမ်လဲ ပြန်ချင်တယ်၊ ကျွန်းကိုလဲ လိုက်သွားချင်တယ် ဖေဖေ"

"ဟူး. . . အဲဒါတော့ ဖေဖေလည်း မတတ်နိုင်ဘူးကွယ်၊ သမီးကို နှစ်ကိုယ်ခွဲရတော့မှာပေါ့လေ"

"ကျွန်တော်ကတော့ တတ်နိုင်တယ် ဦးလေး"

"ဟော. . . စောအောင်ဘုက တတ်နိုင်တယ် ဆိုပါလား. . . ပြောစမ်းပါအုံး"

"အခု အစ်မ အိမ်ပြန်ချင်တယ်ဆိုတာက အိမ်ကို သတိရလို့ ဟုတ်ရဲ့လား. . . မှန်မှန်ပြောနော်"

"ဩော်. . . ကိုယ့်အဖေရဲ့အိမ်ကို သတိရလို့ပေါ့"

"စောအောင်ဘုရဲ့အိမ်က ဘာလုပ်ရမှာတုန်း"





"အဲဒါ ပြောတာပေါ့ဗျာ"

"လွယ်လွယ်လေးနဲ့ ခက်နေကြတယ်"

အခန်းထဲရှိ လူများက စောအောင်ဘု ရှင်းပြမည့်စကားကို နားစွင့်နေကြသည်။

"အစ်မ ကေသီက ဆရာနဲ့လည်း လိုက်ချင်တယ်၊ အဖေနဲ့လည်း မခွဲနိုင်ဘူးဆိုတော့ ဦးကိုယ်တိုင် ကျွန်တော်တို့ရဲ့ "ကေသီရှင်းသန့်ကျွန်း" ကို ရောက်ဖူးအောင် အလည်လိုက်ခဲ့လို့ရှိရင် ဒီအဖြေက ရှင်းသွားပြီပေါ့ ဦးရယ်. . . မဟုတ်ဘူးလား"

"အိမ်း. . . ကောင်းသားပဲကွ"

"မကောင်းဘူး"

ခင်ယုဆွေက ကန့်ကွက်သဖြင့် သူတို့က သူမအား လှည့်ကြည့်ကြသည်။

"ကျွန်မတစ်ယောက်တည်း ပုသိမ်မှာ ကျန်ရစ်ခဲ့မှာပေါ့"

"မကျန်ချင် လိုက်ခဲ့လေ၊ ငါးခြောက်ကုန်တွေ ထပ်ယူပေါ့"

"အိုကေ. . . လိုက်မယ်"

လောလောဆယ် အားလုံးက ထိုဆုံးဖြတ်ချက်ကို လက်ခံလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

သို့ဖြင့် ကေသီဝမ်းနဲ့ ရှင်းသန့်သည် ဆရာဝန်ကြီး ရုံးခန်းသို့ သွားကာ ဆေးရုံဆင်းလက်မှတ် ယူဆောင်ရန် အတူတွဲ ထွက်ခွာသွားကြလေတော့သည်။

လက်ချင်းကလည်း မြဲမြဲစွာ ဆုပ်ကိုင်ထားကြသည်။

"ကို. . ."

"အင်း. . . ပြောလေ ကေသီ"

"ကေသီတော့ ဆရာမလေး နော်အဲလာကို ဘယ်တော့မှ မေ့မှာမဟုတ်ဘူး"

ရှင်းသန့် တုန့်ပြန်မှုမပေး၊ တစ်ယောက်ဆို တစ်ယောက်သာ ချစ်တတ်သော သူ့အတွက် ကေသီဝမ်းကို မြင်စကတည်းက ရင်မှာ တွယ်ငြိသွားသည်ဖြစ်သည့်အတွက် နော်အဲလာ၏နှလုံးသားကို တွေ့မြင်လျက် ဥပေက္ခာပြုခဲ့သည်။

ပေးစရာနေရာမှ မရှိတော့တာ။

ယခုတော့ နော်အဲလာက သူ့နှလုံးသား အမြဲရှင်သန် လန်းဆန်းနေဖို့အတွက် ပေးဆပ်ခြင်းဖြင့် သူတို့တစ်သက် အမှတ်ရစေဖို့ ပြုမူသွားခဲ့သည်။

"ကို. . လို့ဆို"

သူ့လက်ကို ကေသီဝမ်းက လှုပ်ယမ်းလိုက်မှ သူ နော်အဲလာဆီ ပြန့်လွင့်သွားသောစိတ်ကို ပြန်ရုပ်သိမ်းယူလိုက်ရ





သည်။

"အင်း. . . ဘာလဲ ကေသီ"

"ဟင့်အင်း. . . ဘာမှ မဟုတ်တော့ဘူး၊ နောက်မှ ပြောမယ်"

အဲလာ အကြောင်းရင်းမှာ အမှတ်တရသာ ထား လိုက်တော့သည်။

ပါးစပ်က ဖွင့်ဟမနေတော့ဘူးဟု ကေသီဝမ်း ဆုံး ဖြတ်လိုက်သည်။

ထို့အတူ နော်အဲလာ ပေးသော သူ့အသက်ကိုလည်း တန်ဖိုးထားပြီး အဲလာကိုယ်စား အဲလာတပည့်လေးများ၏ ပညာရေးကိုလည်း ဆက်လက်တာဝန်ယူသွားမည့် အ ကြောင်းကို နောက်မှပဲ ပြောတော့မယ်ဟု. . .။

ယခုလောလောဆယ် ဆေးရုံဆင်းလက်မှတ် အရင် ယူရဦးမယ်။

ပြီးနောက် ဆရာမလေး နော်အဲလာ ဈာပန စီစဉ်ပေး ရဦးမည်။

ဆရာမလေး နော်အဲလာ ကောင်းရာဘုံဘဝသို့ ရောက်ရှိစေဖို့ကိုလည်း ဆုတောင်းပေးရင်း. . .

ကေသီဝမ်းရင်မှာ ဆို့နင့်လျက်။

သို့သော်. . .



www.burmeseclassic.com

www.burmeseclassic.com

ရှင်းသန့်၏မြဲမြံစွာ ဆုပ်ကိုင်ထားသောလက်မှတဆင့် စီးမျောလာသော ချစ်ခြင်းတို့ စီးဝင်လာမှုကြောင့် သူ့နှလုံးသားသည်လည်း တဒိတ်ဒိတ် ခုန်ရင်း . . ။

# ပါးလပ်ခင်ခင်


www.burmeseclassic.com